KELONG
KEHUA TECH
Online UPS
Sole Distributor: Golden Lion Wire Co., Ltd.

# The VOICE Daily

AIR KBZ
FLYING BEYOND EXPECTATIONS

Vol. 5 / No. 296 | Established in 2004 | ၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ( ၇ ) ရက်၊ (Friday, March 23, 2018)

## လွှတ်တော်ပွဲကိုင်သူ အသစ်

**ရန်ကုန်၊ မတ် ၂၂**

ယမန်နေ့က နုတ်ထွက်သွားသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နေရာတွင် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်ကို ရွေးချယ်တင်မြှောက်လိုက်သည်။

ဦးတီခွန်မြတ်နှင့်အပြိုင် အဆိုပြုခံရသူ ပျော်ဘွယ်မဲဆန္ဒနယ်မှ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေးမှာ ထောက်ခံမဲ ၁၄၃ မဲသာရရှိပြီး ဦးတီခွန်မြတ်မှာ ထောက်ခံမဲ ၂၈၀ ရရှိခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသစ်ဖြစ်လာသည့် ဦးတီခွန်မြတ်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်ခဲ့ပြီး သူရဦးရွှေမန်းကို ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌနေရာမှ ဖယ်ရှားလိုက်ပြီးနောက် ဦးတီခွန်မြတ်လည်း ဗဟိုကော်မတီဝင်အဖြစ်မှ ဖယ်ရှား စာ 2




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသစ်အဖြစ် ရွေးကောက်ခံရသည့် ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌသစ် ဦးထွန်းထွန်းဟိန်တို့ ပြည်သူ့လွှတ်တော်သဘာပတိရှေ့မှောက်၌ မတ်လ ၂၂ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုနေကြသည်ကို တွေ့ရစဉ်

## နိုင်ငံတော် သမ္မတလောင်းကို ယနေ့ ပြည်သူ့လွှတ်တော်၌ ရွေးမည်

**ရန်ကုန်၊ မတ် ၂၂**

ယနေ့ကျင်းပမည့် ပြည်သူ့လွှတ်တော်၌ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်သမ္မတလောင်းကို ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်က ထုတ်ပြန်ကြေညာထားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်ထားသည့်ပုဂ္ဂိုလ်ဖြစ်၍ ယင်းအစုအဖွဲ့ကပင် ဒုတိယသမ္မတလောင်းကို ရွေးချယ်ရမည်ဖြစ်သည်။

ရွေးကောက်ခံ ပြည်သူ့ စာ 3

## ရန်ကုန်သင်္ကြန် ရဲတပ်ဖွဲ့ဝင် လေးထောင်ကျော် လုံခြုံရေးယူမည်

စာ 2

## အိမ်သုံးလျှပ်စစ်မီတာ တပ်ဆင်သည့် နှုန်းထားများ ပြင်ဆင်သတ်မှတ်

**ရန်ကုန်၊ မတ် ၂၂**

ယခုနှစ်ဧပြီလ ၁ ရက်နေ့မှစ၍ ပြောင်းလဲကောက်ခံမည့် အိမ်သုံးမီတာ တပ်ဆင်ရာတွင် ကျေးလက်ဒေသသုံး၊ မြို့ငယ်သုံးနှင့် မြို့ကြီးသုံးဟု မီတာ အမျိုးအစားသုံးမျိုး သတ်မှတ်ထားပြီး ကျေးလက်ဒေသသုံး မီတာအမျိုးအစားကို ကျပ်လေးသောင်းခွဲ သတ်မှတ်ထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနထံမှ သိရသည်။

"လက်ရှိမှာ အိမ်သုံးမီတာ လျှောက်ရင် ကိုးသောင်းတန်ပဲရှိတယ်။ အခုထုတ်ပြန်လိုက်တာက မီးသုံးတဲ့သူတွေ စာ 2

## ရွှေ့နေဟောင်းဦးဇော်ဝင်းကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဖမ်းဆီး

**မန္တလေး၊ မတ် ၂၂**

ပြည်ကြီးတံခွန်မြို့နယ် တရားရုံးမှ မြို့နယ်တရားသူကြီးအမည်တပ်ထားသော ဆိုင်းဘုတ်ကို ဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သည့် တရားလွှတ်တော်ရှေ့နေဟောင်း ဦးဇော်ဝင်းကို နိုင်ငံတော်အကြည်ညို ပျက်စေမှုဖြင့် မတ်လ ၂၁ ရက်နေ့ညက ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ပြည်ကြီးတံခွန်မြို့နယ် စာ 10



ဓာတ်ပုံ – မောင်သန့်

## MyTel က ရန်ကုန်အပါအဝင် မြို့ကြီးများ၌ ဧပြီတွင် ဝန်ဆောင်မှုစမည်

စာ 7



The VOICE Daily
Friday, March 23, 2018



# ရန်ကုန်သင်္ကြန် ရဲတပ်ဖွဲ့ဝင် လေးထောင်ကျော် လုံခြုံရေးယူမည်

**ရန်ကုန်၊ မတ် ၂၂**

ရန်ကုန်သင်္ကြန်တွင် စီးပွားရေးမဏ္ဍပ်များပါဝင်လာခြင်းကြောင့် လုံခြုံရေးနှင့် စည်းကမ်းပိုင်းကို တင်းကျပ်မည်ဖြစ်ပြီး ရဲတပ်ဖွဲ့အင်အား လေးထောင်ကျော်ဖြင့် လုံခြုံရေးယူရန် စီစဉ်ထားကြောင်း ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ကော်မတီမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြို့နယ်အလိုက် သက်ဆိုင်ရာရဲတပ်ဖွဲ့တွေက လုံခြုံရေးလုပ်ငန်းတွေ ဆောင်ရွက်သွားမယ်။ လူစည်ကားတဲ့ မြို့နယ်တွေမှာ မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်ရအောင် တိုင်းရဲတပ်ဖွဲ့က လုံခြုံရေးတပ်ဖွဲ့ အကူတွေ ထပ်မံချထားပေးလိမ့်မယ်။ ဒါ့အပြင် ရန်ကုန်မှာရှိနေတဲ့ ရဲတပ်ရင်း ခုနစ်ခုကလည်း လိုအပ်တဲ့နေရာတွေမှာ လုံခြုံရေးလုပ်ငန်းစဉ်တွေ ပူးပေါင်းဆောင်ရွက်ပေးသွားမှာပါ။ ဒါတွေက နှစ်စဉ် လုပ်နေကျ လုံခြုံရေးလုပ်ငန်းစဉ်တွေပဲလေ။ ဒီနှစ်မှာတော့ ရန်ကုန်သင်္ကြန်က အရင်နှစ်ထက် ပိုစည်ကားအောင်လုပ် မယ်ဆိုတော့ လုံခြုံရေးလုပ်ငန်းပိုင်းကလည်း အရင်ကထက် ပိုပြီးတိုးချဲ့ဆောင်ရွက်သွားရလိမ့်မယ်" ဟု ရဲအရာရှိတစ်ဦးက ပြောသည်။

ယခုနှစ်သင်္ကြန်ပွဲတော်တွင် စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များပါ ဖွင့်လှစ်ခွင့်ကို အစိုးရက ခွင့်ပြုပေးခဲ့ပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်ပါ ပြုလုပ်သွားမည်ဖြစ်သောကြောင့် ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းစဉ်များကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားတစ်ထောင်ကျော်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

"မဟာဗန္ဓုလပန်းခြံနားမှာ လမ်းလျှောက်သင်္ကြန်ပွဲတော် ပြုလုပ်မယ်။ ဒါ့အပြင် နန်းတွင်းသင်္ကြန်၊ မြန်မာ့ရိုးရာသင်္ကြန်နဲ့ ခေတ်သစ်သင်္ကြန်ဆိုပြီးတော့ ခေတ်သုံးခေတ်သင်္ကြန်ပွဲတော်ကို ကျင်းပပေးလိမ့်မယ်။ အများပြည်သူ စိတ်အေးချမ်းသာ ရေကစားနိုင်ဖို့ နေရာအနှံ့မှာ လုံခြုံရေးအင်အားတွေ တိုးမြှင့်ချထားပေးထားမှာပါ" ဟု ရဲမှူး လှဝေက ပြောသည်။

ယခုနှစ် ရန်ကုန်သင်္ကြန်တွင် မဏ္ဍပ် ၉၅ ခု ခွင့်ပြုရန် လျာထားသည်ဟု ရန်ကုန်တိုင်းအစိုးရအဖွဲ့က သတင်းထုတ်ပြန်ထားပြီး ပြည်လမ်း၌ စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များ အဓိကပါဝင်လာမည်ဖြစ်ကြောင်း၊ အင်းလျားလမ်း၊ ကန်တော်ကြီးပတ်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတို့တွင် မဏ္ဍပ်ဆောက်လုပ်ခွင့် ကန့်သတ်ထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

"လောလောဆယ်လုံခြုံရေး အစီအမံတွေ ရေးဆွဲနေတယ်။ ဘယ်နေရာမှာ အဓိကလုံခြုံရေး ဘယ်လောက်နှုန်း ချမလဲဆိုတာ အသေးစိတ်စိစစ်နေတုန်းပဲ။ အဘက်ဘက်က မလစ်ဟင်းအောင် တင်းကျပ်ဆောင်ရွက်မှာပေါ့" ဟု အမှတ်(၂)လုံခြုံရေးကွပ်ကဲမှု အဖွဲ့မှူးရုံး၊ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး ဇော်သီဟက ဆိုသည်။

ယခုနှစ် ခွင့်ပြုရန် လျာထားသည့်စာရင်းအရ ဖျော်ဖြေရေးမဏ္ဍပ် ၃၅ ခုနှင့် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၆၀ ပါဝင်မည်ဖြစ်ပြီး အများပြည်သူ ထိတ်လန့်စေသော ကိစ္စရပ်များ မဖြစ်ပေါ်စေရန် လုံခြုံရေးအဆင့်အတန်း တင်းကျပ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် သင်္ကြန်မဏ္ဍပ်များအနေနှင့် တပ်ဆင်ထားသည့်လုံခြုံရေးကင်မရာ မှတ်တမ်းများကို လုံခြုံရေးကွပ်ကဲဆောင်ရွက်သော အဖွဲ့အစည်းများသို့ နေ့စဉ်ည ၇ နာရီနောက်ဆုံးထား၍ မဏ္ဍပ်တာဝန်ခံက လာရောက်ပေးပို့ရမည်ဖြစ်ကြောင်း အမှတ် (၂) လုံခြုံရေးကွပ်ကဲမှု အဖွဲ့မှူးရုံးထံမှ သိရသည်။

ရန်ကုန်သင်္ကြန်တွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် စီးပွားဖြစ် ကုမ္ပဏီမဏ္ဍပ်များ တားမြစ်ခဲ့သည့်အတွက် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးခဲ့သည်။

အလားတူ ယခင်အစိုးရလက်ထက်ဖြစ်သည့် ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ရန်ကုန်သင်္ကြန်မှာ စည်ကားခဲ့သော်လည်း အက်စစ်ပက်မှု အပါအဝင် ဗုံးပေါက်ကွဲဖြစ်စဉ်နှစ်ခု ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် လုံခြုံရေးတာဝန်ယူသည့် အဖွဲ့အစည်းများက လုံခြုံရေးတင်းကျပ်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသိုင်းအဝိုင်းမှ စုံစမ်းသိရသည်။

အတာသင်္ကြန်ပွဲတော်တွင် လုံခြုံရေးအတွက် မဏ္ဍပ်များတွင် CCTV ကင်မရာများတပ်ဆင်ထားရန်နှင့် လုံခြုံရေးဝန်ထမ်းများ ချထားရန် သက်ဆိုင်ရာတာဝန်ရှိသူများက မဏ္ဍပ်တာဝန်ရှိသူများထံ ညွှန်ကြားထားပြီး ယင်းကာလတွင် မူးယစ်ရမ်းကားသူများနှင့် ဒုစရိုက်မှု ကျူးလွန်သူများကို ချက်ချင်းဖမ်းဆီး ပြစ်ဒဏ်ချနိုင်ရန် တရားရုံးများပါ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် သင်္ကြန်ပွဲတော်ကာလတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ လုံခြုံရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းအပေါ် ကျေနပ်အားရမှုများ ရှိခဲ့ကြောင်း ပြည်သူများက ၎င်းတို့ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့ကြသည်။ ■

S-03/J-17

**မျက်နှာဖုံး - အိမ်သုံးလျှပ်စစ်မီတာ တပ်ဆင်သည့် မှ အဆက်**



Photo - The Voice

အနေနဲ့ရွေးချယ်လို့ရသွားတယ်။ ကျေးလက်ဒေသမှာက အလင်းရောင်ရဖို့နဲ့ ရေရဖို့အတွက်ပဲ မီးသုံးကြတာများတယ်" ဟု ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတာဝန်ရှိသူက ဆိုသည်။

အိမ်သုံးမီတာတပ်ဆင်ခအတွက် မြို့ငယ်သုံးအနေနှင့် ကျပ်ခုနစ်သောင်းခွဲကုန်ကျမည်ဖြစ်ပြီး မြို့ကြီးသုံးမီတာများအနေနှင့် ကျပ်ကိုးသောင်းကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းတွင် မီတာလျှောက်လွှာမှတ်ပုံတင်ကြေး၊ မီးဆက်ခ၊ ကြိုးကြပ်ခ၊ စပေါ်ငွေ၊ ကြိုးသွယ်ခ စသည့် ဝန်ဆောင်မှုတန်ဖိုးများ ပါဝင်ပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနထံမှ သိရသည်။

လက်ရှိအသုံးပြုနေသော မီတာစနစ်တွင် အိမ်သုံးမီတာများ၌ စင်ဂယ်နှင့်ပါဝါ မီတာဟူ၍ နှစ်မျိုးခွဲထားပြီး အဓိက အသုံးပြုနေသည့် စင်ဂယ်မီတာကို ကျပ်ကိုးသောင်းသတ်မှတ်ထားခြင်းဖြစ်သည်။

အိမ်သုံးပါဝါမီတာများတွင် လျှပ်စစ်မီးအသုံးပြုခွင့်ပမာဏအရ ကျပ်ရှစ်သိန်း၊ ၁၀ သိန်းနှင့် ၁၂ သိန်းဟူ၍ အမျိုးအစားအသီးသီးရှိကြောင်း ဗဟန်းမြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရှင်းမှ တာဝန်ရှိသူက ရှင်းပြသည်။

"လေးလပိုင်းမှာ ပြောင်းတပ်မယ့်မီတာတွေက အမ်ပီယာအမျိုးအစားတွေကွဲလိမ့်မယ်။ မီးလင်းဖို့နဲ့ရေမော်တာလောက်သုံးမယ့်သူတွေအတွက်ကတော့ ကျေးလက်ဒေသသုံး မီတာကအဆင်ပြေပါတယ်။ အရင်ကတော့မီတာခက ပုံသေနှုန်းပေါ့။ အခုကတော့ အများကြီးသက်သာသွားလိမ့်မယ်" ဟု ၎င်းကဆိုသည်။

လက်ရှိတွင် အသုံးပြုသည့်မီတာစနစ်များကို ပြောင်းလဲကောက်ခံရန် ထုတ်ပြန်ထားသော်လည်း လျှပ်စစ်မီးသုံးစွဲသည့် ယူနစ်အပေါ်တွင် ကောက်ခံသည့်နှုန်းထားကို ပြောင်းလဲရန် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး တာဝန်ရှိသူက ပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသည့် မီတာစနစ်သည် ငွေကြေးကုန်ကျမှုများသဖြင့် မီတာလေးမျိုးတပ်ဆင်သည့်စနစ်ကို ပြောင်းလဲမည်ဖြစ်ကြောင်း၊ ကျေးလက်တွင် လျှပ်စစ်မီတာယူနစ်သုံးစွဲမှုနည်းပါးသည့်အတွက် သင့်တင့်သည့် ဈေးနှုန်းဖြင့်အသုံးပြုနိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မတ်လ ၁၄ရက်က နေပြည်တော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားသည်။

လျှပ်စစ်ဓာတ်အားစနစ်တွင် အမြင့်ဆုံးသုံးစွဲမှုမှာ တစ်နိုင်ငံလုံးတွင် ပျမ်းမျှမဂ္ဂါဝပ်သုံးထောင်ကျော် ထိရှိခဲ့ပြီး ရန်ကုန်မြို့သည် နိုင်ငံတော်ဓာတ်အားစနစ်၏ ၅၀ ရာခိုင်နှုန်းကျော်ကို အသုံးပြုလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနထံမှ သိရသည်။ ■ J-14

**မျက်နှာဖုံး - လွှတ်တော်ပဲ့ကိုင်သူ အသစ် မှ အဆက်**

ခံခဲ့ရသည်။

ရှမ်းပြည်နယ်၊ ကွတ်ခိုင်ဇာတိဖြစ်ပြီး ကချင်လူမျိုးဖြစ်သည့် ဦးတီခွန်မြတ်မှာ ဥပဒေဘွဲ့ရတစ်ယောက်ဖြစ်သည့်အပြင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ယင်းအပြင် ကွတ်ခိုင်မြို့နယ် ပြည်သူ့စစ်ခေါင်းဆောင်လည်း ဖြစ်ခဲ့ဖူးပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချရာတွင် ဆက်နွယ်ပတ်သက်သည်ဆိုသော အငြင်းပွားဖွယ် ဝေဖန်မှုများရှိခဲ့သော်လည်း မူးယစ်ဆေးဝါးကိစ္စတွင် ပါဝင်ပတ်သက်မှု မရှိကြောင်း ဦးတီခွန်မြတ်က ဖြေရှင်းပြောဆိုထားသည်။

ဦးတီခွန်မြတ်မှာ ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၅ ရွေးကောက်ပွဲ နှစ်ခုစလုံးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ကိုယ်စားပြု၍ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့သူဖြစ်ပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရပြီးနောက်တွင် ပါတီမှနုတ်ထွက်ခဲ့သူဖြစ်သည်။

ယင်းအပြင် ဦးတီခွန်မြတ်မှာ သူရဦးရွှေမန်း ဦးဆောင်သည့် ပြည်သူ့လွှတ်တော်တွင် လုပ်ပိုင်ခွင့်အမြင့်ဆုံးကော်မတီဖြစ်သည့် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။

ပြီးခဲ့သည့် ငါးနှစ်သက်တမ်းတွင် ၎င်းအနေနှင့် ဥပဒေအသစ်ဖြစ်သည့် တိုင်းရင်းသားရေးရာဥပဒေတစ်ခုကို ကိုယ်တိုင်ရေးဆွဲခဲ့ပြီး လွှတ်တော်သို့ တင်ပြခဲ့သည်။ လက်ရှိတွင် ယင်းဥပဒေအရ တိုင်းရင်းသားရေးရာဝန်ကြီးဌာနတစ်ခု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲတွင်လည်း ကြံ့ခိုင်ရေးပါတီမှ ထပ်မံယှဉ်ပြိုင်ခဲ့ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။

ယင်းနောက် NLD ပါတီဝင် လွှတ်တော်အမတ်အများစုရှိသော ပြည်သူ့လွှတ်တော်တွင် လွှတ်တော်၏ဒုတိယဥက္ကဋ္ဌရာထူးကို ပေးအပ်ခြင်းခံခဲ့ရပြီး ၂ နှစ်ကျော်ကာလတွင် လွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ယခုကဲ့သို့ ရရှိခဲ့ခြင်းဖြစ်သည်။

မူလက NLD ပါတီဝင်ဖြစ်သော ဦးထွန်းထွန်းဟိန်သာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်လာမည်ဟု သတင်းထွက်နေသော်လည်း ပါတီလက်မဲ့ဖြစ်နေသော ဦးတီခွန်မြတ်ကို ရွေးချယ်လိုက်ခြင်းကြောင့် နိုင်ငံရေးလေ့လာသူများအကြား အံ့အားသင့်ဖွယ် ဖြစ်လာသည်။

ဦးရွှေမန်း၏အားပေးထောက်ခံမှုကြောင့် ဦးတီခွန်မြတ် ဥက္ကဋ္ဌဖြစ်လာသည်ဟု ထောက်ပြမှုများ ရှိနေသော်လည်း NLD ပါတီဝင် လွှတ်ကိုယ်စားလှယ်များကမူ လွှတ်တော်ဥက္ကဋ္ဌတာဝန်ကိုပေးရန် NLD ပါတီခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်ကြောင်း ဆိုသည်။

နိုင်ငံရေးလေ့လာသူအချို့က ဦးရွှေမန်းနှင့်ဆက်နွယ်သည့် ဦးတီခွန်မြတ်ကို ယခုကဲ့သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခန့်အပ်လိုက်ခြင်းကြောင့် တပ်မတော်နှင့် တင်းမာမှုပိုမိုဖြစ်လာနိုင်ကြောင်း သုံးသပ်နေကြသော်လည်း အချို့ကမူ ဦးတီခွန်မြတ်ကြောင့် တပ်မတော်နှင့် ဆက်ဆံရေးပိုင်းပိုကောင်းလာနိုင်ကြောင်း သုံးသပ်ကြသည်။

ကြံ့ခိုင်ရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်က ဦးတီခွန်မြတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်လာခြင်းကြောင့် လုပ်ငန်းတာဝန်များ ထိရောက်အောင် လုပ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောဆိုလိုက်ပြီး တပ်မတော်နှင့် ဆက်ဆံရေးကိုပါ ပြေပြစ်အောင်လုပ်ဆောင်နိုင်လိမ့်မည်ဟု ထင်မြင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်ထားသည်။

နိုင်ငံရေးလေ့လာသုံးသပ်သူတစ်ဦးဖြစ်သည် ဦးရဲထွန်း(သီပေါ)ကလည်း "ဦးတီခွန်မြတ်ရဲ့ အနေအထားကြောင့် တပ်နဲ့ကြားကထိပ်တိုက်တွေ့မှုဟာ လျော့ကျသွားမယ်ထင်တယ်။ သူက ကချင်လည်းဖြစ်၊ ပြည်သူ့စစ်ခေါင်းဆောင်လည်းဖြစ်၊ USDP ပါတီဝင်ဟောင်းလည်းဖြစ်တော့ ပါတီစွဲ ဂိုဏ်းဂဏစွဲမရှိတဲ့အတွက် ဦးဝင်းမြင့်နဲ့ယှဉ်ရင်တော့ ထိပ်တိုက်တွေ့မှု ပိုပြီးမပြင်းထန်လောက်ဘူး" ဟု သုံးသပ်ပြောဆို သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ယခုနှစ် ဇူလိုင်လအတွင်း ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ လွှဲပြောင်းတာဝန်ယူရမည်ဖြစ်၍ ဥပဒေပြုရေးကဏ္ဍကို ဦးဆောင်ရမည့်သူဖြစ်လာသည်။

ယင်းအပြင် ဥပဒေပြုရေးကဏ္ဍတွင် အရေးပါသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို သူရဦးရွှေမန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည်ဖြစ်ရာ လက်ကျန်သက်တမ်းအတွင်း လွှတ်တော်၏ လုပ်ဆောင်မှုများမှာ များစွာပြောင်းလဲသွားဖွယ်ရှိကြောင်း လွှတ်တော်အမတ်အချို့က သုံးသပ်နေကြသည်။

နိုင်ငံရေး လေ့လာသူအချို့ကလည်း သူရဦးရွှေမန်းကော်မတီအတွက်မူ ဦးတီခွန်မြတ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဖြစ်လာခြင်းမှာ ဦးဝင်းမြင့်ရှိစဉ်ကထက် ပိုမိုခရီးရောက်နိုင်ကြောင်း သုံးသပ်နေကြသည်။ ■

MIHARA
Travels & Tours
3 to 45 CAR RENTAL SERVICES

# ရောဝတီတိုင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် နှစ်စဉ်အမြတ်ရဟုဆို

**ပုသိမ်၊ မတ် ၂၂**

ရောဝတီတိုင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် တောင်သူလယ်သမားများထံမှ ရရန်ရှိသည့် စိုက်ပျိုးစရိတ်ချေးငွေများ များစွာကျန်နေသော်လည်း နှစ်စဉ်အမြတ်ငွေများရရှိနေကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း ကပြောသည်။

မတ်လ ၂၁ရက်က တိုင်းလွှတ်တော်အစည်းအဝေးတွင် ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ခင်စောမူက မိုးစပါးထုတ်ချေးငွေ ကောက်ခံရရှိမှုနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အမြတ်အရှုံး အခြေအနေနှင့် ပတ်သက်သည့် မေးခွန်းမေးမြန်းရာ ဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနှင့် ဝင်ငွေ အသုံးစရိတ်နှင့် အချိုးပြ အခြေအနေအရ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ ဝင်ငွေ ၁၈ဘီလီယံကျော်၊ အသုံးစရိတ် ၁၇ ဘီလီယံကျော် ရှိပြီး အမြတ်ငွေမှာ ၁ဘီလီယံရှိကြောင်း၊ ၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင်၊ ဝင်ငွေ ၂၇ ဘီလီယံ၊ အသုံးစရိတ် ၁၇ဘီလီယံ ရှိပြီး အမြတ်ငွေ ၉ ဘီလီယံ ရှိနိုင်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း က ပြောကြားသည်။ ■R-11

## မျက်နှာဖုံး - နိုင်ငံတော်သမ္မတလောင်းကို ယနေ့ပြည်သူ့လွှတ်တော်၌ မှ အဆက်

လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်းတစ်ဦး ရွေးချယ်တင်မြှောက်ရေးအတွက် အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်၊ သောကြာနေ့တွင် ကျင်းပပြုလုပ်ရန် ကြေညာကြောင်း ပြည်ထောင်စုလွှတ်တော် နာယက ဦးမန်းဝင်းခိုင်သန်းက ပြောကြားသည်။

ယင်းသို့ ရွေးချယ်နိုင်ရေးအတွက် ဒုသမ္မတလောင်းများ၏ အမည်စာရင်းကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းရမည်ဖြစ်ပြီး ဒုသမ္မတလောင်းတစ်ဦးကို မဲခွဲရွေးချယ်ရမည်ဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတလောင်းကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်ရမည်ဖြစ်ပြီး စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ကိုယ်စားလှယ်တစ်ဦးချင်း၏ အမည်စာရင်းကို မတ်လ ၂၃ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်ဟု ပြည်သူ့လွှတ်တော်က ကြေညာထားသည်။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်းတစ်ဦး ရွေးချယ်ပြီးပါက လက်ရှိဒုတိယသမ္မတ ၂ ဦး အပါအဝင် နိုင်ငံတော်သမ္မတလောင်း ၃ ဦးထဲမှ နိုင်ငံတော်သမ္မတကို ပြန်လည်ရွေးချယ်ရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ရမည်ဖြစ်သည်။ ■ E-02


## Dhammadūta Chekinda University

**Call for M.A. and Ph.D. Applications**

(2018-2019 Academic Year)

**Dhammadūta Jetavana Chekindārāma Forest Monastery**

**Lower Wanetchaung Village, Hmawbi Township, Yangon**

Dhammadūta Chekinda University is now offering M.A. and Ph.D. courses for 2018-2019 academic year.

1. **Duration of Courses**
   Two years for M.A. course
   Three years for Ph.D. course
2. **Required Qualifications**

**For monks who are applying for M.A. course**

(a) Must be under 40 years old.
(b) Must have obtained Dhammācariya (or) a bachelor degree of any university.
(c) Must have a good health condition and fit to study.
(d) Must enter and pass the entrance exam conducted by this university.
(Note: Entrance exam and personal interview will be in English. English language skills and general knowledge will be tested.)
(e) Must be able to stay at university campus after being accepted.
(f) Must be able to abide by the rules and regulations of the university.

**For monks who are applying for Ph.D. course**

(a) Must be under 50 years old.
(b) Must submit original certificates of M.A. degree, recommendation from the university and GPA record/Grading Certificate.
(c) Must have a good health condition and fit to study.
(d) Must enter and pass the entrance exam conducted by this university.
(Note: Entrance exam and personal interview will be in English. English language skills and general knowledge will be tested.)
(e) Must be able to stay at university campus after being accepted.
(f) Must be able to abide by the rules and regulations of the university.

3. Application forms are available at Dhammadūta Chekinda University, by collecting personally or by sending email to ashinkancana@gmail.com for electronic copy from the date of this advertisement.
4. Those who submit complete application forms will be allowed to enter the entrance exam.
   The deadline for submission of application forms is 28th April 2018. Application must be submitted personally at the university or by sending email to the above mentioned email address.
5. Applications submitted after the deadline will not be considered.
6. Date of entrance exam: 12/13 May 2018,
   ME 1380, the 13th and 14th Wanning-moon Days of Kason, Saturday and Sunday
7. University Commencement Date: 30th July 2018
   ME 1380, the 3rd Wanning-moon Day of Second Warso, Monday.
8. Contact phone numbers: 09 400 999153, 09 400 999154, 09 7688 13953, 09 7688 13954

---

## Dhammadūta Chekinda University

**ဓမ္မဒူတ ဆေကိန္ဒ ဗုဒ္ဓတက္ကသိုလ်**

**ဓမ္မဒူတ ဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်**

**အောက်ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

**[illegible] သင်တန်းသားများ ခေါ်ယူခြင်း**

၁။ သင်တန်းကာလ - ၁ - နှစ်

၂။ အထက်ပါ တစ်နှစ်သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော ရဟန်းတော်များ လျှောက်ထားနိုင်ပါသည်။
(က) အသက် ၃၀ - နှစ်အောက် ဖြစ်ရပါမည်။
(ခ) ဓမ္မာစရိယဘွဲ့တစ်ခုခု ရရှိထားပြီး အဘိဓဇ၊ အလင်္ကာရ၊ တိပိဋက စာမေးပွဲများတွင် တစ်ဆင့်ဆင့် အောင်မြင်ပြီးသော ရဟန်းတော်များ ဖြစ်ရမည်။
(ဂ) ကျန်းမာရေး ကောင်းမွန်ရမည်။
(ဃ) လျှောက်ထားလွှာများကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်နိုင်၍ တက္ကသိုလ်ပညာရေးဦးဆောင်အဖွဲ့၏ စစ်ဆေး ခွင့်ပြုချက်ရမှသာ သင်တန်း တက်ရောက်ခွင့် ရပါမည်။

၃။ လျှောက်ထားလွှာများကို ၂၀၁၈ - ခုနှစ် မေလ ၂၉ - ရက်၊ ၁၃၈၀ - ခုနှစ် နယုန်လပြည့် အင်္ဂါနေ့ နောက်ဆုံးထားကာ တက္ကသိုလ် မော်ကွန်းထိန်းဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ ashinkancana@gmail.com သို့ အီးမေးလ်ဖြင့်ဖြစ်စေ ကြော်ငြာပါသည့်နေ့မှစ၍ စတင်တောင်းခံဖြည့်စွက် လျှောက်ထားနိုင်ပြီး သင်တန်းတက်ရောက်ခွင့် ရ - မရကို အီးမေးလ်ဖြင့် အကြောင်းပြန်ကြားပေးပါမည်။

၄။ ဆက်သွယ်စုံစမ်းရန် တယ်လီဖုန်းများ - ၀၉၄၀၀၉၉၉၁၅၃၊ ၀၉၄၀၀၉၉၉၁၅၄၊ ၀၉၇၆၈၈၁၃၉၅၃၊ ၀၉၇၆၈၈၁၃၉၅၄

မော်ကွန်းထိန်း
ဓမ္မဒူတ ဆေကိန္ဒ ဗုဒ္ဓတက္ကသိုလ်

## EDITORIAL

# လူ နှင့် မူ ကွဲပြားရန်သာ အရေးကြီး

နိုင်ငံတော်သမ္မတ မည်သူဖြစ်လာမည်ဆိုခြင်းမှာ လောလောဆယ် အတိအကျ ပြောဆိုရန် ခက်ခဲနေသော်လည်း လစ်လပ်သွားသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ တာဝန်ကိုမူ လက်ရှိပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ကို မဲအများစုဖြင့် ရွေးချယ်ခန့်အပ်လိုက်သည်။

ပြည်သူ့စစ်ခေါင်းဆောင်ဟောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဝင်ဟောင်း ဖြစ်သည့်အပြင် ယခင်လွှတ်တော်သက်တမ်းကာလက သူရဦးရွှေမန်းနှင့်များစွာ နီးစပ်သူဟု နာမည်ထွက်ခဲ့သောကြောင့် ၎င်းကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်ခြင်းအပေါ် မလိုလားသည့် ဝေဖန်မှုများ ထွက်ပေါ်လာသည်။

ယင်းဝေဖန်မှုများမှာ ချစ်စိတ်၊ မုန်းစိတ်ကို အခြေခံသည့် အုပ်စု သဘောဆန်သည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သော်လည်း တပ်မတော်နှင့် သဘောထားကွဲလွဲမှုများစွာရှိသည့် ဦးရွှေမန်း၏ ဩဇာသက်ရောက်မှု မကင်းသူ တစ်ဦးဖြစ်သောကြောင့် အရပ်ဘက် - စစ်ဘက် ဆက်ဆံရေးအပေါ် သက်ရောက်မှု ရှိလာမည်ကို စိုးရိမ်မကင်းသုံးသပ်မှုများလည်း ရှိနေသည်။

အုပ်စုအမြင်၊ ဘက်အမြင်များကို ဖယ်ခွာကြည့်ပါမူ ဦးတီခွန်မြတ်သည် ယခင်လွှတ်တော်သက်တမ်းတွင်ရော လက်ရှိလွှတ်တော်တွင်ပါ ဥပဒေပြုလွှတ်တော်၏ အဓိကအကျဆုံးသော ကော်မတီနှင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်လာခဲ့သူဖြစ်သည့်အပြင် မူလကပင် လက်ရှိ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပါအဝင် ဥပဒေရေးရာကျွမ်းကျင်သူတစ်ဦး ဖြစ်နေခြင်းနှင့် တိုင်းရင်းသား တစ်ဦးဖြစ်နေခြင်းတို့က လွှတ်တော်အတွက် လက်တွေ့ကျ၍ အပေါင်းလက္ခဏာ ဆောင်သော အကျိုးရလဒ်များ ထွက်ပေါ်လာနိုင်ခြေရှိပေသည်။

သို့သော် မြန်မာ့နိုင်ငံရေးသည် ဆိုခဲ့ပါ အုပ်စုအမြင်၊ ဘက်အမြင်များ ဒွေးရောယှက်တင်ဖြစ်နေသည်မှာ သမိုင်းနှင့်ချီ ကြာမြင့်နေသောကြောင့် ဦးတီခွန်မြတ် တစ်ဦးတည်းအပေါ်တွင်သာ ယင်းအမြင်များနှင့် လွတ်ကင်းစွာ ရှုမြင်၍ ဝမ်းမြောက်စွာ လက်ခံကြရန် စည်းရုံးနားသွင်းရေး လွယ်ကူမည်မဟုတ်ပေ။

စင်စစ် လက်ရှိအာဏာရပါတီသည် ရွေးကောက်ပွဲမတိုင်မီက မဲဆန္ဒရှင် ပြည်သူလူထုအပေါ် ပေးအပ်ထားသော ကတိကဝတ်များ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိဟူသော ဝေဖန်သံများ ရှိနေခြင်းမှာ ပါတီရှိ လူအများစု၏ သဘောဆန္ဒထက် ခေါင်းဆောင်တစ်ဦးတစ်ယောက် သို့မဟုတ် ပါတီပြင်ပမှ ဩဇာသက်ရောက်မှု တစ်ခု၏ လိုလားချက်များဖြင့်သာ အကောင်အထည်ဖော်နေခြင်းကြောင့် ဖြစ်သည်ဟူသော ဆန်းစစ်သုံးသပ်မှုများ ရှိနေသည်။

လက်ရှိ သမ္မတရာထူးနှင့် လွှတ်တော်ဥက္ကဋ္ဌ ရာထူးအပြောင်းအလဲ အပါအဝင် ရွေးကောက်ပွဲပြီးစ အစိုးရဝန်ကြီးနေရာ ခန့်ထားမှုများကိုကြည့်လျှင်လည်း ပြင်ပပုဂ္ဂိုလ်တစ်ဦး၏ ဩဇာသက်ရောက်မှုမကင်းသော အရိပ်အငွေ့များရှိနေကြောင်း နိုင်ငံရေး လေ့လာသုံးသပ်သူ အသိုင်းအဝိုင်းက ပြောဆိုနေကြသည်။

ထို့ကြောင့်ပင် အတွေ့အကြုံ၊ အရည်အချင်းအရ ပါတီတွင်းတွင်ရော လွှတ်တော်တွင်ပါ အများက လေးစားခံ့ညားရသည့် ဦးအောင်ကြည်ညွန့်ကဲ့သို့ ပုဂ္ဂိုလ်မျိုးကို လွှတ်တော်ဥက္ကဋ္ဌအဖြစ်ရော၊ ဒုတိယဥက္ကဋ္ဌ အဖြစ်ပါ အမည်စာရင်းတင်သွင်းခြင်းမရှိဘဲ အများကြိုတင်ခန့်မှန်းထားသူ နှစ်ဦးကိုသာ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် အမည်စာရင်းတင်သွင်း ရွေးချယ်ခဲ့ခြင်းဖြစ်ပုံရသည်။

မည်သို့ပင်ဖြစ်စေ ပြည်သူ့လွှတ်တော်သည် မဲဆန္ဒရှင် ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ် အများစုကို ကိုယ်စားပြုသည့် ဥပဒေပြုလွှတ်တော်ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတာဝန်မှာ ပါတီအရေး၊ ကိုယ်စားပြုမဲဆန္ဒနယ်အရေး၊ လူပုဂ္ဂိုလ်အရေး ထက် ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ ကင်းနိုင်သမျှ ကင်းကင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ဦးတည်အလုပ်လုပ်သူ ဖြစ်ရန် တစ်နည်းအားဖြင့် လူ နှင့် မူ ခွဲခြားသိသူဖြစ်ရန်သာ အရေးကြီးကြောင်း အထူးဖော်ပြလိုပေသည်။

**အယ်ဒီတာ ( ၂၂ - ၃ - ၂၀၁၈ )**

# ရန်ကုန်ရှိ မြို့နယ်နှင့် တိုက်နယ်အဆင့် စံပြဆေးရုံလေးခုကို ပထမဆုံး ဆုချီးမြှင့်

**ရန်ကုန်၊ မတ် ၂၂**

ရန်ကုန်တိုင်း ၄၅ မြို့နယ်ရှိ သန့်ရှင်းသပ်ရပ်၍ လူနာများ ဆက်ဆံရေးကောင်းမွန်သော မြို့နယ်နှင့် တိုက်နယ်အဆင့်စံပြ ဆေးရုံလေးခုကို ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်၍ ဆုချီးမြှင့်လိုက်ကြောင်း တိုင်းကုသရေးဦးစီးဌာနမှ အကြီးတန်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

"ဆေးရုံတွေနဲ့ လူနာတွေအပေါ် ပြုစုဆက်ဆံမှု ကောင်းလာအောင် တိုင်းကုသရေးဦးစီးဌာနက ချီးမြှင့်တာပါ။ အဓိကတော့ ပြည်သူတွေရဲ့ တုံ့ပြန်သံတွေကို နားထောင်ပြီးတော့ ရွေးတာပေါ့" ဟု ၎င်းက ဆိုသည်။

အဆိုပါ ဆုချီးမြှင့်ပွဲကို မတ်လ ၂၂ ရက်၊ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းကုသရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကော့မှူးဆေးရုံ၊ တိုက်ကြီးဆေးရုံ၊ ကရင်ချောင်တိုက်နယ်ဆေးရုံနှင့် အဖျောက် တိုက်နယ်ဆေးရုံတို့ အသီးသီးဆုရရှိခဲ့ကြောင်း တိုင်းကုသရေးဦးစီးဌာနထံမှ သိရသည်။

"တိုက်ကြီးဆေးရုံက ဆရာဝန်၊ သူနာပြုတွေက စေတနာ၊ မေတ္တာကောင်းကောင်းနဲ့ ကုသပေးတော့ လူနာတွေ ပါးစပ်ဖျားမှာ စွဲနေတာပဲ။ အားလုံးက သမားစိတ်ရှိတော့ ပြောင်းမှာတောင် စိုးရိမ်မိတယ်" ဟု မှော်ဘီနှင့် တိုက်ကြီးမြို့နယ်ကြားရှိ ရွှေမြယာကျေးရွာသူ ဒေါ်စိန်လှအေးက ဆိုသည်။

ထို့အပြင် စံပြဆေးရုံနှင့်တိုက်နယ်ဆေးရုံ ဆုရရှိသော ဆေးရုံများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ် ပြင်ပမြို့နယ်များဖြစ်ပြီး ဆေးရုံသန့်ရှင်းမှု၊ ဆေးဝါးကုသရာတွင် စေတနာကောင်းမွန်မှု၊ ဆေးရုံအပေါ် ယုံကြည်လေးစားခံရမှုအပါအဝင် တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းသော ဆရာဝန်နှင့် သူနာပြုရှိမှု စသော အချက်အလက်များအပေါ် စိစစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

■

**J -17**

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe. **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .

**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,

**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,

**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.

**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.

**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.

**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.

**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,

**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.

**Photographer** - Ye Pyae Zar Ni, Aung Naing, **Advertising** - Ei Mar Lar, Zaw Zaw Aung

**Distribution** - Htet Khaung, Jet Too Too.

**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,

**Web Team**- thevoicewebteam@gmail.com,

**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.

**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080

**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**

**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ရန်ကုန် - လှော်ကားရထား ညနေပိုင်း တိုးဆွဲ

**ရန်ကုန်၊ မတ် ၂၂**

မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် (အနောက်ခြမ်း)ရှိ ရန်ကုန်-လှော်ကား ခရီးသည်များ၏ အကြံပြုတောင်းဆိုချက်အရ ညနေပိုင်းရထားတစ်စင်း တိုးချဲ့ပြေးဆွဲခဲ့ကြောင်း မြန်မာ့မီးရထား၊ အောက်မြန်မာပြည် (သတင်းနှင့် ပြန်ကြားရေးဌာန)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ခရီးသည်တွေက အဆင့်မြှင့်တင်နေချိန်အတွင်းမှာ သူတို့အခက်အခဲရှိတာတွေ တင်ပြတောင်းဆိုတယ်။ ဒါကြောင့် လိုအပ်တယ်ဆိုပြီး ရထားတစ်စင်းတိုးပြေးပေးလိုက်တာပါ"ဟု ၎င်းက ဆိုသည်။

လက်ရှိပြေးဆွဲနေသည့် ရထားကိုးစင်းအပြင် စက်ခေါင်းတစ်ခု၊ တွဲဆိုင်းခြောက်ဆိုင်းပါဝင်သည့် ခရီးသည်တင်ရထားတစ်စင်းကို တိုးချဲ့ပြေးဆွဲခဲ့ပြီး ရန်ကုန်ဘူတာကြီးမှ ညနေ ၆ နာရီ ၅၀မိနစ်တွင် စတင်ထွက်ခွာကြောင်း ၎င်းက ပြောကြားသည်။

"မနေ့က ရထားအချိန်ဇယားလည်း ပြောင်းလဲ ဆွဲလိုက်တယ်။ ဒါကို ခရီးသည်တွေအဆင်ပြေအောင် ကြိုတင်အသိပေးထားပြီးဖြစ်တယ်။ အချိန်ဇယားလည်း ကပ်ပေးထားတယ်"ဟု ၎င်းက ဆိုသည်။

တိုးကြောင်ကလေးဘူတာ၊ အုတ်ဖိုစုဘူတာ၊ သီလဝါဘူတာ၊ ရွာသာကြီးဘူတာများကို ပြေးဆွဲနေသော ရထားများမှာ မူလအချိန်စာရင်းအတိုင်း ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထားစီးနင်းသူများကို အသိပေးထားကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ရထားအနောက်ခြမ်းအဆင့်မြှင့်တင်သည့်လုပ်ငန်းတွင် လက်ရှိ ပလက်ဖောင်းများမြှင့်တင်ခြင်း၊ ခြံစည်းရိုးခတ်ရန် မရှင်းလင်းသောနေရာများ ရှင်းလင်းနေခြင်း၊ လှော်ကားနယ်မြေ ကျူးကျော်ကိစ္စများ ဆွေးနွေးညှိနှိုင်းခြင်းများ လုပ်ဆောင်နေပြီးဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအနေနှင့် ရထားလမ်းအနောက်ခြမ်းကိုတင်ဒါအောင်မြင်သည့် A1 ကုမ္ပဏီက ဖေဖော်ဝါရီလ ၂၁ရက်မှစ၍ လုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။ ■

**J-06**

The VOICE Daily CARTOON





# သင်္ကြန်ကာလ အထူးဈေးနှုန်းဖြင့် မန္တလေး-ပုဂံမြစ်ကြောင်း ခရီးစဉ် ပြေးဆွဲမည်

**ရန်ကုန်၊ မတ် ၂၂**

မန္တလေး-ပုဂံ ဧရာဝတီမြစ်ကြောင်း ဇိမ်ခံသင်္ဘောခရီးစဉ်ကို ယခုနှစ်သင်္ကြန်ကာလ မြန်မာနိုင်ငံသားများအတွက် အထူးဈေးနှုန်းဖြင့် ပထမဆုံးပြေးဆွဲမည်ဖြစ်ကြောင်း THE STRAND Cruise မှ မာကတ်တင်း မန်နေဂျာ ဒေါ်ဝင်းပပမျိုးက ပြောကြားသည်။

"မြန်မာနိုင်ငံသားတွေအတွက် ပထမဆုံးအနေနဲ့ အထူးဈေးလျှော့ထားတာပါ။ ပုံမှန်နိုင်ငံခြားသားဈေးနဲ့ အများကြီးကွာပါတယ်။ ပုဂံ-မန္တလေးကိုက ပုံမှန်အတိုင်းသွားနေတဲ့သူတွေအတွက် ဒီမြစ်ကြောင်းခရီးစဉ်မှာ အရသာအသစ်ကို ရရှိစေမှာပါ။ ပုံမှန်ဆိုရင် တစ်ဦးက ဒေါ်လာတစ်ထောင်အထက်မှာ ရှိတယ်" ဟု ၎င်းကဆိုသည်။

မန္တလေးမှ ပုဂံသို့ ဧပြီလအတွင်း ထွက်ရှိမည့် မြစ်ကြောင်းခရီးစဉ်များကို သုံးညအိပ်လေးရက် ခရီးစဉ်ဖြင့် ပြေးဆွဲမည်ဖြစ်ပြီး မြန်မာနိုင်ငံသား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၄၀၀ ကုန်ကျမည်ဖြစ်ကာ နှစ်ဦးအတွက် အမေရိကန်ဒေါ်လာ ခြောက်ရာ ကုန်ကျမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ




ဧရာဝတီမြစ်ကြောင်းတွင်သွားလာသည့် ဇိမ်ခံသင်္ဘောတစ်စင်းကို တွေ့ရစဉ်

မြို့ဟောင်းများ၊ ဦးပိန်တံတား၊ အင်းဝ၊ ကျောက်စိမ်းဘုရား အစရှိသော အထင်ကရနေရာများသို့လည်း ဝင်ရောက်လည်ပတ်ရန် စီစဉ်ထားကြောင်း THE STRAND Cruise ထံမှ သိရသည်။

"ဈေးနှုန်းအရတော့ မြန်မာနိုင်ငံသားတွေ စိတ်ဝင်စားမယ်မထင်ဘူး၊ ဒေါ်လာ ၄၀၀ ဆို ထိုင်းပဲ သွားမှာပေါ့။ ကော့သောင်းလည်း သွားလို့ရတယ်။ နိုင်ငံခြားသားတွေတော့ ဒီခရီးစဉ် ပိုစိတ်ဝင်စားမယ်ထင်တယ်။ စိတ်ဝင်စားတဲ့သူအတွက်တော့ မြစ်တွင်းသွားခရီးစဉ်က ကောင်းပါတယ်" ဟု ဂျပန်ဘာသာညွှန်လမ်းညွှန် လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ခရီးစဉ်တစ်ခုလျှင် လူဦးရေငါးဆယ်အထိ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း တည်းခိုနေထိုင်ရန်နှင့် စားသောက်မှု၊ ဝန်ဆောင်မှုများအပြင် ဧည့်လမ်းညွှန်ဝန်ဆောင်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ခရီးစဉ်များကို ဧပြီလ ၆၊ ၉၊ ၁၃၊ ၂၀၊ ၂၃ ရက်များတွင် ထွက်ခွာမည်ဖြစ်ကြောင်း THE STRAND Cruise ထံမှ သိရသည်။

"တိုးရစ်တွေက ဟိုတယ်အကူးအပြောင်းနဲ့ နေရာအပြောင်းအလဲကိစ္စတွေ နည်းတော့ မြစ်ကြောင်းခရီးစဉ်တွေကို စိတ်ဝင်စားမှုမြင့်တက်လာတာဖြစ်ပါတယ်။ သူတို့က ဧရာဝတီမြစ်ကြောင်းက နိုင်ငံရဲ့အသက်သွေးကြောဆိုတော့ အဲဒီမှာ သွားရတာကိုပိုနှစ်သက်လာကြတယ်" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် ဧရာဝတီမြစ်ကြောင်းနှင့်ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ရွာများနှင့် ဒုတိယ မြစ်ကျဉ်းသဘာဝအလှအပရှုခင်းများ၊ ရေလုပ်သားတို့၏ လူနေမှုဓလေ့စရိုက်နေထိုင်မှုပုံစံများ၊ ဆင်စခန်း၊ ရိုးရာအိုးလုပ်ငန်းနှင့်ညနေ နေဝင်ဆည်းဆာအလှအပများကို လာရောက်လည်ပတ်ကြောင်း သိရသည်။ ■ J-14

# ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနား ကျင်းပ

**ရန်ကုန်၊ မတ် ၂၂**

၅၈ ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားကို မတ်လ ၂၃ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE Hotel တွင် ကျင်းပမည်ဖြစ်ပြီး စာတမ်းများကို ဖတ်ကြားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ယခုနှစ်အတွက် ကမ္ဘာ့မိုးလေဝသနေ့ဆောင်ပုဒ်မှာ 'Weather-ready, Climate-smart' ဖြစ်သည်။

အဓိကအနေနှင့် ရာသီဥတုပြောင်းလဲလာမှု၏သက်ရောက်မှုများကြောင့် သဘာဝဘေးများပိုမိုဖြစ်လာနိုင်သည့်အတွက် မိုးလေဝသနှင့် ရာသီဥတုအခြေအနေများကို ပို၍ အလေးထားစေလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

အဆိုပါပွဲတွင် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာအကြောင်းအရာများအပြင် မြန်မာနိုင်ငံ၌ လှုပ်ရှားခဲ့သည့် မြေလျှင်များကို နှိုင်းယှဉ်လေ့လာခြင်းစသည့် အကြောင်းအရာစာတမ်းများကိုလည်း သက်ဆိုင်ရာပညာရှင်များအသီးသီးက ဖတ်ကြားဆွေးနွေးမည်ဖြစ်သည်။

■ E-03

# ရန်ကုန်စည်ပင်က သင်္ကြန်ကာလအတွင်း ရွှေလျားသန့်စင်ခန်းများ ငှားပေးမည်

**ရန်ကုန်၊ မတ် ၂၂**

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ယခုနှစ်ဆောက်လုပ်မည့် သင်္ကြန်မဏ္ဍပ်များတွင် အသုံးပြုနိုင်မည့် ရွှေ့လျားသန့်စင်ခန်းများကို တစ်ခန်းလျှင် တစ်ရက် ကျပ်တစ်သောင်းနှုန်းဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

သင်္ကြန်မဏ္ဍပ်များအနေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရန် ကျင်းတူးကာ သန့်စင်ခန်းပြုလုပ်ခြင်းများကို ခွင့်ပြုမည်မဟုတ်ဘဲ ပြုလုပ်သည်ကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"သင်္ကြန်မဏ္ဍပ်တွေအတွက် ရွှေ့လျားသန့်စင်ခန်းတစ်ခန်းကိုတစ်ရက်တစ်သောင်းကျပ်နဲ့ ငှားရမ်းပေးပါတယ်။ အတင်အချပို့ဆောင်ခတော့ ပေးရပါတယ်။ ယခုလက်ရှိ ဌာနအနေနဲ့ ငှားရမ်းဖို့ သန့်စင်ခန်း ၁၀၄ ခန်း ရှိပါတယ်" ဟု ၎င်းကဆိုသည်။

သင်္ကြန်မဏ္ဍပ်မှ နေ့စဉ်ထွက်ရှိသော စက္ကူ၊ ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်၊ ဘူးခွံ၊ ပုလင်းခွံ စသည့်အမှိုက်များ စနစ်တကျစွန့်ပစ်ရေးကို မိမိသင်္ကြန်မဏ္ဍပ်မှပင် ထိန်းသိမ်းကြပ်မတ်ရမည်ဖြစ်ပြီး သင်္ကြန်မဏ္ဍပ်ဖျက်သိမ်းပြီး ထွက်ရှိလာသော အမှိုက်များကို သိမ်းဆည်းရာတွင် အမှိုက်ထွက်ရှိမှုပေါ်မူတည်ကာ အမှိုက်သိမ်းဆည်းခကို တွက်ချက်၍ စပေါ်ငွေမှ ပေးဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

မဏ္ဍပ်နေရာချထားရေးကော်မတီက ရွေးချယ်သတ်မှတ်ပေးသော မဏ္ဍပ်ဆောက်လုပ်ခွင့်ရရှိပါက ပေးသွင်းရမည့် စပေါ်ငွေ၊ မြေအသုံးပြုခ၊ သန့်ရှင်းရေးဆောင်ရွက်ခ၊ ရေဆက်သွယ်ခနှင့် သတ်မှတ်အခွန်အခတို့ကို တစ်နေရာတည်း One Stop Service ဆောင်ရွက်ပေးမည်ဖြစ်ရာ သတ်မှတ်ငွေများပေးသွင်းပြီးမှသာ ဆောက်လုပ်ခွင့်ပြုမိန့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) တွင် ထုတ်ပေးမည်ဖြစ်သည်။ ■ J-10

## NEWS IN BRIEF

### ကိုရီးယားကုန်စည်ပြပွဲတွင် ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ခေါ်

**ရန်ကုန်၊ မတ် ၂၂**

ကိုရီးယားနိုင်ငံ၊ Gyeonggi – Do မြို့ KINTEX အဆောက်အအုံတွင် အာဆီယံ-ကိုရီးယားစင်တာက ဦးဆောင်၍ ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၂ ရက်နေ့အထိ ပြုလုပ်မည့် 'Korea International Furniture & Interior Fair 2018' တွင် ပြည်တွင်းကုမ္ပဏီများပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

ပြပွဲသို့တက်ရောက်လိုသည့် ကုမ္ပဏီမှလုပ်ငန်းရှင်များအတွက် အသွားအပြန်ကုန်ကျစရိတ်များ၊ ပြသမည့် ကုန်ပစ္စည်းများအတွက်လည်း ကုန်ကျစရိတ်များ ကျခံပေးမည်ဖြစ်ပြီး ပြပွဲတွင်ပါဝင်ပြသလိုသည့် လုပ်ငန်းရှင်များအနေနှင့် ကုန်သည်စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာန ဖုန်း ၀၁-၂၃၁၄၃၄၄၊ အီးမေးလ် - ma@umfcci.com.mm တို့ထံ မတ်လ ၂၅ ရက်နေ့ နောက်ဆုံးထားစာရင်းပေးနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။ ■ J-11

### Huawei ၏ Y Series ဖုန်းသစ်နှစ်မျိုးနှင့် Nova 3e ကို မတ်လကုန်စရောင်းမည်

**ရန်ကုန်၊ မတ် ၂၂**

Huawei က အသစ်ထပ်မံထုတ်လုပ်လိုက်သည့် Y Series ဖုန်းအသစ်နှစ်မျိုးနှင့် Nova 3e ဖုန်းများကို ယခုမတ်လကုန်တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း Huawei Device Myanmar ထံမှ သိရသည်။

ယခုထပ်မံရောင်းချမည့် Y Series ဖုန်းအသစ်များမှာ မျက်နှာပြင်ပြည့်အရှေ့နောက် ကင်မရာလေးလုံးပါဝင်မည့် Y9 2018 နှင့် ကင်မရာနှစ်လုံးပါဝင်မည့် Y7 Pro 2018 တို့ဖြစ်ပြီး အနက်ရောင်၊ ရွှေရောင်နှင့် အပြာရောင် ၃ မျိုး ဝယ်ယူနိုင်မည်ဖြစ်ပြီး Nova 3e သည် အနက်ရောင်နှင့် အပြာရောင်များ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

Y9 2018 နှင့် Nova 3e တို့ကို မတ်လကုန်တွင် စတင်ဝယ်ယူနိုင်မည်ဖြစ်ပြီး ဈေးနှုန်းအနေနှင့် Y9 2018 မှာ ကျပ် ၂၅၉,၀၀၀ နှင့် Nova 3e မှာ ကျပ် ၃၄၉,၀၀၀ ဖြစ်ကာ Y7 Pro 2018 ကိုမူ ဧပြီလကုန်မှသာ ဝယ်ယူနိုင်မည် ဖြစ်သည်။ ■J-01

# MyTel က ရန်ကုန်အပါအဝင် မြို့ကြီးများ၌ ဧပြီတွင် ဝန်ဆောင်မှုစမည်

**ရန်ကုန်၊ မတ် ၂၂**

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ဆက်သွယ်ရေးအော်ပရေတာ MyTel က ရန်ကုန်အပါအဝင် မြို့ကြီးများ၌ လာမည့် ဧပြီလထဲတွင် ဝန်ဆောင်မှုစတင်မည်ဖြစ်ကြောင်း အဆိုပါအော်ပရေတာထံမှ သိရသည်။

MyTel သည် ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကို မတ်လ ၁၅ ရက်နေ့မှ စတင်ကာ နေပြည်တော်၊ ပဲခူးတိုင်းအရှေ့ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ဝန်ဆောင်မှုပေးနေပြီဖြစ်ပြီး ကျန်ရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကွန်ရက်များကိုလည်း လာမည့်လတွင် အပြီးသတ် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း MyTel ထံမှသိရသည်။

“ကျွန်မတို့ ဝန်ဆောင်မှုကို စပေးနေပါပြီ။ ရန်ကုန်၊ မန္တလေးနဲ့ မြို့ကြီးတွေကို လာမယ့်ဧပြီလထဲမှာ ဝန်ဆောင်မှုစပေးသွားမှာဖြစ်ပါတယ်။ ကွန်ရက်အခြေအနေကလည်း တော်တော်ပြီးစီးနေပါပြီ” ဟု MyTel ၏ ပြန်ကြားရေးမန်နေဂျာ ဒေါ်ထက်ထက်ဝင့်လွင်က ပြောကြားသည်။

MyTel ၏ ဆင်းမ်ကတ်များကို တစ်ကတ်လျှင် ကျပ် ၁၅၀၀ ဖြင့်ရောင်းချပြီး MyTel ဆင်းမ်ကတ်အချင်းချင်း ဖုန်းခေါ်ဆိုမှုကို ၁ မိနစ်လျှင် ၁၀ ကျပ်နှင့် အခြားဆက်သွယ်ရေးအော်ပရေတာများ၏ ဆင်းမ်ကတ်သို့ ဖုန်းခေါ်ဆိုပါက ၁ မိနစ်လျှင် ၂၃ ကျပ်နှင့် SMS စာတိုဝန်ဆောင်မှုအတွက်ကိုမူ မည်သည့်ဆင်းမ်ကတ်ကိုမဆို စာတိုတစ်စောင်လျှင် ၁၀ ကျပ်နှုန်းကျသင့်မည်ဖြစ်ကြောင်း MyTel ထံမှ သိရသည်။

အဆိုပါ စတုတ္ထမြောက်ဆက်သွယ်ရေး အော်ပရေတာ Mytel ကို ဗီယက်နမ်အခြေစိုက် Viettel ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်နေသော ပြည်တွင်းကုမ္ပဏီများက အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါး ရင်းနှီးမြှုပ်နှံထားပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်သွားမည်ဖြစ်သည်။

ယင်းအပြင် MyTel က ဝန်ဆောင်မှုစတင်ပေးချိန်တွင် ပြည်တွင်းသာမက ဗီယက်နမ်အခြေစိုက် Viettel ကုမ္ပဏီနှင့် ချိတ်ဆက်ထားသော ပြည်ပနိုင်ငံအများအပြားကိုလည်း ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း အဆိုပါအော်ပရေတာထံမှ သိရသည်။

MyTelဝန်ဆောင်မှုစပေးချိန်တွင် 2G နှင့် 4G ကွန်ရက်တို့ကို တစ်ပြိုင်တည်းအသုံးပြုနိုင်ရန် စီစဉ်ထားပြီး ဖုန်းနံပါတ်မှာ ၀၉ ၆၉ ဖြင့် စတင်မည်ဖြစ်ကြောင်း MyTel ထံမှ သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်းဆက်သွယ်ရေးဈေးကွက်အတွင်း၌ ဆက်သွယ်ရေးအော်ပရေတာ သုံးခုဖြစ်သော MPT၊ တယ်လီနောနှင့် အူရီဒူးတို့က ဖုန်းခေါ်ဆိုခများကို ၁ မိနစ်လျှင် ၁၀ ကျပ် (ဆင်းမ်ကတ်အမျိုးအစားတူ အချင်းချင်း) သို့ လျှော့ချလိုက်ပြီး အင်တာနက်အသုံးပြုခနှုန်းများကိုလည်း ယခင်ကနှုန်းထား များထက် အသီးသီးလျှော့ချထားသည်။ ■ J-01

## မတ်လ ၂၂ ရက်နေ့ စတော့အိတ်ချိန်းဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 12000 | 11500 | 11500 | -500 | 1691 | 19,446,500 |
| MTSH | 2850 | 2850 | 2850 | - | 4699 | 13,392,150 |
| MCB | 7600 | 7600 | 7600 | - | 0 | 0 |
| FPB | 27000 | 26000 | 26500 | -500 | 200 | 5,250,000 |
| TMH | 2900 | 2900 | 2850 | -50 | 20 | 57,000 |



ဓာတ်ပုံ - The Voice

# ဒေါ်လာဈေးတက်

**ရန်ကုန်၊ မတ် ၂၂**

ခရီးသွားရာသီ ရောက်နေသည့်အတွက် အမေရိကန်ဒေါ်လာဈေးနှုန်းများ မြင့်တက်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

ဒေါ်လာဈေးနှုန်းသည် ပြီးခဲ့သည့်ရက်ပိုင်းကထက် တစ်ဒေါ်လာလျှင် ၄ ကျပ်ခန့်အထိမြင့်တက်လာခဲ့ပြီး ဗဟိုဘဏ်၏ဒေါ်လာလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၁ ကျပ်ခန့်သာမြင့်တက်ကာ ပြင်ပဒေါ်လာဈေး ဆက်လက်မြင့်တက်လာနိုင်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

“နိုင်ငံရေးအခြေအနေကြောင့် မဟုတ်ပါဘူး။ ပွင့်လင်းရာသီမို့ ခရီးသွားတွေ ရှိနေလို့မြင့်လာတာပါ” ဟု Myanmar Sunflower ငွေလဲကောင်တာဒါရိုက်တာ ဦးအတူးလေးက ပြောဆိုသည်။

လက်ရှိ၌ အမေရိကန်ဒေါ်လာ အရောင်းအဝယ်မှာ ပုံမှန်ဖြစ်ပေါ်လျက်ရှိပြီး ခရီးသွားဝင်ရောက်မှုအပေါ်မူတည်၍ အရောင်းအဝယ်မြင့်လာနိုင်ကြောင်း ရန်ကုန်အခြေစိုက် ငွေလဲကောင်တာများထံမှ သိရသည်။

အမေရိကန်ဒေါ်လာဈေးသည် မတ်လ ၂၂ ရက်နေ့နံနက်ပိုင်းက တစ်ဒေါ်လာလျှင် ၁၃၃၄ ကျပ်အထိ မြင့်တက်ခဲ့သော်လည်း ညနေပိုင်း၌ တစ်ဒေါ်လာလျှင် ၁၃၃၂ ကျပ်သို့ ပြန်လည်ရောက်ရှိသွားကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ သတ်မှတ်ဒေါ်လာလဲနှုန်းသည် တစ်ဒေါ်လာလျှင် ၁၃၃၈ ကျပ်ဖြစ်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။ ■ S-04

# အရည်အသွေးမြင့်ကော်ဖီစေ့ တန်ချိန် ၃၀၀ ခန့် ပြည်ပတင်ပို့ရန်လျာထား

**ရန်ကုန်၊ မတ် ၂၂**

ယခုနှစ်ကော်ဖီထွက်ရာသီတွင် ပြည်ပသို့ အရည်အသွေးမြင့်ကော်ဖီစေ့တန်ချိန် ၃၀၀ ခန့် တင်ပို့ရန်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းဥက္ကဋ္ဌ ဦးရဲမြင့်က ပြောကြားသည်။

ပြည်တွင်းမှ နှစ်စဉ်ကော်ဖီစေ့တန်ချိန် ၈၆၀ ခန့်တင်ပို့ကာ ယင်းအနက်မှ အရည်အသွေးမြင့်အာရေဗီကာ ကော်ဖီစေ့မှာ တန်ချိန် ၂၀၀ သာတင်ပို့နိုင်ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကော်ဖီစေ့မှာယူသည့်နိုင်ငံများလည်း တိုးလာသည့်အပြင် အထွက်နှုန်းလည်း တိုးလာခြင်းကြောင့် ပိုမိုတင်ပို့ရန်လျာထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

“ဒီနှစ်ထဲမှာ ဆွီဒင်၊ ဂျပန်၊ စင်ကာပူ၊ ကနေဒါနိုင်ငံက ဖောက်သည်တွေက လာပြီးတော့ဝယ်ဖို့လာကြည့်တယ်။ ဈေးကွက်အသစ်အနေနဲ့ကတော့ ဒိန်းမတ်နိုင်ငံကို ကမ်းလှမ်းထားတယ်။ သူတို့နိုင်ငံတွေကို အဓိကထားပြီးတင်ပို့မယ်” ဟု ၎င်းကပြောဆိုသည်။

ပြည်ပသို့ ကော်ဖီတင်ပို့နေသော်လည်း ပြည်တွင်းဈေးကွက်သို့ ပြည်ပမှ ကော်ဖီစေ့တန်ချိန် ၂၈ သန်းခန့် တင်သွင်းနေခြင်းမှာ ထုတ်လုပ်မှုလျော့နည်းနေသည်ဆိုသည့်အချက်ကို ပြနေသောကြောင့် တောင်ပေါ်ဒေသများတွင် အရည်အသွေးမြင့်ကော်ဖီစေ့ဖြစ်သည့် မက္ကာတေးနီးယားမျိုးစေ့ကို စိုက်ပျိုးရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းထံမှ သိရသည်။

လတ်တလော ပြည်ပနိုင်ငံများသို့ တင်ပို့နေသော ပြည်တွင်းကော်ဖီစေ့ ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၀၀ မှ ၄၄၀၀ ကြား ရရှိကြောင်း ယင်းအသင်းထံမှ သိရသည်။

“ကော်ဖီက နိုင်ငံ့ဝင်ငွေကို တစ်ဖက်တစ်လမ်းက ရှာပေးနေတဲ့အတွက် အစိုးရအနေနဲ့ ကော်ဖီခင်းတွေ အဖျက်ခံရတာတွေ၊ တခြားမြေယာပြဿနာတွေကို ဖြေရှင်းပေးသင့်တယ်။ အခုဆို ရိုးမဘဏ် တစ်ခုပဲ ကော်ဖီစိုက်တောင်သူတွေကို နှစ်ရှည်ချေးငွေပေးတယ်။ အစိုးရကလည်း အတိုးနှုန်းသက်သက်သာသာနဲ့ ချေးငွေချပေးရင် ပိုကောင်းမယ်” ဟု ကော်ဖီစိုက်တောင်သူ ဦးငွေလွင်က ပြောကြားသည်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများဖြစ်သော ရှမ်းပြည်နယ် ရွာငံ၊ နောင်ချိုနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နှင့် မိုးကုတ်မြို့နယ်တို့တွင် ကုန်းမြင့်ကော်ဖီပင်ကို အများဆုံးစိုက်ပျိုးလျက်ရှိပြီး မြန်မာနိုင်ငံတွင် ကော်ဖီပင်စိုက်ပျိုးသော ဧက သုံးသောင်းကျော်ရှိကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းထံမှ သိရသည်။■J-13

နိုင်ငံခြားငွေလဲလှယ်နှုန်း — Source: KBZ Bank

| 22.3.2018 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၂၃ | ၁၆၂၀ | ၁၀၀၆ |
| ရောင်းဈေး (ကျပ်) | ၁၃၃၀ | ၁၆၃၅ | ၁၀၁၀ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 22.3.2018 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၄၄၃,၀၀၀ (ဖွင့်) | ၄၄၂,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၃၂ (ဖွင့်) | ၁၃၃၂ (ပိတ်) |

# အသက် ၅ နှစ်အရွယ် မိန်းကလေးကို မဖွယ်မရာပြုလုပ်သည့် အသက်၇၀ ကျော် အမျိုးသားကို ထောင် ၇ နှစ်ချ

**ရန်ကုန်၊ မတ် ၂၂**

အသက် ၅ နှစ်အရွယ် မိန်းကလေးတစ်ဦးအား မဖွယ်မရာပြုလုပ်ခဲ့သည့် အသက် ၇၀ ကျော်အရွယ် အမျိုးသားတစ်ဦးကို ထောင်ဒဏ် ၇ နှစ်ကျခံစေရန် အရှေ့ပိုင်း ခရိုင်တရားရုံးက မတ်လ ၂၁ ရက် မွန်းလွဲပိုင်းတွင် အမိန့်ချခဲ့သည်။

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ် (၅၄) ရပ်ကွက်တွင်နေထိုင်သူ ဦးဝင်းမြင့်သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် မွန်းလွဲ ၃ နာရီခန့်က ဆီဒိုးနားဟိုတယ်နောက်ရှိ ကွမ်းယာဆိုင်တစ်ဆိုင်၌ တွေ့သည့် အသက် ၅ နှစ်အရွယ် မိန်းကလေးတစ်ဦးကို မဖွယ်မရာပြုလုပ်ခဲ့သည်ဟုဆိုကာ ရာဇသတ်ကြီးပုဒ်မ ၃၇၇/၃၇၆ ဖြင့် အမှုဖွင့် တရားစွဲဆိုခံရပြီး အရှေ့ပိုင်းခရိုင်တရားရုံးက အမှုအမှတ် ၂၇၀/၁၇ ဖြင့်လက်ခံစစ်ဆေးကာ ရာဇသတ်ကြီးပုဒ်မ ၃၇၇ ဖြင့် ထောင်ဒဏ်အမိန့် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းတရားရုံးထံမှ စုံစမ်းသိရသည်။

"မဖွယ်မရာပြုလုပ်ခံရတဲ့ မိန်းကလေးနဲ့ အသက်တစ်နှစ်ခွဲလောက်ရှိတဲ့ မောင်နှမနှစ်ဦးထားပြီး မိခင်က ရန်ကင်းဈေးထဲကို မီးခြစ်သွားဝယ်နေတုန်း မဖွယ်မရာလုပ်ခဲ့တာ။ ပြန်လာတော့ မိခင်ကိုယ်တိုင်တွေ့ပြီး ရန်ကင်းရဲစခန်းမှာ အမှုဖွင့်တိုင်ကြားခဲ့တာပါ။ အခုထောင်ဒဏ်ချမှတ်ခံရသူက လုံခြုံရေးဝန်ထမ်းလို့သိရတယ်" ဟု အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ ယင်းနေ့က ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့က အသက် ၁၅ နှစ်အရွယ် ရည်းစားဖြစ်သူကို အအေးတိုက်မည်ဟုခေါ်ဆောင်၍ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်အနီးရှိ မောင်ရိပ်ကျနေသော ဘောလုံးကွင်းအတွင်းတွင် သားမယားပြုကျင့်ခဲ့သည်ဟုဆိုသော အသက် ၂၂ နှစ်အရွယ် အမျိုးသားကို အရှေ့ပိုင်းခရိုင် တရားရုံး၊ တရားသူကြီး ၆ က ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့ကြောင်း ယင်းတရားရုံးထံမှ စုံစမ်း သိရသည်။ ■J-16

**The VOICE Daily CARTOON**




ဝယ်ယူအားပေးမှုအထူးကာလ (၁၄.၄.၂၀၁၈) မှ (၁၀.၄.၂၀၁၈)ထိ သားရေဂျာကင် (၁)ထည်ဝယ်လျှင် (၁)ထည်လက်ဆောင် ကျန်တဲ့ သားရေပစ္စည်းဝယ်လျှင် (၃၀%) ကျပ်တစ်သိန်းဖိုးဝယ်လျှင် ကြိုက်နှစ်သက်ရာပစ္စည်း ရွေးချယ်ယူနိုင် ရှိပါသည်။

[illegible]

ဦးအိုက်စန်
မြန်မာပြည်မှာဆန်းနိုင်း
သားရေစစ်စစ်ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်များ(ပင်ရင်း)
[illegible]

# ရွှေလုပ်ကွက်ရပ်နားခံရ၍ ကျပ်သိန်းပေါင်း လေးသိန်းကျော်ခန့် ဆုံးရှုံးဟု အဆိုတော် တသသ ဆို

**ရန်ကုန်၊ မတ် ၂၂**




ဓာတ်ပုံ - ဇော်မိုးလွင်

ရွှေလုပ်ကွက် ရပ်နားခံရပြီး ရရှိထားသည့်ရွှေဖြုန်းများ သိမ်းဆည်းခံရမှုကြောင့် ကျပ်သိန်းပေါင်း လေးသိန်းကျော်ခန့် ဆုံးရှုံးခဲ့ကြောင်း အဆိုတော် တသသ(ခ)မခိုင်က ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel တွင် မတ်လ ၂၂ ရက် နံနက် ၁၀ နာရီခွဲခန့်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်အုပ်စု၊ ကံတောင်ကျေးရွာတွင်နေထိုင်သူ မြန်မာသံစဉ်အဆိုတော် တသသ(ခ) မခိုင်သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလခန့်က ၎င်းနေထိုင်ရာ ရွာအနီးရှိ သတ္တုတူးဖော်ရေး ကုမ္ပဏီလုပ်ကွက်တစ်ခုအတွင်းတွင် ခွင့်ပြုချက်ယူ၍ ဝင်ရောက်လုပ်ကိုင်ခဲ့ရာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း စဉ့်ကူးမြို့နယ် တာဝန်ခံအင်ဂျင်နီယာရုံးမှ လုပ်ငန်းရပ်ဆိုင်းခံရပြီး သက်သေခံအဖြစ် သိမ်းဆည်းခံရသည့် ရွှေဖြုန်းအိတ်များ၊ စက်ပစ္စည်းများကို သိမ်းဆည်းခံခဲ့ရခြင်းဖြစ်ကြောင်း ယင်းသတင်းစာရှင်းလင်းပွဲထံမှ သိရသည်။

"ကျွန်မခြံဝင်းထဲကို ရဲအင်အား ၁၀၀ လောက်နဲ့ ဝင်သိမ်းတာ။ သေနတ်တွေပစ်၊ ခြံစည်းရိုးတွေကျော်တက်ပြီး ရွှေ ဖြုန်းအိတ်တွေ၊ စက်တွေ၊ ထော်လာဂျီတွေပါ သိမ်းသွားတာ။ အမှုက ကွင်းလုံးကျွတ်လွတ်လာပြီးတော့ အဲဒီပစ္စည်းတွေ ပြန်ရလိုမှုနဲ့ အယူခံတက်ခဲ့ပေမယ့် ပယ်ချခံခဲ့ရတယ်။ ကျွန်မအိမ်ထဲဝင်ပြီး ရွှေဖြုန်းအိတ်တွေယူတဲ့ လင်မယားကိုလည်း တရားစွဲတာလည်း သက်သေမခိုင်လုံဘူးဆိုပြီး ပယ်ချခံရတယ်။ အထက်အဆင့်ဆင့်ကို တိုင်ခဲ့ပေမယ့် ဘယ်သူမှ စစ်ဆေးတာမရှိဘူး" ဟု သတင်းစာရှင်းလင်းပွဲတွင် အဆိုတော် တသသက ပြောကြားသည်။

ယင်းအဆိုတော်တသသ အပါအဝင် အလုပ်သမား ၁၆ ဦးကို စဉ့်ကူးမြို့နယ်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်မြင့်က တရားမဝင်ရွှေများခိုးတူးသည်ဟုဆိုကာ လက်ပန်လုရဲစခန်းတွင် သတ္တုတွင်း ဥပဒေပုဒ်မ ၃၀(ခ)ဖြင့် အမှုဖွင့်တိုင်ကြားခဲ့ပြီး ပြင်ဦးလွင်မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ကာ စစ်ဆေးခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့က အပြီးသတ် အမိန့်ချမှတ်ရာ ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်ခြင်းမရှိသဖြင့် မှားယွင်းသည်ဟု သတ်မှတ်ကာ အမှုမှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ လွတ်မြောက်ခဲ့ပြီးနောက် အဆိုတော်တသသက သက်သေခံ ပစ္စည်းများအဖြစ် တင်သွင်းထားသည့် ရွှေဖြုန်းအိတ်များ၊ စက်ပစ္စည်းများ ပြန်ရလိုမှုဖြင့် တင်ပြလျှောက်ထားခဲ့ရာ ပယ်ချခံခဲ့ရပြီး မိမိနေအိမ်ခြံဝန်းအတွင်းသို့ ဝင် ရောက်၍ ရွှေဖြုန်းအိတ်များကို ယူဆောင်သွားသည့် လင်မယားနှစ်ဦးကို တရားစွဲဆိုရာတွင်လည်း ပလပ်ခံခဲ့ရသဖြင့် လူမှုကွန်ရက်စာမျက်နှာ Facebook ပေါ်တွင် Live လွှင့်တင်ခဲ့ရာက စဉ့်ကူးမြို့နယ်တရားသူကြီး ဦးဝင်းဇော်ဦးက ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်တိုင်ကြားခံထားရသူဖြစ်သည်။

■ J 16





ဓာတ်ပုံ-Myanmar Football Federation

# မြန်မာအသင်း အာရှဖလားကစားခွင့်နှင့်လွဲချော်

**ရန်ကုန်၊ မတ် ၂၂**

တောင်ကိုရီးယားနိုင်ငံ၌ မတ်လ ၂၂ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် အာရှဖလားခြေစစ်ပွဲ (ပြန်ကန်ပွဲစဉ်) တွင် ကာဂျစ်စတန်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ မြန်မာအသင်း အာရှဖလား ပြိုင်ပွဲကစားခွင့်နှင့် လွဲချော်သွားပြီ ဖြစ်သည်။

မြန်မာအသင်းအနေနှင့် အဆိုပါ ပွဲစဉ်တွင်အနိုင်ရခဲ့ပါက နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ် အာရှဖလား ဘောလုံးပြိုင်ပွဲကစားခွင့်ရရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း ကာဂျစ်စတန်အသင်းကိုဂိုးပြတ်အရေးနိမ့်ခဲ့သည့်အတွက် ခြေစစ်ပွဲအဆင့်နှင့်ပင် ကျေနပ်ခဲ့ရသည်။

အာရှဖလားခြေစစ်ပွဲ အုပ်စု (က) တွင် ပါဝင်နေသောအသင်းများအနက် အိန္ဒိယအသင်းသည် ခြေစစ်ပွဲအောင်ပြီး ဖြစ်၍ လက်ကျန်တစ်နေရာအတွက် မြန်မာအသင်းနှင့် ကာဂျစ်စတန်အသင်းတို့ အုပ်စုဒုတိယအကျော့ကစားခဲ့ရာတွင် ကာဂျစ်စတန်အသင်း ခြေစစ်ပွဲအောင်မြင်သွားခဲ့သည်။

မြန်မာအသင်း အာရှဖလားကစားခွင့်နှင့် လွဲချော်သွားသည့်နည်းတူ ဂတ်ဆီဇီ၏ နည်းပြချုပ်ရာထူးလည်း လူပ်ခတ်သွားနိုင်သည်ဟု အားကစားကလောင်ရှင်အချို့က ပြောဆိုသည်။

လိဂ်ပွဲစဉ်များတွင် မကစားရသော ဇော်မင်းထွန်းနှင့် ကစားသမားသစ်ကျော်စွာဝင်းတို့ကို နောက်တန်းတွင် ကစားစေခဲ့ပြီး ကွင်းလယ်ပိုင်းတွင်လည်း ရန်အောင်ကျော်၊ တင်ဝင်းအောင်တို့ကို ပွဲထုတ်ခဲ့ကာ တောင်ပံတိုက်စစ်အဖြစ် ကျော်ကိုကိုနှင့် စည်သူအောင်တို့နေရာတွင် ရန်ကုန်အသင်းမှ လူငယ်ကစားသမား အီစိုးကို ပထမဆုံးအကြိမ် ပွဲထုတ်ခဲ့ခြင်းကြောင့် ဂတ်ဆီဇီ၏ နည်းဗျူဟာကိုလည်း ၎င်းတို့က ဝေဖန်ခဲ့ကြသည်။

ကာဂျစ်စတန်အသင်းသည် ပွဲကစားချိန်အစ ငါးမိနစ်အတွင်း နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သည့်အတွက် မြန်မာအသင်းကို အသာစီးဖြင့်ကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာမူ ခြေပြတ်ဂိုးပြတ်ဖြင့် အရှုံးပေးခဲ့ရသည်။

မြန်မာအသင်းသည် မတ်လ ၂၇ ရက်နေ့တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ရန် ကျန်ရှိနေသေးသော်လည်း ခြေစစ်ပွဲအဆင့်နှင့်ပင် ကျေနပ်ခဲ့ရပြီဖြစ်ကာ အုပ်စုတွင်းပြိုင်ဘက်များဖြစ်သည့် အိန္ဒိယနှင့် ကာဂျစ်စတန်အသင်းတို့သည် ၂၀၁၉ ခုနှစ်အတွင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံတွင် ကျင်းပမည့် အာရှဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိသွားခဲ့သည်။ ■

J-04

# ဒုတိယတန်းသင်ရိုးသစ် မြို့နယ်အဆင့်သင်တန်းကို မူလတန်းပြအားလုံးတက်ရမည်

**ရန်ကုန်၊ မတ် ၂၂**

လာမည့်ပညာသင်နှစ်တွင် သင်ရိုးပြောင်းလဲသင်ကြားမည့် ဒုတိယတန်းအတွက် မြို့နယ်အဆင့်သင်ရိုးသစ်သင်တန်းကို ဧပြီလ ၁၉ရက်မှစ၍ မေလပထမသီတင်းပတ်အတွင်း မြို့နယ်အလိုက်ပို့ချမည်ဖြစ်ပြီး မူလတန်းပြများအားလုံး ယင်းသင်တန်းတက်ရမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနထံမှ သိရှိရသည်။

အစိုးရကျောင်းများမှ မူလတန်းပြများအပြင် ဘကကျောင်း၊ ပုဂ္ဂလိကကျောင်းများမှ မူလတန်းပြများ၊ တိုင်းရင်းသား ဘာသာစကား ဦးစီးဌာနအောက်ရှိကျောင်းများမှ မူလတန်းပြများ၊ မူလတန်းကျောင်းအုပ်များ၊ လယ်ပြ ၂၊ ၃ အဆင့် ဆရာများအားလုံး တက်ရောက်ရမည်ဖြစ်ကြောင်း ယင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းရီက ပြောကြားသည်။

ယခင်နှစ်များက စတင်ခဲ့သည့် သူငယ်တန်းနှင့် ပထမတန်းအတွက် မြို့နယ်အဆင့် သင်ရိုးသစ်သင်တန်းများတွင်မူ အမှန်တကယ်သင်ကြားမည့် ဆရာ၊ ဆရာမများကိုသာ ရွေးချယ်၍ သင်တန်းတက်စေသောကြောင့် လက်တွေ့တွင် ဆရာ၊ ဆရာမ မလုံလောက်ခြင်းနှင့် သင်တန်းတက်ထားသည့် ဆရာ၊ ဆရာမများ ရာထူးတိုးပြောင်းပါသွားသည့်အခါ သင်တန်းတက်ထားသည့် ဆရာများမရှိတော့ခြင်းကြောင့် ယခုနှစ်ဒုတိယတန်းသင်ရိုးသစ်သင်တန်းတွင် မူလတန်းပြအားလုံး တက်စေခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မြို့နယ်များတွင် သင်ကြားရေး အရည်အသွေးအားနည်းသည့် ကျောင်းများကို လှည့်လည်သင်ကြားရန် ခန့်အပ်ထားသော Mentor Teacher ၁၉၅ ဦးသည်လည်း ဒုတိယတန်းသင်ရိုးသစ် သင်တန်းတွင် ပါဝင်တက်ရောက်ရမည်ဖြစ်သည်။

သင်တန်းကာလအတွင်း မူလတန်းဆရာအတတ်သင်စာပေးစာယူ သင်တန်း (မစယ) တက်ရောက်နေသူများနှင့် ကျန်းမာရေးမကောင်းသည့် ဆရာ၊ ဆရာမများကိုမူ မစယ သင်တန်းပြီးဆုံးချိန် စနေ၊ တနင်္ဂနွေနေ့ကျောင်းပိတ်ရက်များတွင် အစားထိုးတက်ရောက်ရမည်ဖြစ်ကြောင်း ဦးထွန်းရီက ပြောကြားသည်။

မအူပင်မြို့နယ်၊ ရွာသစ်စု (လေးအိမ်စု) မူလတန်းကျောင်း၊ မူလတန်းပြ ဦးမြတ်သီဟထွန်းက "မူလတန်းပြဆရာ၊ ဆရာမဆို ကျတဲ့အတန်းကို ကောက်သင်နိုင်တဲ့အနေအထားမျိုး ဖြစ်ဖို့လိုတယ်။ အဲတော့ ဆရာ၊ ဆရာမအားလုံး တက်ရမယ်ဆိုတာ ကောင်းတယ်လို့ ပြောရမယ်။ ဒါပေမဲ့ လူဦးရေအများကြီး တစ်ပြိုင်တည်း တက်ရမယ်ဆိုတော့ အခက်အခဲတချို့တော့ ရှိမယ်" ဟု မှတ်ချက်ပြုသည်။

သင်ရိုးသစ်သင်တန်းကာလသည် နွေရာသီကာလဖြစ်ပြီး အခြေခံပညာဦးစီးဌာနအောက်တွင် မူလတန်းပြ ဆရာအရေအတွက်သည် အများဆုံးဖြစ်သဖြင့် သင်တန်းနည်းပြဦးရေ နည်းပါးခြင်း၊ နေရာမလုံလောက်ခြင်း စသည့်အခက်အခဲများဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ပြီးခဲ့သည့် သင်ရိုးသစ်သင်တန်းများတွင် သင်တန်းထောက်ပံ့စရိတ်ကို သင်တန်းပြီးဆုံးချိန်မှသာ ပေးသဖြင့် လာမည့်သင်တန်းတွင် သင်တန်းမစမီ ကြိုတင်ထုတ်ပေးပါက အဆင်ပြေမည်ဖြစ်ကြောင်း ဦးမြတ်သီဟထွန်းက ပြောဆိုသည်။

တိုင်းနှင့်ပြည်နယ်အဆင့် ဒုတိယတန်းသင်ရိုးသစ်သင်တန်းများကို မတ်လ ၃၀ ရက်မှ ဧပြီလ ၁၂ ရက်ထိပြုလုပ်မည်ဖြစ်ပြီး တိုင်းနှင့်ပြည်နယ်ပညာရေးမှူးရုံးများသို့ ညွှန်ကြားပြီးဖြစ်ကြောင်းနှင့် သင်တန်းအသုံးစရိတ်များကိုလည်း စီစဉ်ပြီးဖြစ်ကြောင်း ဦးထွန်းရီက ပြောကြားသည်။

သင်တန်းကာလအတွင်း တစ်ရက်လျှင် သင်တန်းထောက်ပံ့စရိတ်အနေနှင့် ဆရာ၊ ဆရာမတစ်ဦးကို ကျပ် ၃၀၀၀ စီ ထောက်ပံ့မည်ဖြစ်ကြောင်း ဦးထွန်းရီက ပြောကြားသည်။

အသစ်ရေးဆွဲထားသည့် ဒုတိယတန်းသင်ရိုးသစ်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်၊ တွဲဖက်သင်ရိုးဘာသာရပ်များအဖြစ် စာရိတ္တနှင့် ပြည်သူ့နီတိ၊ ပန်းချီ၊ ကာယနှင့် ဂီတ စသည့်ဘာသာရပ် ဆယ်ခုပါဝင်မည်ဖြစ်သည်။ ■ J-19

# NESCAFE URBAN MOVEMENT စကိတ်စီးပြိုင်ပွဲတွင် ကစားသမား ၂၅၀ ကျော် ပါဝင်မည်

**ရန်ကုန်၊ မတ် ၂၂**

မြန်မာစကိတ်အသင်းနှင့် BMX စက်ဘီးအဖွဲ့အစည်းတို့က စီစဉ်ကျင်းပမည့် NESCAFE URBAN MOVEMENT စကိတ်စီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစား သမား ၂၅၀ ကျော် ပါဝင်ဖွယ်ရှိကြောင်း မြန်မာစကိတ်အသင်းဥက္ကဋ္ဌ ကိုလွင်လတ်က ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ဧပြီလ ၁ ရက်တွင် ပြည်သူ့ဥယျာဉ်(လွှတ်တော်ရှေ့ဝင်ပေါက်တည့်တည့်ကွင်း) တွင် ကျင်းပမည်ဖြစ်ပြီး အင်္ဂလန်နှင့်သြစတြေးလျမှ ကမ္ဘာ့အဆင့်မီ ဒိုင်သူကြီးများလာရောက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဒီပြိုင်ပွဲကိုအင်္ဂလန်နဲ့သြစတြေးလျမှ ဒိုင်တွေ လာရောက်ဖို့ ဖိတ်ခေါ်ထားတယ်။ ပြိုင်ပွဲဝင်အားကစားသမား ၂၅၀ နဲ့ ၃၀၀ ကြားလောက်ပါဝင်ဖို့ သတ်မှတ်ထားတယ်။ အခုလက်ရှိတော့ စာရင်းပေးထားတာ ၁၅၀ ကျော်ပြီ" ဟု စကိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌကဆိုသည်။

ပြိုင်ပွဲတွင် စကိတ်ပြိုင်ပွဲ အမျိုးအစား ၁၀ မျိုးနှင့် BMX စက်ဘီးစီးပြိုင်ပွဲ တစ်မျိုးတို့ကို ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်အားကစားကွင်းကို NESCAFE မှ ကျပ်သိန်း ၃၀၀ကျော် အကုန်အကျခံတည်ဆောက်ပေးလျက်ရှိကြောင်း မြန်မာစကိတ်အဖွဲ့များထံမှ သိရသည်။

ပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး ဆုရရှိသူများကို ဆုကြေးချီးမြှင့်မည်မဟုတ်သော်လည်း ပြည်ပထုတ် ပရော်ဖက်ရှင်နယ် စကိတ်စီးဖိနပ်များကို ချီးမြှင့်မည်ဖြစ်ပြီး BMX ပြိုင်ပွဲတွင်လည်း ပြည်ပထုတ် စက်ဘီးများကို ပေးအပ်မည်ဟု ထုတ်ပြန်ထားသည်။

ထိုပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ တနင်္သာရီ၊ ဧရာဝတီနှင့် မကွေးတိုင်း၊ ကရင်နှင့် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်အားကစားသမားများ လာရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းထံမှ ထုတ်ပြန်ထားသည်။ ■ MZK


စေတနာ မေတ္တာဖြင့်သတိပေးခြင်း

# ရှေ့နေဟောင်းဦးဇော်ဝင်းကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဖမ်းဆီး

**မန္တလေး၊ မတ် ၂၂**

ပြည်ကြီးတံခွန်မြို့နယ် တရားရုံးမှ မြို့နယ်တရားသူကြီးအမည်တပ်ထားသော ဆိုင်းဘုတ်ကို ဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သည့် တရားလွှတ်တော် ရှေ့နေဟောင်း ဦးဇော်ဝင်းကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် မတ်လ ၂၁ ရက်နေ့ညက ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စိုးက တရားလိုပြုလုပ်ကာ တရားရုံးသို့ ဦးတိုက်လျှောက်ထားသောကြောင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့နယ်တရားသူကြီး ဒေါ်ခင်မာဦးက ပြောကြားသည်။

မတ်လ ၁၅ ရက်နေ့က ချမှတ်ခဲ့သောအမှုတစ်ခုနှင့်ပတ်သက်၍ တရားသူကြီးသည် တရားဥပဒေနှင့်မညီ စစ်ဆေးဆုံးဖြတ်ကာ ထောင်ဒဏ်ချမှတ်ခဲ့သည်ဟုဆိုကာ ဦးဇော်ဝင်း (ရှေ့နေလိုင်စင် အသိမ်းခံထားရသူ) က မြို့နယ်တရား သူကြီးအမည်တပ်ထားသော ဆိုင်းဘုတ်ကို ဖိနပ်ဖြင့်ပစ်ပေါက်ခဲ့ခြင်းဖြစ်သည်။

"ဦးဇော်ဝင်း တရားရုံးထဲမှာ ပြောဆိုခဲ့တာတွေဟာ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြောဆိုရာရောက်တယ်။ ဒီလိုပြောဆိုမှုတွေကြောင့် တရားစွဲပေးဖို့ မတ်လ ၂၀ ရက်နေ့မှာ ထွေအုပ်က တရားရုံးဦးတိုက်လျှောက်ထားခဲ့ပါတယ်။ ကျွန်မတို့ တရားရုံးကနေပြီးတော့ ၂၀ ရက်နေ့မှာပဲ ဖမ်းဝရမ်းထုတ်ပေးထားခဲ့တာဖြစ်ပါတယ်" ဟု ပြည်ကြီးတံခွန်မြို့နယ်တရားသူကြီး ဒေါ်ခင်မာဦးက ရှင်းပြသည်။

ဦးဇော်ဝင်းသည် တရားစီရင်ရေးတာဝန်ထမ်းဆောင်နေသူများကို ပုတ်ခတ်ပြောဆိုခြင်း၊ 'ဓာက်သုံးမကျသည့်ရုံး' ဟူသော စကားလုံးဖြင့် တရားသူကြီးတို့ကို ညစ်ညမ်းစွာဆဲဆိုခြင်း၊ နိုင်ငံတော်အဆင့်လူကြီးများကို မလေးစားအောင် လှုံ့ဆော်ပြောဆိုခြင်း၊ တရားရုံးဝင်းအတွင်းနှင့် အနီးဝန်းကျင်အပါအဝင် တရားခွင်၌ အမှုစစ်ဆေးနေခြင်းတို့ကို ခွင့်ပြုချက်မရှိဘဲ လက်ကိုင်ဖုန်းဖြင့် ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးခြင်းတို့ ဆောင်ရွက်ခဲ့သည်ဟုဆိုကာ ပြည်ကြီးတံခွန်မြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စုသက်ငုံက တိုင်ကြားထားသည့်အတွက် ပြည်ကြီးတံခွန်မြို့မရဲစခန်းက ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၄/၃၅၃/




ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၌ ဦးဇော်ဝင်းကို ရုံးထုတ်ပြီး ချုပ်ရက်ရမန်ယူခဲ့သည်ကို မတ်လ ၂၂ ရက်နေ့က တွေ့ရစဉ်

၂၂၈/၅၀၆ တို့ဖြင့် မတ်လ ၁၅ ရက်နေ့က အမှုဖွင့်ခံထားရသေးသည်။

"အခု ၅၀၅ (ခ) နဲ့ စွဲတဲ့အထဲမှာ သက်သေခံအထောက်အထား ဘာမှမပါဘူး။ ပြည်သူကို ကျွန်တော်တို့ ဘာကောလာဟလ ပြောစရာရှိလဲ" ဟု ဦးဇော်ဝင်းက တုံ့ပြန်ပြောဆိုခဲ့သည်။

ဦးဇော်ဝင်းသည် ၂၀၁၇ ခုနှစ် မေလ ၃၀ ရက်နေ့ကလည်း မတ္တရာမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီးကို ဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သောကြောင့် မိတ္ထီလာတရားရုံးတွင် လက်ရှိအချိန်အထိ အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

■

M-04

# မိတ္ထီလာတွင် ဆိတ်ကျောင်းသူ မိန်းကလေးတစ်ဦး ကြိုးဆွဲချသေဆုံး

**မိတ္ထီလာ၊ မတ် ၂၂**

မိတ္ထီလာမြို့နယ် ထမုန်ကန်အုပ်စု ရွှေတောင်ကျေးရွာမှ ဆိတ်ကျောင်းနေသည့် အသက် ၁၅ နှစ်အရွယ် မိန်းကလေးတစ်ဦး မတ်လ ၂၁ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်က ကြိုးဆွဲချသေဆုံးခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

"ဆိတ်ပျောက်ရှာရင်း တောထဲက သရက်ပင်မှာ ကြိုးဆွဲချသေဆုံးနေတာလို့ သူ့အဖေက ပြောပါတယ်" ဟု အဆိုပါနေရာသို့ သွားရောက်ကူညီခဲ့သော မိတ္ထီလာမြို့ရှိ ရန်အောင်မြင်နာရေးကူညီမှုအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူမှာ ရွှေတောင်ကျေးရွာ ရွှေကူမိုးကောင်း ဘုန်းတော်ကြီးကျောင်းအနောက်ဘက် ပေ ၁၅၀ အကွာရှိ သရက်ပင်တွင် ပြင်ပဒဏ်ရာမရှိဘဲ ဂျင်းအင်္ကျီတစ်ထည်ကို အသုံးပြုကာ ကြိုးဆွဲချ သေဆုံးနေခြင်းဖြစ်ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

အဆိုပါ သေဆုံးမှုကို မိတ္ထီလာမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၅/၂၀၁၈ ဖြင့် အမှုဖွင့်ပေးထားပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■ R-01

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၁

# မင်္ဂလာမန္တလေးက ယိမ်းအကပြိုင်ပွဲနှင့် မောင်-မယ်သင်္ကြန်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး၊ မတ် ၂၂**

မန္တလေးမြို့တော်ရှိ ဈေးဝယ်စင်တာများအနက် မင်္ဂလာမန္တလေးကကျင်းပမည့် စတုတ္ထအကြိမ်မြောက် သင်္ကြန်ပွဲတော်တွင် ယိမ်းအကပြိုင်ပွဲနှင့် မောင်-မယ်သင်္ကြန်ပြိုင်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ယင်းစင်တာမှ မန်နေဂျာ ဒေါ်ဇင်မာထွန်းက ပြောကြားသည်။

အဆိုပါသင်္ကြန်အကြိုပွဲတော်ကို ပရိုမိုးရှင်းဧရိယာအတွင်း ဧပြီလ ၇ ရက်နှင့် ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို မတ်လ ၃၁ ရက်နေ့နောက်ဆုံးထားထုတ်ယူနိုင်ကြောင်း၊ ယိမ်းအကအလှုပြိုင်ပွဲအတွက် ပထမဆုကျပ်သိန်း ၂၀၊ ဒုတိယဆု ကျပ် ၁၅ သိန်းနှင့် တတိယဆု ကျပ် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်ကာ မောင်-မယ်သင်္ကြန်ပြိုင်ပွဲတွင် ပထမဆုရသူကို ကျပ်ခုနစ်သိန်း၊ ဒုတိယဆုကျပ်ငါးသိန်း၊ တတိယဆု ကျပ်သုံးသိန်းနှင့် The Best Talent ဆုရသူကို ကျပ်တစ်သိန်းချီးမြှင့်မည်ဟု ၎င်းက ပြောဆိုသည်။

မင်္ဂလာမန္တလေးအနေနှင့် မောင်-မယ်သင်္ကြန်ပြိုင်ပွဲနှင့် ယိမ်းအကအလှုပြိုင်ပွဲတို့အပြင် သင်္ကြီးပူဇော်ပွဲ၊ စတုဒိသာကျွေးမွေးခြင်း၊ သင်္ကြန်အကြို ဈေးရောင်းပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များပါ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဖြူဖြူကျော်သိန်း၊ Project- K Dance Crew နှင့် အလင်းသစ် မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့ကလည်း ဖျော်ဖြေပေးမည်ဖြစ်ကြောင်း အသိပေးထားသည်။

မင်္ဂလာမန္တလေးအနေနှင့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ၂၀၁၅ ခုနှစ်က စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်း ဖြစ်သည်။

■

M-07

# နန်နင်းကုန်စည်ပြပွဲတွင် အရည်အသွေးမီကုန်စည်များပြသရန် မြန်မာလုပ်ငန်းရှင်များကို တရုတ်ဖိတ်ခေါ်

**မန္တလေး၊ မတ် ၂၂**

တရုတ်နိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ စက်တင်ဘာလအတွင်းကျင်းပမည့် ၁၅ ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲတွင် အရည်အသွေးမီ ကုန်စည်များပြသရန် မြန်မာလုပ်ငန်းရှင်များကို ဖိတ်ခေါ်ကြောင်း တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာ အထွေထွေအတွင်းရေးမှူးရုံးမှ ဒုတိယအတွင်းရေးမှူး မစ္စတာကျမ်းကြုံက ပြောကြားသည်။

“၂၀၁၄ ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံထွက် လက်ဖက်နဲ့ကော်ဖီထုတ်ကုန်တွေ အခြေအနေကောင်းခဲ့ပြီး လူကြိုက်များခဲ့ပါတယ်” ဟု ၎င်းကပြောဆိုသည်။

အားသာချက်ရှိသော ရိုးရာထုတ်ကုန်များကို ဈေးကွက်သစ်ရှာဖွေရောင်းချခြင်းဖြင့် လက်ငင်းအကျိုးအမြတ် ရရှိစေရန်နှင့် ကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုရှိစေရန် ရည်ရွယ်သည်ဟု မစ္စတာကျမ်းကြုံက ရှင်းပြသည်။

ယင်းကုန်စည်ပြပွဲတွင် မြန်မာ့ကျောက်မျက်နှင့်ကျောက်စိမ်း၊ ရိုးရာလက်မှုပစ္စည်းများ၊ မြန်မာ့လက်ဖက်၊ ကော်ဖီထုတ်ကုန်များအတွက် ပြခန်းနေရာများစီစဉ်ပေးထားပြီး ရောင်းသူနှင့်ဝယ်သူအကြား တိုက်ရိုက်ထိတွေ့ ချိတ်ဆက်နိုင်သောတွေ့ဆုံပွဲများ စီစဉ်ပေးထားကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

“မြန်မာပြည်ကလုပ်ငန်းရှင်တွေ သွားသင့်တယ်” ဟု မန္တလေးမြို့ခံ ဦးမင်းရွှေ (အင်ကြင်းကျောက်လုပ်ငန်း) က ပြောကြားသည်။

နန်နင်းကုန်စည်ပြပွဲတွင် သွားရောက်ပြသသောပစ္စည်းအတွက် အရောင်းမြှင့်တင်ရေးလုပ်ဆောင်နိုင်သည့်အပြင် နည်းပညာပိုင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဆက်အသွယ်များရလာနိုင်သည်ဟု ၎င်းကပြောဆိုသည်။

၁၅ ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ နန်နင်းမြို့တွင်ကျင်းပမည် ဖြစ်ကာ နိုင်ငံပေါင်း ၂၀ ကျော်မှ လာရောက်ပြသမည်ဟုယုံကြည်ကြောင်း တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာ အထွေထွေအတွင်းရေးမှူးရုံးထံမှ သိရသည်။

မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေနှင့် တရုတ်နိုင်ငံတွင် ကျင်းပသည့် ကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး ပံ့ပိုးကူညီပေးမည် ဖြစ်ကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်းက ပြောကြားသည်။

ယမန်နှစ်ကကျင်းပခဲ့သော ၁၄ ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီလုပ်ငန်းပေါင်း ၁၂၆၈ ခု၊ ပြခန်းပေါင်း ၁၄၈၁ ခန်း၊ စီးပွားရေးလုပ်ငန်းရှင် ၁၆၀၀ ဦး တက်ရောက်ခဲ့ကြောင်း တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာ အထွေထွေအတွင်းရေးမှူးရုံးက ဖော်ပြထားသည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာကုန်စည်ပြပွဲကို ရန်ကုန်မြို့မင်းဓမ္မလမ်းရှိ Myanmar Event Park (MEP) ခန်းမ၌ မေလအတွင်း ကျင်းပရန်ရှိနေသည်။ ■ M-08


ဓာတ်ပုံ-မြတ်မင်း

# စစ်ကိုင်းသံရည်ကျိုစက်ရုံတွင် ကနောင်မင်းရုပ်တုထားရန်စီစဉ်

**မန္တလေး၊ မတ် ၂၂**

စစ်ကိုင်းမြို့တွင်ရှိပြီး ကနောင်မင်းသားကြီး တည်ထောင်ခဲ့သည့် သံရည်ကျိုစက်ရုံတွင် ကနောင်မင်းသားကြီး ရုပ်ထုထားရှိနိုင်ရန် စီစဉ်နေကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါရုပ်တုထားရှိနိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်ကိုင်းဌာနခွဲ) နှင့် ညှိနှိုင်းလျက်ရှိပြီး ခွင့်ပြုချက်ရရှိမည်ဟု မျှော်လင့်ရကြောင်း စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောကြားသည်။

စစ်ကိုင်းမြို့ သာစည်ရပ်ကွက်အတွင်းရှိ သံရည်ကျိုစက်ရုံပတ်ဝန်းကျင်ကို ပြည်တွင်းပြည်ပခရီးသွားများ လေ့လာနိုင်သည့်နေရာဖြစ်စေရန် စစ်ကိုင်းတိုင်းအစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၅၄၀ ဖြင့် မတ်လဆန်းပိုင်းက စတင်လုပ်ဆောင်လျက်ရှိသည်။

ကနောင်မင်းသားကြီးသည် အဆိုပါသံရည်ကျိုစက်ရုံကို ၁၈၅၈ ခုနှစ်က အုတ်မြစ်ချခဲ့ပြီး အင်္ဂလန်နိုင်ငံမှ စက်ပစ္စည်းများမှာယူ တည်ဆောက်နေစဉ် ၁၈၆၆ တွင် ကနောင်မင်းသား လုပ်ကြံခံလိုက်ရသည့်အတွက် ဆက်လက် မတည်ဆောက်နိုင်တော့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ■ M-05

# ကင်းလှည့်နေသည့် ရဲအရာခံတစ်ဦး ကားတိုက်ခံရပြီးသေဆုံး

**မန္တလေး၊ မတ် ၂၂**

ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာအနီးတွင် လှည့်ကင်းတာဝန်ထမ်းဆောင်နေသည့် ရဲအရာခံတစ်ဦး မတ်လ ၂၁ ရက်နေ့ ည ၈ နာရီခွဲခန့်အချိန်က ကားတိုက်ခံရ၍ သေဆုံးသွားခဲ့ကြောင်း ပြင်စာကျေးရွာရဲစခန်းထံမှ သိရသည်။

“သူက အနီးစခန်းရဲကင်းကပါ။ ရဲကင်းရဲ့လမ်းတစ်ဖက်ခြမ်းမှာက လှည့်ကင်းလှည့်ဖို့စောင့်နေကြတဲ့အဖွဲ့တွေရှိတယ်။ အဲဒီကိုသွားဖို့ လမ်းဖြတ်ကူးတာပေါ့။ အဲ့ဒီမှာ အရှိန်ပြင်းပြင်းနဲ့မောင်းလာတဲ့ကားတစ်စီးက ဝင်တိုက်မိတာပါ။ တပ်ဖွဲ့ဝင်ကတော့ နေရာမှာပဲ ဆုံးသွားပါတယ်” ဟု ပြင်စာကျေးရွာရဲစခန်းမှ တာဝန်ကျအရာရှိတစ်ဦးက ပြောကြားသည်။

ရဲအရာခံဗိုလ်ဇော်မိုးထွန်းသည် လှည့်ကင်းသွားရန် လမ်းဖြတ်ကူးနေစဉ် Caldina အမျိုးအစားကားတစ်စီးကဝင်တိုက်မိခဲ့ခြင်းဖြစ်ပြီး ကိုက်လေးရာခန့်အထိ ကားဘောနပ်ဖုံးပေါ်ပါသွားခဲ့ပြီးနောက် ပြုတ်ကျသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

တိုက်မိခဲ့သည့် မော်တော်ယာဉ်သည် ထွက်ပြေးသွားခဲ့သော်လည်း အနီးစခန်းရဲကင်းမှတပ်ဖွဲ့ဝင်များ လိုက်လံဖမ်းဆီးမှုကြောင့် ပြင်ဦးလွင်မြို့ပတ်လမ်း နှီးဘုရားအနီးတွင် ဖမ်းဆီးရမိခဲ့ကြောင်း ယင်းရဲကင်းထံမှ သိရသည်။

ရဲတပ်ဖွဲ့ဝင်ကို ဝင်တိုက်ခဲ့သူ အသက် ၅၀ နှစ်ခန့်ရှိ ယာဉ်မောင်း ဦးလှမြင့်ကို ပြင်စာကျေးရွာရဲစခန်းက ယာဉ်မဆင်မခြင် မောင်းနှင်မှု (ပ)၁၉/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၄-က/ကျင့် ၂၀၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■ M-04

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃

# လျှော့ချထားသူများ၏ တန်ဖိုးနည်းအိမ်ရာ လျှော့ချလွှာရောင်းချသည့်ရက်တိုး

**ရန်ကုန်၊ မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တန်ဖိုးနည်းအိမ်ရာများ အတွက် လျှော့ချလွှာများရောင်းချပေးလျက်ရှိရာ လျှော့ချထားသူများသည့် အတွက် လျှော့ချလွှာရောင်းချရက်ကို မတ်လ ၃၀ ရက်ထိ တိုးလိုက်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောကြားသည်။

ဝင်ငွေနည်းပြည်သူများနှင့်ပုဂ္ဂလိကဝန်ထမ်းများကို အများဆုံးရောင်းချပေးမည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်တိုက်ခန်းများအတွက် လျှော့ချလွှာဖောင်များကို ဖေဖော်ဝါရီလ ၁၆ ရက်မှ မတ်လ ၁၆ ရက်အထိ နောက်ဆုံး ရောင်းချပေးမည်ဟု ကြေညာခဲ့သော်လည်း လျှော့ချထားသူများ အဆင်ပြေစေရန် ယခုကဲ့သို့ ရက်တိုးရောင်းချရန်စီစဉ်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"လျှော့ချထားသူတွေများလို့ မတ်လ ၃၀ ရက်နေ့ ဖောင်ပိတ်ပြီးမှ အရေအတွက်ကို သိနိုင်မယ်" ဟု ၎င်းက ဆိုသည်။

တိုက်ခန်းဝယ်ယူခွင့်ဖောင်များကို မတ်လ ၃၀ရက်နေ့အထိ တိုးလိုက်ပြီဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်ထားသည့် မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်များရှိ တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာ ၈၆၂ ခန်းကို တိုင်းအစိုးရက ရောင်းချပေးမည်ဖြစ်သည်။

ထိုသို့ ရောင်းချရာတွင် ဝယ်ယူခွင့် လျှော့ချထားသူများအနေနှင့် အိမ် (သို့) မြေပိုင်ဆိုင်မှု မရှိကြောင်း လက်ရှိ နေထိုင်သည့် မြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ထောက်ခံချက်ပါရှိရမည်ဟု အိမ်ရာ ဝယ်ယူခွင့်လျှော့ချလွှာတွင် ဖော်ပြထားသည်။

တန်ဖိုးနည်းတိုက်ခန်းဈေးနှုန်းများမှာ ကျပ် ၉၈ သိန်းဝန်းကျင်မှ ကျပ်သိန်း ၁၃၀ ဝန်းကျင်၊ တန်ဖိုးသင့်တိုက်ခန်းများမှာ ကျပ် သိန်း ၃၀၀ မှ ကျပ်သိန်း ၅၀၀၊ ကျပ်သိန်း ၆၀၀ ဝန်းကျင် အထိရှိပြီး တန်ဖိုးနည်း တိုက်ခန်းလျှော့ချထားသူသည် မိသားစုဝင်ငွေတစ်လ ကျပ် ၃ သိန်းမှ ငါးသိန်းကြားနှင့် တန်ဖိုးသင့်တိုက်ခန်းဝယ်ယူသူသည် မိသားစုတစ်လ ဝင်ငွေ ကျပ် ၅ သိန်းမှ ကျပ် ၁၂ သိန်းကြားရှိရမည်ဖြစ်သည်။

တန်ဖိုးနည်း၊ တန်ဖိုးသင့်တိုက်ခန်းများကို ဝယ်ယူခွင့်ရရှိသူများသည် ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ကနဦး ၂၅ ရာခိုင်နှုန်း ပေးသွင်းရမည်ဖြစ်ပြီး အစိုးရဝန်ထမ်းဖြစ်ပါက ကနဦး ၁၅ရာခိုင်နှုန်းသွင်းရမည်ဖြစ်ကာ ၁၅ နှစ် အရစ်ကျပေးချေရမည်ဖြစ်ကြောင်းနှင့် တိုက်ခန်းဝယ်ယူခွင့် ရရှိသူများသည် ကနဦး ငွေပေးသွင်းပြီးပါက နေထိုင်ခွင့် ရရှိမည်ဖြစ်သည်။ ■ **J-10**

The VOICE Daily CARTOON




The Voice Daily

လစဉ်ပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ရန်ကုန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ **(Hot Line)**၊

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်သူတွေအတွက် ကုသိုလ်လမ်းညွှန်ကဏ္ဍမှာ လမ်းညွှန်ပေးချင်တာက ခြေတုတပ်ဆင်ဖို့လိုအပ်သူတွေ စာရင်းပေးသွင်းနိုင်ဖို့ပါ။ Lesprocy Mission အဖွဲ့က ကြီးမှူးပြီး ခြေတုတပ်ဆင်တဲ့အစီအစဉ်ကို ဧပြီ၊ မေနဲ့ ဇွန်လတွေမှာ လားရှိုးမြို့မှာ ပြုလုပ်သွားမှာဖြစ်ပြီး ခြေတုတပ်ဆင်ဖို့ လိုအပ်နေသူတွေ စာရင်းပေးသွင်းနိုင်မှာပါ။ စာရင်းပေးသွင်းလိုသူတွေ Leprocy Mission မှာ ဦးဇေယျာမင်း ဖုန်း ၀၉၉၆၉၇၃၅၁၁၀၊ Ja Ra (တာမိုးညဲ) ၀၉ ၂၅၇၈ ၂၃၆၇၉၊ Htu Seng Hkawng (မုံးစီး) ၀၉ ၄၄၈၅၆၉ ၂၀၅၊ Naw Ring (မူဆယ်) ၀၉ ၄၇၀၇၉၉၁၅၊ Elizabeth (မိုးမိတ်) ၀၉ ၇၃ ၂၅၁၁၄၅၊ Srm. Ester (မုံးပေါ်) ၀၉ ၃ ၂၉၃၁၈၃ ၂၊ ဦးဆန်းဝင်း (ကွတ်ခိုင်) ၀၉ ၇၈၁၄၇၉၁ ၂၇၊ Mai Mai (ကွတ်ခိုင်) ၀၉ ၂၅၆ ၂၄၀၉၉၀ စတဲ့ ဖုန်းနံပါတ်များကို ဆက်သွယ်ပြီး သက်ဆိုင်ရာမြို့အလိုက် ခြေတုတပ်ဆင်ရန်လိုအပ်သူတွေ စာရင်းပေးသွင်းနိုင်မှာ ဖြစ်ပါတယ်။ ■

## ဈေးဝယ်လမ်းညွှန်



### သင်္ကြန်တွင်း တစ်နေကုန်လှစေဖို့ ရေစိုခံ မိတ်ကပ်သင်တန်းတက်မယ်

မိတ်ကပ်ပြင်ဆင်ခြယ်သဖို့ စိတ်ပါဝင်စားသူတွေအတွက် တစ်နေ့တာ မိတ်ကပ်သင်တန်းတစ်ခုကို ညွှန်ပေးချင်ပါတယ်။ သင်္ကြန်တွင်းလည်တဲ့အခါမှာ လိမ်းခြယ်နိုင်မယ့် ရေစိုခံမိတ်ကပ်လိမ်းနည်းကို သင်ပေးမှာဖြစ်ပြီး သင်္ကြန်တင်မကဘဲ ကမ်းခြေသွားတဲ့အခါမှာပါ သုံးနိုင်မယ့် Makeup Look ပြင်နည်းကို သင်ကြားပေးမှာဖြစ်ပြီး သင်ကြားပေးမယ့် ဆရာက SMA Bangkok နဲ့ SMA Yangon ကျောင်းတွေမှာ သင်ကြားပေးနေတဲ့ International Trainer Stephen Crotty ကိုယ်တိုင်သင်ကြားပေးမှာပါ။ ပြင်နေကျ မိတ်ကပ်ပုံစံမျိုးနဲ့ ကွဲထွက်ပြီး ပြင်ချင်သူတွေ သွားရောက်သင်ကြားနိုင်မှာဖြစ်ပြီး သင်ကြားစဉ်မှာ စကားပြန်ထားရှိပေးထားလို့ ဘာသာစကားအခက်အခဲအတွက် စိတ်ပူစရာမလိုဘူးလို့ သင်တန်းစီစဉ်သူက ဆိုပါတယ်။ ဧပြီ ၁ ရက်နေ့ ဖွင့်လှစ်မယ့်သင်တန်းဖြစ်ပြီး သင်တန်းကြေးက ကျပ် တစ်သိန်းကျသင့်မှာပါ။ သင်တန်းတက်ရောက်သူတွေအတွက် မိတ်ကပ် Brush Set နဲ့ မိတ်ကပ်ပစ္စည်းအစုံထားရှိပေးထားတာမို့ သင်တန်းတက်ရောက်ဖို့အတွက် ဘာပစ္စည်းမှ ဝယ်ပြီးယူလာဖို့ မလိုပါဘူး။ ဒါ့အပြင် ရေစိုခံမိတ်ကပ်တွေကိုလည်း အထူးဈေးနှုန်းနဲ့ ဧပြီ ၁ ရက်နေ့မှာပဲ ရောင်းပေးသွားမယ်လို့ ဆိုပါတယ်။ အသေးစိတ် အချက်အလက်တွေကို ဖုန်း ၀၉ ၉၇၁၃၁၃၇၉၃ ကို ဆက်သွယ်မေးမြန်းနိုင်မှာပါ။ ■

ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




ယနေ့ ကျွန်ုပ်တို့နိုင်ငံ၏ပြည်သူများအကြားတွင် လက်ရှိလူအများဆုံး စိတ်ဝင်စားနေသောအရာတစ်ခုကို ပြောပါဆိုလျှင် နိုင်ငံတော်သမ္မတ မည်သူဖြစ်လာမည်လဲဟူသည့်ကိစ္စကိုပင် လက်ညှိုးထိုးပြရမည် ဖြစ်သည်။ ထိုသို့ဆိုလျှင် ပြည်သူအများ မနေ့အမြန်ဆိုသလို သိချင်နေကြသည့် နိုင်ငံတော်သမ္မတ မည်သူဖြစ်လာမည်လဲဆိုသည်ကို မသိရှိကြရသေးမီ အဆိုပါနိုင်ငံတော်သမ္မတတစ်ဦးတွင် မည်သည့်တာဝန်များ အပ်နှင်းထားပြီး ၎င်းက မည်မျှအထိ လုပ်ပိုင်ခွင့်အာဏာများ ရရှိထားသည် ဆိုခြင်းကိုမူ ကျွန်ုပ်တို့ ပြန်လည်ဆန်းစစ်လေ့လာထားရှိကြရန် လိုအပ်လာမည်ဟုလည်း ကျွန်ုပ်ထင်မြင်မိသည်။

အခြားရှုထောင့်တစ်ဖက်မှကြည့်လျှင်လည်း နိုင်ငံတော်သမ္မတတစ်ဦးအနေနှင့် မည်သည့်တာဝန်များကို ထမ်းဆောင်ရမည်၊ ၎င်းတွင် မည်သည့်လုပ်ပိုင်ခွင့်အာဏာများရှိသည် ဆိုခြင်းကို ပြည်သူအများမှလည်း သိရှိထားမှသာ အဆိုပါ သမ္မတတစ်ဦး၏တန်ဖိုးနှင့် ၎င်း၏ အရေးပါအရာရောက်မှု မည်မျှရှိသည်၊ ကျွန်ုပ်တို့ပြည်သူများအတွက် မည်သည့်အရာများကို ဖော်ဆောင်ပေးနိုင်မည်ဆိုသည်ကို ကျွန်ုပ်တို့ပြည်သူအများ ခန့်မှန်းတွက်ချက် နှိုင်းဆကြရနိုင်မည်လည်း ဖြစ်သည်။

ထို့အတွက်ကြောင့်ပင်လျှင် ကျွန်ုပ်တို့ပြည်သူများ အလွယ်တကူ သိရှိနိုင်စေရေးအတွက်ရည်ရွယ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၅)၊ (၆)နှင့် အခန်း (၉) တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအပေါ် အခြေခံကိုးကားပြီး အများနားလည်လွယ်နိုင်သည့်ပုံစံ အရေးအသား အသုံးအနှုန်းပုံစံများဖြင့် ဥပဒေအရေးအသားများကို ပုံစံပြောင်းပြီး ရိုးရိုးရှင်းရှင်း ပြောပြလိုရင်းပင် ဖြစ်သည်။

ထိုသို့ဆိုလျှင် ပထမဦးစွာ နိုင်ငံတော်သမ္မတဆိုသည်မှာ မည်သူဖြစ်သနည်းဆိုခြင်းကို ဦးစွာအစ လေ့လာကြည့်ကြပါက နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆ နှင့် ၁၉၉(က)တွင်ပြဋ္ဌာန်းထားသည်ကို အခြေခံဥပဒေ ကနဦးအစတွင်ပင် လေ့လာတွေ့ရှိရမည်ဖြစ်သည်။

၎င်း၏ရာထူးသက်တမ်းသည် ၅ နှစ်ဖြစ်ပြီး စတင်ရွေးချယ်တင်မြှောက်ခြင်း ခန့်အပ်ခြင်းခံရပြီးချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ၂၀၁ တို့အရ ၎င်းဦးစီးသည့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဒုတိယသမ္မတ ၂ ဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ ပါဝင်ဖွဲ့စည်းထားရမည်ဖြစ်သည်။

၎င်းနောက်တွင် ဥပဒေအရပေးအပ်သောတာဝန်များကို ထမ်းဆောင်သည့်နေရာတွင် ဥပဒေအရပေးအပ်သည့် အဓိကအရေးကြီးသည့် ကိစ္စအကြောင်းအရာများကို ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက်လည်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုသမ္မတကပင် ဦးဆောင်ပြီး ဒုသမ္မတ ၂ ဦး၊ လွှတ်တော်ဥက္ကဋ္ဌ ၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုကာကွယ်ရေးဦးစီးချုပ်၊ နောက် ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ပါဝင်သည့် အဖွဲ့ ၁၁ ဦးဖြင့် စတင်ဖွဲ့စည်းထားရမည်လည်း ဖြစ်သည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတတစ်ဦး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအနေနှင့် မည်သည့်ကိစ္စများ ဆောင်ရွက်ခွင့်ရှိသည်ဆိုခြင်းကိုမူ အပိုင်းလိုက်လေ့လာကြည့်ကြပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂ နှင့် ၂၀၃ တို့အရ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနဲ့ ပြည်ထောင်စုဝန်ကြီးဦးရေကို လိုအပ်သလို သတ်မှတ်နိုင်သည့်အပြင် ဝန်ကြီးဦးရေနှင့်ဌာနတွေကို တိုးခြင်း၊ လျှော့ခြင်းပြုနိုင်သည်၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရမည်လို့လည်း ဖော်ပြပါရှိသည်ကို လေ့လာတွေ့ရှိကြရသည်။

ထို့ပြင် လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ပုဒ်မ ၂၀၄ နှင့် ၂၀၅ တို့တွင် နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ထောက်ခံချက်နှင့်အညီ ပေးပိုင်ခွင့်ရှိပါသည်။ ၎င်းအပြင် ဥပဒေနှင့်အညီ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပြုနိုင်သည့်အပြင် ချီးမြှင့်အပ်နှင်းထားသည့်ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်ဟု ဖော်ပြထားသည်ကို ကျွန်ုပ်တို့ လေ့လာတွေ့ရှိကြရမည် ဖြစ်သည်။

ဆက်လက်ပြီး နိုင်ငံခြားတိုင်းပြည်များနှင့် သံခင်းတမန်ခင်းကိစ္စများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့်ပင် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက်အသွယ်ဖြတ်တောက်ခြင်း ပြုနိုင်သည်။ သို့ရာတွင် ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေမျိုး၌ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းလျက် နိုင်ငံခြားတိုင်းပြည်တစ်ခုခုနှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်နိုင်သည်။ နိုင်ငံတော်သမ္မတသည် မိမိ၏အရေးယူဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်ဟုလည်း အခြေခံဥပဒေ ပုဒ်မ ၂၀၆ မှာ ပါရှိပါသည်။

ထို့အပြင် ကိုယ့်နိုင်ငံအတွင်းမှာလည်း မိမိနိုင်ငံ၏သံတမန်များကို ခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်းပြုနိုင်သလို နိုင်ငံခြားသံတမန်များအား ခန့်အပ်ရန် သဘောတူညီချက်ပေးခြင်း၊ နိုင်ငံခြားသံတမန်များအား ပြန်လည်ခေါ်ယူရန် အကြောင်းကြားခြင်းပြုနိုင်သည်၊ နိုင်ငံခြားသံတမန်များ၏ ခန့်အပ်လွှာများကို လက်ခံခြင်းပြုနိုင်သည့်လုပ်ပိုင်ခွင့်များကိုလည်း ပုဒ်မ ၂၀၇ တွင် ဖော်ပြပါရှိပြန်သည်။

နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၈ တွင် နိုင်ငံတော်သမ္မတအနေနှင့် ဥပဒေနှင့်အညီ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကိုခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းတွေကိုလည်း ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ အခြားအရေးကြီးသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များကို ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်များမှနုတ်ထွက်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်ဟုလည်း ပုဒ်မ ၂၀၉ ဖြင့် လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားသည်ကို လေ့လာတွေ့ရှိကြရပါမည်။

၎င်းအပြင် အရေးကြီးသည့် နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံးသို့ဖြစ်စေ အခါအားလျော်စွာ မိန့်ခွန်းပြောကြားခွင့်၊ သဝဏ်လွှာပေးပို့ခွင့်တို့ကိုလည်း ပြုလုပ်ခွင့်ရှိကြောင်း ပုဒ်မ ၂၁၀ ဖြင့် နိုင်ငံတော်သမ္မတကို လုပ်ပိုင်ခွင့်ပေးထားပါသေးသည်။

လွှတ်တော်များအပိုင်းကဏ္ဍနှင့်ဆက်စပ်ပြီး ဆက်တင်ပြရပါက နိုင်ငံတော်သမ္မတသည် လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးကိုဖြစ်စေ၊ အထူးအစည်းအဝေးကိုဖြစ်စေ ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်နာယကအား အကြောင်းကြားနိုင်သည်ဟု ပုဒ်မ ၂၁၁ တွင် ဖော်ပြပါရှိထားပြီး၊ ပုဒ်မ ၂၁၂ တွင်မူ ၎င်းအပြင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ထုတ်ပြန်ခြင်းနှင့်ပတ်သက်ပြီး လုပ်ပိုင်ခွင့်အပ်နှင်းထားပြီး ဆောင်ရွက်သည့်နည်းလမ်းများကိုလည်း ပြဋ္ဌာန်းထားရှိကြောင်းကိုပါ ကျွန်ုပ်တို့လေ့လာသိရှိကြရနိုင်ပါသည်။

ထို့အပြင် ပြည်ပစစ်များကိစ္စနှင့်ပတ်သပ်ပြီး အခြေခံဥပဒေ ပုဒ်မ ၂၁၃ တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းလျက် စစ်ရေးအရ လိုအပ်သလို ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ မိမိ၏ ဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပနေချိန်မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ တင်ပြအတည်ပြုချက် ရယူရမည်ဟုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ စစ်ကြေညာနိုင်သည်၊ စစ်ပြေငြိမ်းနိုင်သည်ဟုလည်းကောင်း အရေးပေါ်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များအသီးသီးသတ်မှတ်ပြဋ္ဌာန်းပေးထားသည်ကိုလည်း လေ့လာတွေ့ရှိကြရမည် ဖြစ်ပါသည်။

နောက်ဆက်လက်ပြီး ဥပဒေပြုရေးအာဏာအပိုင်းတွင်လည်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့်ဥပဒေများကိုဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ပြီး လက်မှတ်ရေးထိုးရမည်။ ယင်းသို့ လက်မှတ်ရေးထိုးပြီးသောဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည် ဖြစ်ပါသည်။

၎င်းအပြင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအားအပ်နှင်းထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှုသို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေနှင့် ပြုခဲ့သောပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိစေရ။ သို့ရာတွင် ဤကဲ့သို့တာဝန်မရှိစေခြင်းသည် နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရဟုလည်း အခြေခံဥပဒေတွင် ဖော်ပြပါရှိပါသည်။

ထို့ပြင် အခြေခံဥပဒေ ပုဒ်မ ၂၂၉ အရ နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးကော်မရှင်ကို ဒုတိယသမ္မတ ၂ ဦး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးတို့ဖြင့် ဖွဲ့စည်းပြီး နှစ်စဉ် နိုင်ငံတော်အတွက် စီမံကိန်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်း စသည်တို့ကို စီမံဆောင်ရွက်နိုင်ခွင့် အပ်နှင်းထားပါသည်။ နိုင်ငံတော်သမ္မတတစ်ဦးအနေနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကို ရာထူးခန့်အပ်

စာမျက်နှာ 23 သို့

**များပြားလှသောတာဝန်များအပြင် နိုင်ငံတော်နှင့် ပြည်သူများအပေါ် မိမိ၏ ရင်ဝယ်သားများသဖွယ် ကျေးသားရင်သား မခွဲခြားဘဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများဖြင့် နာယကဂုဏ် ၆ ပါးနှင့်အညီ စိတ်ကောင်းစေတနာ ကရုဏာတရားများကိုရှေးရှုလျက် အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်က ပေးအပ်ထားသည့် တာဝန်များကို မဆုတ်မနစ် ကျေပွန်စွာဆောင်ရွက်နိုင်မည့်သူမျိုးကိုသာ သမ္မတအဖြစ် လွှတ်တော်အတွင်း အမည်စာရင်း တင်သွင်းလာနိုင်ပါစေဟုလည်း ကျွန်ုပ်တို့ဆန္ဒပြုကြရမည် ဖြစ်ပါသည်။**

ပြီးခဲ့တဲ့ ကြာသပတေးနေ့ (မတ်လ ၁၅ ရက်) ကြေးမုံသတင်းစာမှာ ပါတဲ့ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ ဆောင်းပါးကနေ စိတ်ဝင်စားလို့ ကောက်နုတ်ထားတာပါ။

အချုပ်အားဖြင့် ယခင်နှစ်ထက် ပို့ကုန် ၂ ဘီလီယံကျော် ပိုမိုတင်ပို့နိုင်ပြီး သွင်းကုန်လည်း ၂ ဘီလီယံကျော် ပိုသွင်းခဲ့ပါတယ်တဲ့။ စုစုပေါင်း ကုန်သွယ်မှုပမာဏက ၄ ဘီလီယံကျော် တက်လာပါတယ်။ ဒါပေမဲ့လည်း လျှောက်လှမ်းစရာလမ်းကတော့ အများကြီးကို လိုနေသေးတာမို့ ကြိုးစားရမယ့်ကိစ္စလေးတွေကိုလည်း တွေးကြည့်မိပါတယ်။

ကျွန်တော်တို့ မြန်မာပြည်လို နှစ်ပေါင်း ၆၀ ကျော်လောက် ကမ္ဘာ့ဈေးကွက်နဲ့ ကုန်သွယ်မှုအဆက်ဖြတ်ပြီး ကိုယ့်ကုန်ပစ္စည်းတွေကလည်း ဈေးကွက်မှာ နေရာပျောက်နေဆဲ တိုင်းပြည်အနေနဲ့ တိုင်းပြည်တိုးတက်ဖို့ စီးပွားရေးကောင်းမွန်ဖို့နဲ့ အစိုးရဝင်ငွေတွေ ပိုမိုရလာအောင် လုပ်ရမည့် အဓိကလုပ်ငန်းတွေဟာ ကုန်သွယ်မှုတိုးတက်ရေး၊ အထူးသဖြင့် ပို့ကုန်တိုးတက်ရေးနဲ့ သွင်းကုန်တွေကို ပြည်တွင်းမှာ ပိုမိုထုတ်လုပ်လာနိုင်ပြီး သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးဖြစ်ပါတယ်။ အဲဒီလို ပို့ကုန်ထုတ်လုပ်မှုနဲ့ သွင်းကုန်အစားထိုး ထုတ်လုပ်မှုလုပ်ငန်းတွေ တိုးတက်များပြားလာမှုကနေ အလုပ်အကိုင်အသစ်တွေ ပိုဖန်တီးလာနိုင်ပြီး လူတွေ အလုပ်အကိုင်အသစ်တွေ ပိုမိုရလာနိုင်ပါမယ်။ ရလာတဲ့ အလုပ်အကိုင်တွေကနေ လူအများအတွက် ခိုင်မာတဲ့ဝင်ငွေတွေကတစ်ဆင့် ပြည်တွင်းဈေးကွက် စားသုံးမှုပိုကြီးလာပြီး စီးပွားရေးအခွင့်အလမ်းတွေ အလုပ်အကိုင်တွေ ထပ်မံပွားများလာစေဖို့ ဖြစ်ပါတယ်။ ဒီကိစ္စလေးက အလွန်ရိုးစင်းတဲ့ အခြေခံယူဆချက်ပါ။ ဒါကို သေချာကျနစွာနားလည်ပြီး ထိရောက်မှန်ကန်စွာ လုပ်ကိုင်တတ်ဖို့ အကောင်အထည်ဖော်တတ်ဖို့တော့ လိုပါတယ်။

အစိုးရအဖွဲ့တွေဟာ ဒီအချက်ကို အကောင်အထည်ဖော်ကြပေမယ့် လက်တွေ့မှာ မထိရောက်တာနဲ့ သုံးသပ်စဉ်းစားချက်တွေ လွဲမှားတာတွေကြောင့်လည်း တကယ်တမ်း ရလဒ်မှာ ဘာမှဖြစ်မလာပဲ ကိုယ်ကျိုးရှာသူများရဲ့ လုည့်စားခြင်းခံရတာတွေလည်း ရှိတတ်ကြပါတယ်။ ဆန်းစစ်သုံးသပ်နိုင်ဖို့အတွက် မှန်ကန်စွာ ရှုမြင်နိုင်ရေးနဲ့ ကိုယ့်တိုင်းပြည်ရဲ့ ယှဉ်ပြိုင်နိုင်စွမ်းမှာ အားသာချက် (Competitive Advantages) ကို တကယ်မရှိတဲ့ အားသာချက်ကို တကယ်ရှိတယ်လို့ယူဆပြီး တိမ်မြုပ်နေတဲ့ အားသာချက်တွေကို မဖော်ထုတ်ပဲ အလွယ်တကူလိုက်နေကြရင်လည်း တိုးတက်လာဖို့ ခက်နေပြီး စာရွက်တွေ စီမံကိန်းတွေကြားထဲမှာပဲ ရှုပ်ထွေးပြီး တလည်လည်ဖြစ်နေတတ်ပါတယ်။

အခု မြန်မာပြည်ရဲ့ ၂၀၁၇-၁၈ ကုန်သွယ်မှု ကိန်းဂဏန်းတွေကို ကြည့်ကြရအောင်ပါ။ ကုန်သွယ်မှု ကိန်းဂဏန်းတွေကို အကြမ်းဖျင်းပဲ ဖော်ပြထားတော့ ဖော်ပြထားသလောက်လေးကိုပဲ အောက်မှာ မှတ်စုထုတ်လိုက်ပါတယ်။

| | |
|---|---|
| ကုန်သွယ်မှုကာလ | ဧပြီ ၂၀၁၇ - မတ် ၂ ၂၀၁၈ |
| ပို့ကုန်တန်ဖိုး | ဒေါ်လာ ၁၃ဘီလီယံကျော် |
| သွင်းကုန်တန်ဖိုး | ဒေါ်လာ ၁၇ဘီလီယံ<br>( ၁၆.၉၇၅ဘီလီယံ ) |
| မှတ်ချက်။ ။ယခင်နှစ်ကာလတူထက် လေးဘီလီယံကျော်ပိုမို<br>( သွင်းကုန် ၂ဘီလီယံ + ပို့ကုန် ၂ဘီလီယံ ) | |

**သွင်းကုန်**

| | |
|---|---|
| လုပ်ငန်းသုံးကုန်ကြမ်းနှင့်ရေနံထွက်ပစ္စည်း | ၃၂၉၅ သန်း |
| ပလတ်စတစ်ကုန်ကြမ်းပစ္စည်း | ၅၆၈ သန်း |
| ဓာတ်မြေသြဇာ | ၂၉၅ သန်း |
| ဓာတုဗေဒချည်ခင် | ၂၃၉ သန်း |
| မော်တော်ယာဉ်နှင့် ယာဉ်အပိုပစ္စည်း | ၁၄၄၅ သန်း |
| စက်ပစ္စည်း(ရင်းနှီးမြှုပ်နှံမှု) | ၁၁၂၁ သန်း |
| သံ နှင့် သံမဏိဆောက်လုပ်ရေးပစ္စည်း | ၆၅၅ သန်း |
| တယ်လီဖုန်း နှင့် ဆက်သွယ်ရေးပစ္စည်း | ၃၉၄ သန်း |
| ဆေးဝါးပစ္စည်း | ၄၈၃ သန်း |




> **မြန်မာပြည်က စီးပွားရေးသမားတွေ စီးပွားရေးသမားကြီးတွေ လုပ်ငန်းရှင်ကြီးဆိုသူ အများစုကြီးဟာ စီးပွားရေးဆိုရင် ပြည်တွင်းက အစိုးရအသုံးစရိတ်ကနေ လျှံကျလာမှာတွေကိုပဲ မျှော်ကိုးနေတဲ့ အတွင်းမျှော်စီးပွားရေးအခွင့်အလမ်း စောင့်ဆိုင်းမှုကနေ အပြင်ကြည့်စီးပွားရေး အခွင့်အလမ်း ကြိုးပမ်းလုပ်ကိုင်တတ်မှု ပုံသဏ္ဍာန်အဖြစ် ပြောင်းလဲပေးနိုင်ဖို့ အစိုးရကနေ ဦးဆောင်ခေါ်ပြီး လမ်းပြကူညီပေးနိုင်ဖို့ ထောက်ပြချင်တာပါ။**

**ပို့ကုန်**

| | |
|---|---|
| လယ်ယာထွက်ကုန်ပစ္စည်း | ၂၇၈၄ သန်း |
| ပဲမျိုးစုံ | ၈၀၇ သန်း |
| ဆန်နှင့် ဆန်ကွဲ | ၁၀၃၅ သန်း |
| ရော်ဘာ | ၁၇၉ သန်း |
| သစ်သီးဝလံမျိုးစုံ | ၁၆၉ သန်း |
| ပြောင်း | ၂၇၂ သန်း |
| သဘာဝဓာတ်ငွေ့ | ၃၀၀၀ သန်းကျော် |
| အထည်ချုပ် CMP | ၂၃၃၂ သန်း |
| ရေထွက်ပစ္စည်း | ၆၃၄ သန်း |
| တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း | ၄၄ သန်း |
| သတ္တုတွင်းထွက်ပစ္စည်း | ၁၄၁၄ သန်း |
| သတ္တုနှင့်သတ္တုရိုင်း | ၆၁၄ သန်း |
| ကျောက်စိမ်း | ၄၃၉ သန်း |

ဒီအချက်အလက်တွေဟာ ကုန်သွယ်မှုပမာဏအားလုံးကို ဖော်ပြထားတာ မဟုတ်ပေမယ့်လည်း အသုံးဝင်တဲ့ သတင်းအချက်အလက်တွေ ဖြစ်ပါတယ်။ မူဝါဒချမှတ်မယ့် အစိုးရအဖွဲ့တွေဆိုရင်တော့ အချက်အလက်အပြည့်အစုံကိုရပြီး ပိုကောင်းတဲ့ဆန်းစစ်မှုတွေကို လုပ်ဖို့တတ်နိုင်ပါလိမ့်မယ်။

ဒီကုန်သွယ်မှုအချက်အလက်တွေဟာ တစ်နည်းအားဖြင့် တိုင်းပြည်စီးပွားရေးအတွက် တွက်ချက်ဆန်းစစ်ဖို့ မှန်ကန်တဲ့သက်သေတွေလည်း ဖြစ်ပါတယ်။ သို့သော်လည်း ဒီနေရာမှာ သွင်းကုန်နဲ့ ပို့ကုန် တန်ဖိုးလျှော့ပြထားမှုတွေ (Under valued invoice)နဲ့ စာရင်းမဝင်တဲ့ လမ်းကြောင်းတွေက ကုန်သွယ်မှုပမာဏတွေကိုလည်း ခန့်မှန်းတွက်ချက်ဖို့တော့ လိုပါသေးတယ်။

အခု တွေ့မြင်ရသလောက် အချက်အလက်တွေအရဆိုရင် သွင်းကုန်တွေထဲမှာ အများဆုံးက ရေနံထွက်ပစ္စည်းအုပ်စုက ၃ ဒသမ ၃ဘီလီယံနဲ့ ဖြစ်နေပါတယ်။ ၁၆ ဒသမ ၉ဘီလီယံထဲက အခြားကုန်ပစ္စည်းအုပ်စုများမှာ ဘာတွေ ဘယ်လိုရှိသေးလဲတော့ မသိဘူး။ မော်တော်ကားဝယ်စီးတာက ၁ ဒသမ ၅ ဘီလီယံလောက်ဖြစ်နေတယ်။ ဒါတောင် အဟောင်းလေးတွေပဲ ဝယ်စီးလို့။ အသစ်တွေသာ ဝယ်စီးရတော့မယ်ဆိုရင် ပိုကုန်လာဦးမယ်။

ရေနံထွက်ပစ္စည်းတွေထဲမှာ ဓာတ်ဆီ၊ ဒီဇယ်ဆီအပြင် ကုန်ကြမ်းပစ္စည်းတွေလည်း အများအပြားပါနေပါတယ်။ ဒီသွင်းကုန်ကို အစားထိုးရေးအတွက် အစိုးရမှာ အစီအစဉ်လုပ်ဖို့ လိုပါတယ်။ စွမ်းအင်မူဝါဒမှာ ဒီကိစ္စလည်းပါသင့်တယ်။ အခုအခြေအနေအရဆိုရင် ပြည်တွင်း ရေနံစိမ်းထွက်ရှိတာကနေ ချက်တဲ့စက်သုံးဆီတွေဟာ 70Ron လောက်ပဲ ရှိနေတာကို 92Ron အဖြစ်ဘာ ၁လို့မထုတ်နိုင်ကြတာလဲ။

လက်ရှိပြည်တွင်းမှာ ထွက်နေတဲ့ ရေနံစိမ်းချက်နေတဲ့ ရေနံချက်စက်ရုံများကို အဆင့်မြှင့်တင်ရေးအပြင် အရှေ့အလယ်ပိုင်းက သွင်းလာတဲ့ ပိုက်လိုင်းကနေ မြန်မာပြည်အတွက် သုံးစွဲခွင့်ရတဲ့ဝေစု ရေနံစိမ်းကနေပြီး ထပ်မံချက်လုပ်ကာ ရေနံထွက်ပစ္စည်းများကို ထုတ်လုပ်နိုင်မည့် ရေနံချက်စက်ရုံအသစ်ကို မြန်မာပြည်အလယ်ပိုင်းတစ်ဝိုက်မှာ အသစ်တည်ဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။ ဒါဟာ သွင်းကုန်အစားထိုးအပြင် တစ်ချိန်မှာ တရုတ်ပြည်ရဲ့ ယူနန်နယ်နဲ့ အိန္ဒိယ၊ အာသံ၊ မဏိပူရတို့ကိုပါ ရေနံဓာတုပစ္စည်းတွေ တင်ပို့နိုင်မယ့် အလားအလာရှိပါတယ်။

ဒီလိုစီမံကိန်းကို အစိုးရကနေ လမ်းကြောင်းချပေးပြီး ပြည်တွင်းက စွမ်းဆောင်ရည်ရှိသော စီမံခန့်ခွဲသူတွေ၊ လုပ်ကိုင်နိုင်မယ့်သူတွေကို တိုက်တွန်းလုပ်ကိုင်ခိုင်းတာ၊ အကောင်အထည်ဖို့ ကမကထပြုပေးတာတွေနဲ့ ဦးဆောင်ပေးသင့်ပါတယ်။ ဒီလို စီးပွားရေးလုပ်ငန်းကြီးတွေ အကောင်အထည်ဖော်ဖို့ အရင်းအနှီးလိုအပ်ချက်တွေကို ချေးငွေ ထုတ်ချေးချင်နေတဲ့ နိုင်ငံတကာဘဏ်ကြီးတွေက အတော်စိတ်ဝင်တစားရှိနေကြပါတယ်။ ပြည်တွင်းကို ငွေကြေးအရင်းအနှီးတွေ စိမ့်ဝင်လာဖို့ နိုင်ငံခြားဘဏ်များနဲ့ မြန်မာပြည်က စီးပွားရေးလုပ်ငန်းကြီးများက စီမံလုပ်ကိုင်နိုင်စွမ်းမြင့်လာဖို့လည်း လိုပါတယ်။ မြန်မာအစိုးရကနောက်ခံပေးတဲ့ သေချာတဲ့ လုပ်ငန်းစီမံချက်ရှိရင် ချေးချင်နေတဲ့ဘဏ်တွေဆိုတာ စင်ကာပူဘဏ်တွေက စလို့ ဟောင်ကောင်၊ ဂျပန်ဘဏ်တွေ အဆုံးပါ။ ဒီလိုပုံစံမျိုးနဲ့ ရေနံနဲ့ဓာတုဗေဒစက်ရုံကြီးတွေ ဖြစ်လာနိုင်ရင် သွင်းကုန်ပမာဏ အတော်များများကို အစားထိုးနိုင်ပါလိမ့်မယ်။

ဒါက အလွယ်တကူ တွေးမိတဲ့ ဥပမာလေးတစ်ခုပါ။ အခြားတွက်ဆလုပ်ကိုင်စရာအချက်တွေ အများကြီးရှိပါသေးတယ်။ ဥပမာ ဆေးဝါးစက်ရုံတွေအတွက် GMP ကို ကြပ်မတ်ပေးနိုင်ဖို့ ပြည်တွင်းထုတ်လုပ်နိုင်ဖို့တွေ လိုမျိုးနဲ့ အခြားလူသုံးကုန်ပစ္စည်းတွေကို ပြည်တွင်းမှာ အစားထိုးထုတ်နိုင်ဖို့ ယှဉ်ပြိုင်နိုင်စွမ်းတွေ ဖြည့်တင်းပေးနိုင်ဖို့ အစိုးရကနေ လုပ်ဆောင်ပေးရန် ကြိုးစားရမှာဖြစ်ပါတယ်။

ပို့ကုန်ကဏ္ဍမှာဆိုရင်လည်း အရင်နှစ်တွေက အများဆုံးဖြစ်တဲ့ ပဲမျိုးစုံဟာ အဓိကတင်ပို့ရာ ဈေးကွက်က ဝယ်ယူမှုပျက်လို့ သန်း ၈၀၀ကျော်ပဲ ရပါတယ်။ ဒါပေမဲ့လည်း ဆန်ကတော့ ၁ ဘီလီယံအထိ တက်လာပါတယ်။ ၂၀၀၅ ခုနှစ်လောက်တုန်းက ဆန်ကနေ ဝင်ငွေ သန်း ၃၀၀ မကျော်တဲ့ အနေအထားကနေ ဆန်တင်ပို့မှု တိုးတက်လာတာ အားရစရာပါ။ ဒီထက် တိုးတက်နိုင်မယ့် အနေအထားတွေ အများကြီးရှိပါသေးတယ်။ ဒါပေမဲ့လည်း အခု ဆန်စပါးကုန်သွယ်မှုသဘောတူညီချက်ဟာ ၂၀၁၅ မတိုင်ခင်

**စာမျက်နှာ 23 သို့**

# ကလေး၌ နွေကာလ ရေပြတ်ပါက အကူအညီပေးမည်

**ကလေး၊ မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး ခရိုင်အတွင်းနေထိုင်သူများအနေနှင့် နွေရာသီကာလ သောက်သုံးရေပြတ်လပ်ခဲ့ပါက ဌာနကထုတ်ပြန် ကြေညာထားသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ကလေးခရိုင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညိုက ပြောကြားသည်။

“သောက်သုံးရေပြတ်လပ်ပြီဆိုရင် ဘယ်သူ့ဆီမှ ခွင့်တောင်းစရာ မလိုဘူး။ ကျွန်တော်တို့ကို ဆက်သွယ်တာနဲ့ ရေကားတွေ ပို့ပေးတာတို့ သောက်သုံးရေ ဖြန့်ဝေပေးတာတို့လုပ်မယ်။ ရေရှည်အနေနဲ့ရော ရေလှောင်ကန်တွေ လုပ်ပေးမလား၊ စက်ရေတွင်းတွေ တူးပေးမလားစသဖြင့် ဒေသလိုအပ်ချက်ကို ကွင်းဆင်းလေ့လာပြီး ဖြေရှင်းပေးနိုင်မယ်”ဟု ၎င်းက ဆိုသည်။

ကလေးမြို့ တမူးမြို့ ကလေးဝမြို့နှင့် မင်းကင်းမြို့နယ်များတွင် နေထိုင်ကြသူများအနေနှင့် နွေရာသီကာလသောက်သုံးရေ ပြတ်လပ်မှုနှင့် ကြုံတွေ့ပါက အဆင့်ဆင့်ဆက်သွယ်အကြောင်းကြားရန် မလိုဘဲ တိုက်ရိုက်ဆက်သွယ် အကူအညီ တောင်းခံနိုင်ပြီး လတ်တလော ရေရှားပါးမှု ပြဿနာ ဖြေရှင်းရန် သောက်သုံးရေဖြန့်ဝေပေးခြင်းအပြင် ရေရှည်သောက်သုံးရေ အသုံးပြုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာကာ ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနထံမှ သိရသည်။

■ R-20

# ဆန်ဈေး ဆက်ကျ

**ရန်ကုန်၊ မတ် ၂၂**

နွေစပါးသစ်များ စတင်ထွက်ပေါ်လာပြီဖြစ်သည့်အတွက် ဆန်ကြမ်းဈေးနှုန်းများ ဆက်လက်ကျဆင်းကြောင်း ဘုရင့်နောင်နှင့် ဝါးတန်းဆန်ဈေးကွက်များအတွင်းမှ သိရသည်။

ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၃၀၀ မှ ၇၀၀ အထိဈေးဆက်လက်ကျဆင်းခြင်းဖြစ်ပြီး ဆက်လက်ကျဆင်းနိုင်ကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

မတ်လပထမပတ်အတွင်းမှစ၍ ဧရာဝတီတိုင်းအတွင်း နွေစပါးသစ်များ စတင်ထွက်ပေါ်လာခဲ့ပြီး ထပ်မံ၍ ဒေသအချို့မှ ဆက်လက်ထွက်ရှိလာပြီဖြစ်သည်။ နွေရာသီ၌ ဆန်ကြမ်းစပါးအမျိုးအစားများကို အဓိကစိုက်ပျိုးပြီး မိုးရာသီ၌သာ ဆန်ချောအမျိုးအစားများ စိုက်ပျိုးသည်။

လက်ရှိဆန်ဈေးကွက်အတွင်း ပေါ်စုံနယ်စုံ တစ်အိတ်လျှင် ကျပ် ၃၄,၀၀၀ မှ ၄၀,၀၀၀ ကျော်အထိ၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၃,၀၀၀ မှ ၅၅,၀၀၀ အထိ၊ ညှော့မထ ၂၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၀,၅၀၀ မှ ၂၀,၈၀၀ အထိ၊ ရက် ၉၀ တစ်အိတ်လျှင် ကျပ် ၂၄,၂၀၀ မှ ၂၅,၀၀၀ အထိနှင့် သီးထပ်ရှယ် တစ်အိတ်လျှင် ကျပ် ၂၂,၈၀၀ မှ ၂၃,၀၀၀ အထိ ဈေးရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။

■ S-04

The VOICE Daily CARTOON




Classifieds

ဆက်သွယ်လိုပါက- ၀၉ ၇၈၅၅၅၅၅ ၇၇၂

Gas Shop

09 26 1111 550

P-2

Beautiful Present

Main

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ဖျော်ဖြေပွဲတွေ၊ ပြပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## စိတ်ကူးချိုချို စာအုပ်တိုက်ရဲ့ နွေဦးကြိုစာအုပ် ဈေးရောင်းပွဲတော်

စာအုပ်တွေဝယ်ယူဖို့ စီစဉ်ထားတယ်ဆိုရင် စိတ်ကူးချိုချို စာအုပ်တိုက်ရဲ့ နွေဦးကြိုစာအုပ်ဈေးရောင်းပွဲတော်ကို ပြောပြချင်တယ်။ ဒီပွဲမှာ ရသစာပေ၊ ဘာသာပြန်၊ ပညာရေး၊ ကျန်းမာရေး စတဲ့ စိတ်ကူးချိုချိုစာအုပ်တိုက်ကနေ ထုတ်ထားတဲ့စာအုပ်တွေကို ၂၀ ရာခိုင်နှုန်း၊ တခြားစာအုပ်တိုက်တွေကနေ ထုတ်ထားတဲ့စာအုပ်တွေကို ၁၀ ရာခိုင်နှုန်းနဲ့ ကိုယ်စားလှယ်တွေကိုတော့ အထူးအစီအစဉ်အဖြစ် ၃၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းအထိ လျှော့ပေးသွားမှာဖြစ်ပါတယ်။ စိတ်ကူးချိုချို စာအုပ်တိုက်ရဲ့ နွေဦးကြိုစာအုပ်ဈေးရောင်းပွဲတော်ကို မတ်လ ၁၇ ရက်နေ့ကနေ မတ်လ ၂၅ ရက်နေ့အထိ စိတ်ကူးချိုချိုစာအုပ်ဆိုင်တိုင်းမှာ ပြုလုပ်နေတာဖြစ်ပါတယ်။ ■

## Charity Art Exibition

ပန်းချီပြပွဲတွေ ကြည့်ချင်သူတွေအတွက် ကင်ဆာဝေဒနာခံစားနေရတဲ့ ကလေးငယ်တွေအတွက် ပြုလုပ်ပေးတဲ့ Charity Art Exibition ကို ညွှန်းချင်တယ်။ ဒီပွဲမှာ Myanmar Art Center ရဲ့ လက်ရာမြောက်တဲ့ ပန်းချီကားချပ်တွေကို ကြည့်ရှုခံစားရမှာဖြစ်ပြီး မတ်လ ၂၃ ရက်နေ့ကနေ မတ်လ ၂၅ ရက်နေ့၊ နံနက် ၉ နာရီခွဲကနေ ညနေ ၅ နာရီခွဲအထိ Cancer Kids@ Helpin Hospital Yangon အမှတ် ၁၃၁၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်မှာ ဖြစ်ပါတယ်။ ■




## Summer Art & Craft Fair




Handmade ပစ္စည်းနဲ့ပြုလုပ်ရတာ ကြိုက်နှစ်သက်တဲ့သူတွေအတွက် Summer Art & Craft Fair ကို ညွှန်းချင်တယ်။ ဒီပွဲမှာ သရုပ်ဆောင် ကောင်းခန့် အပါအဝင် လက်မှုအနုပညာရှင် ၁၆ ဦးတို့က လက်တွေ့ပြုလုပ်ပြသမယ့် အစီအစဉ်တွေကို ကြည့်ရှုနိုင်မှာဖြစ်ပြီး လာရောက်ကြည့်ရှုသူတွေအတွက်လည်း ကံစမ်းမဲအစီအစဉ်တွေလည်း ထည့်သွင်းပြုလုပ်ထားမှာဖြစ်ပါတယ်။ Summer Art & Craft Fair ကို မတ်လ ၂၃ ရက်နေ့ကနေ မတ်လ ၂၅ ရက်နေ့၊ နံနက် ၁၀ နာရီကနေ ညနေ ၆ နာရီအထိ Sule Square Mall မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## Bell ရဲ့ ဈေးရောင်းပွဲတော်

လုလည်းလု ပျော်လည်းပျော်ရမယ့် Bell ရဲ့ဈေးရောင်းပွဲတော်ကို ညွှန်းချင်တယ်။ ဒီပွဲမှာ Bell အလှကုန်ပစ္စည်းတွေကို အထူးဈေးနှုန်းတွေနဲ့ ဝယ်ယူနိုင်မယ့်အစီအစဉ်၊ Bella Music Festival ပွဲအတွက် အထူးစီစဉ်ထားတဲ့ အလှကုန်ပစ္စည်းတွေကို ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် မိတ်ကပ်ပညာရှင်တွေရဲ့အခမဲ့ လိမ်းခြယ်ပေးမယ့် အစီအစဉ်တွေနဲ့ သရုပ်ဆောင် ဝတ်မှုံရွှေရည်၊ ပိုင်တံခွန်၊ အောင်မင်းခန့် စတဲ့ အနုပညာရှင်တွေနဲ့အတူ အတူတူဆော့ကစားနိုင်မယ့် အစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဖျော်ဖြေရေးကြည့်ချင်သူတွေအတွက်လည်း Project K အဖွဲ့ရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ ပါဝင်မှာဖြစ်ပြီး Bell ရဲ့ ဈေးရောင်းပွဲတော်ကို မတ်လ ၂၅ ရက်နေ့၊ နံနက် ၁၀ နာရီကနေ ည ၉ နာရီအထိ ST.John City Mall မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

## မြန်မာ့ရိုးရာ အိုးကြီးချက် အလွတ်တန်းပြိုင်ပွဲနဲ့ ဈေးရောင်းပွဲတော်



အစားအစာတွေကို မြန်မာ့ရိုးရာအိုးကြီးတွေနဲ့ ချက်ပြုတ်ပေးမယ့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်အသင်းကပြုလုပ်ပေးတဲ့ အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲနဲ့ ဈေးရောင်းပွဲတော်ကို ပြောပြချင်တယ်။ ဒီပွဲမှာ မြန်မာ့ရိုးရာ အစားအစာတွေကို ယှဉ်ပြိုင်ချက်ပြုတ်ကြမှာဖြစ်ပြီး စတုဒိသာကျွေးမယ့်အစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီပွဲကို မတ်လ ၂၅ ရက်နေ့၊ နံနက် ၉ နာရီကနေ ညနေ ၆ နာရီခွဲအထိ ပြည်သူ့ရင်ပြင်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## လေးကြိမ်မြောက်ပြုလုပ်မယ့် အိမ်မွေးခွေး အလှပြိုင်ပွဲ

တိရစ္ဆာန်တွေထဲကမှ ခွေးချစ်သူတွေအတွက် လေးကြိမ်မြောက်ပြုလုပ်မယ့် အိမ်မွေးခွေးအလှပြိုင်ပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ အိမ်မွေးခွေးကို ပြသသွားမှာ ဖြစ်ပြီး အိမ်မွေးခွေးတွေနဲ့ပတ်သက်တဲ့ အဝတ်အထည်၊ ဆေးပစ္စည်း၊ အစားအစာ စတဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အုပ်စုလိုက်ပြိုင်နိုင်မယ့် ခွေးအလှပြိုင်ပွဲတွေကိုကြည့်ရှုနိုင်မှာဖြစ်ပြီး ဆုပေးပွဲအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ အိမ်မွေးခွေးအလှပြိုင်ပွဲကို မတ်လ ၂၃ ရက် နေ့ကနေ မတ်လ ၂၇ ရက်နေ့၊ ကန်တော်ကြီး ပန်းခြံထဲက မဟာမြိုင်ကျွန်းမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■



## စနေအတွက် အထူးအစီအစဉ်ပြုလုပ်ထားတဲ့ ရေလယ်ကျောက်တန်းခရီးစဉ်

ဗိုလ်တထောင်ဆိပ်ကမ်းကနေ Yangon Water Bus နဲ့ရေလယ်ကျောက်တန်းသွားချင်သူတွေအတွက် မတ်လ ၂၄ ရက်နေ့အတွက် ပြုလုပ်ထားတဲ့ အထူးခရီးစဉ်လေးကို ညွှန်းချင်တယ်။ ဒီခရီးစဉ်ကို ဗိုလ်တထောင်ဆိပ်ကမ်းကနေ ရေလယ်ကျောက်တန်းအထိ ၂ နာရီဝန်းကျင်လောက် ကြာမြင့်မှာဖြစ်ပြီး လမ်းခရီးက အလှအပတွေကို လေ့လာဖို့အတွက် သင်္ဘောကို ပုံမှန်ပဲမောင်းပေးမှာဖြစ်ပြီး လမ်းခရီးတစ်လျှောက်ဖြတ်သန်းသွားရတဲ့ ပုဇွန်တောင်ချောင်း၊ ပဲခူးမြစ်ဖြတ်ကျော်ရင်း အလှအပတွေကိုခံစားရင်း အေးအေးဆေးဆေး အပန်းဖြေနိုင်မှာပါ။ သင်္ဘောပေါ်မှာ အသက်ကယ်အင်္ကျီတွေလည်း အပြည့်အစုံထားပေးထားပြီး နေ့လယ်ဘက်မှာ အဆာပြေစားနိုင်အောင် ထမင်းဘူး၊ ရေဘူးနဲ့ ကော်ဖီတွေလည်း စီစဉ်ထားပါတယ်။ တခြားအစားအစာတွေ မှာယူစားနိုင်အောင် ခေါက်ဆွဲပြုတ်၊ အအေး၊ စားစရာမုန့်အချို့ကိုလည်း သင်္ဘောပေါ်မှာပဲ မှာယူနိုင်အောင် စီစဉ်ပေးထားပါတယ်။ ဒီခရီးစဉ်ကို ရေလယ်ကျောက်တန်းဘုရားနား ချောင်းလယ်မှာ သင်္ဘောရပ်ပေးမှာဖြစ်ပြီး အဲဒီကနေတစ်ဆင့် စက်လှေတွေနဲ့ ထပ်မံပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဘုရားဖူးပြီးတာနဲ့ ကမ်းပေါ်ကဆိုင်ခန်းတွေကိုကြည့်ရှုနိုင်အောင် အချိန်ပေးထားမှာဖြစ်ပြီး ဒေသထွက်စားစရာအချို့တွေလည်း ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်အတွက် နံနက် ၇ နာရီခွဲ စတင်ထွက်ခွာမှာဖြစ်ပြီး မွန်းလွဲ ၁ နာရီ ၂မိနစ်လောက် ဗိုလ်တထောင်ဆိပ်ကမ်းကို ပြန်လည်ရောက်ရှိမှာ ဖြစ်ပါတယ်။ ခရီးစဉ်အတွက် လူဦးရေ ၁၉၀ သာ လက်ခံတာဖြစ်ပြီး ခုံနံပါတ်အလိုက် ထိုင်ပေးရမှာပါ။ လူတစ်ဦးကို ၆၀၀၀ ကျပ်ကျသင့်မှာဖြစ်ပြီး နိုင်ငံခြားသားတစ်ဦးအတွက်ကတော့ ၁၅ ဒေါ်လာ ကျသင့်မှာဖြစ်ပါတယ်။ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး အသေးစိတ်သိချင်တယ်ဆိုရင်တော့ ဖုန်း ၀၉-၇၉၂၀၆၄၈၄၄ ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ■

## ဘားအံပြည်က လှပတဲ့နေရာတွေကို လည်ပတ်နိုင်မယ့်ခရီးစဉ်



တိမ်တွေ မြူတွေပိတ်အောင်ဆိုင်းနေပြီး အသက်ရှူမှားလောက်အောင်လှပတဲ့ဘားအံပြည်က တောင်ဝိုင်းခရီးစဉ်လေးကို ပြောပြချင်တယ်။ ဒီခရီးစဉ်လေးကို မတ်လ ၂၄ ရက်နေ့နဲ့ မတ်လ ၃၁ ရက်မှာထွက်ခွာမယ့် A.M Star Travel & Tour အစီအစဉ်ဖြစ်ပါတယ်။ ဒီခရီးစဉ်ကို ရန်ကုန်ကနေ စနေနေ့ည ထွက်ခွာမှာဖြစ်ပြီး တနင်္ဂနွေနေ့ပြန်လည်ရောက်ရှိမှာဖြစ်ပါတယ်။ ခရီးစဉ်မှာ ပို့ဆောင်ပေးမယ့်နေရာတွေက ဘားအံမြို့က မြူတွေဆိုင်းနေတဲ့ တောင်ဝိုင်း၊ ရှေးဟောင်း ကော့ကသောင်ဂူ၊ ဘားအံမြို့ရဲ့ထုံးကျောက်လိုဏ်ဂူတွေထဲမှာ အကြီးဆုံးဖြစ်တဲ့ ဂူထဲမှာပဲ ရိုးရာလောင်းလှေစီးနိုင်မယ့် ဆဒ္ဒန်ဂူ၊ ဓာတ်ပုံခရေစီတွေအတွက် ဇွဲကပင်တောင်နောက်ခံနဲ့ လှပတဲ့ ချစ်သူမြိုင်ဥယျာဉ်၊ ဘုရင်ညီဂူ ရေပူစမ်းမှာလည်း ရေအပန်းဖြေဆော့ကစားနိုင်မှာဖြစ်ပါတယ်။ အိမ်ပြန်လက်ဆောင် အမှတ်တရပစ္စည်းဝယ်ယူချင်သူတွေအတွက်လည်း ကျိုက်ကော်သစ်သီးတန်းမှာလည်း အမှတ်တရ လက်ဆောင်ပစ္စည်းတွေဝယ်ယူနိုင်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်။ ခရီးစဉ်အတွက် ပါဝင်တဲ့ ဝန်ဆောင်မှုတွေက နေ့လယ်စာနဲ့ ညစာ၊ တောင်ဝိုင်းကို တစ်ဆင့်သွားတဲ့ကားခတွေနဲ့ လမ်းခရီးမှာ ပျော်ပျော်ရွှင်ရွှင်ကစားနိုင်မယ့် ဂိမ်းအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ခရီးစဉ်အတွက် လူတစ်ဦးကို ၃၉,၀၀၀ ကျပ်ကျသင့်မှာဖြစ်ပြီး ခရီးစဉ်နဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုအပိုင်းတွေကို အသေးစိတ်သိချင်တယ်ဆိုရင် ဖုန်း ၀၉-၇၉၅၆၁၂၄၁၅ ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ■

## ဆော့စ်အရသာ ၈ မျိုးနဲ့ မြည်းစမ်းနိုင်မယ့် Gandamar Garden BBQ & Hot Pot

ဒီတစ်ပတ်တော့ အကင်နဲ့ ဟော့ပေါ့ကြိုက်သူတွေအတွက် ဆော့စ်တွေကို Homemade ပြုလုပ်ပေးထားတဲ့ Gandamar Garden BBQ & Hot Pot ဆိုင်လေးကို ညွှန်းချင်တယ်။ ဒီဆိုင်လေးကို ဝင်သွားတာနဲ့ အရင်ဆုံး မြင်တွေ့ရမှာက ဆိုင်အပြင်အဆင်ပုံစံလေးက တကယ့်ကို ချစ်စဖွယ်ပုံစံလေးဖြစ်အောင် ထိုင်ခုံတွေကအစ တစ်ဆိုင်လုံးကို ပန်းချီကားချပ်တွေနဲ့ အလှဆင်ထားတာ ဖြစ်ပါတယ်။ အစားအစာတွေကလည်း ကြက်သား၊ ဝက်ဂုတ်သား၊ အမဲလျှာ စတဲ့ အသားတွေကို ပုံစံအမျိုးမျိုးပြုလုပ်ပေးထားတဲ့ အသားတွေကို ကိုယ့်စိတ်ကြိုက် စပ်ထားတဲ့ ဆော့စ် အရသာ ၈ မျိုးနဲ့ တွဲဖက်စားနိုင်မှာဖြစ်ပါတယ်။ ဟော့ပေါ့အတွက်က ပုစွန်၊ ပြည်ကြီးငါး၊ ကဏန်း စတဲ့ ပင်လယ်စာတွေနဲ့ အသီးအရွက်တွေက မုန်ညင်းထုပ်၊ အပ်မှို၊ ကြွက်နားရွက်၊ ဂျပန်တို့ဟူး၊ ပြောင်းဖူး၊ ပန်းဂေါ်ဖီစိမ်း စတဲ့ အသီးအရွက်မျိုးစုံကို ပြင်ဆင်ပေးထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် အကင်နဲ့ ဟော့ပေါ့ မစားချင်သူတွေအတွက်လည်း ပျားရည်နဲ့ပြုလုပ်ထားတဲ့ ဘဲကင်ကလည်း ဒီဆိုင်မှာ လူကြိုက်များတဲ့ အစားအစာတစ်မျိုးဖြစ်ပြီး အဆာပြေအနေနဲ့ ကြက်ဥချောင်းလိပ်ကြော်၊ မှိုကန်စွန်းတန်ပူရာကြော်၊ ဝက်သားလုံး၊ ငုံးဥအစာသွတ် စတဲ့ တခြားအစားအစာတွေကိုလည်း မြည်းစမ်းကြည့်နိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းတွေက ဘူဖေးစားချင်တယ်ဆိုရင် လူကြီးအတွက်က ၁၁,၈၀၀ ကျပ်နဲ့ ကလေးငယ်တွေအတွက်ကတော့ ၅၀၀၀ ကျပ်ဖြစ်ပါတယ်။ အမှတ်တရပွဲတွေ ကျင်းပချင်သူတွေအတွက်လည်း ဈေးနှုန်းကို အတတ်နိုင်ဆုံး ညှိနှိုင်းပေးမှာဖြစ်ပြီး မွေးနေ့လာရောက်ကျင်းပတဲ့သူတွေအတွက် မွေးနေ့ရှင်တစ်ဦးကို အခမဲ့ပေးမှာဖြစ်တယ်လို့ထပ်ဆင့်ဆိုပါတယ်။ Gandamar Garden BBQ & Hot Pot ဆိုင်ဖွင့်ချိန်က နံနက် ၁၁ နာရီကနေ ည ၁၁ နာရီအထိဖွင့်လှစ်ထားတာဖြစ်ပြီး အမှတ် ၁၃၂၊ ဂန္ဓာမာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း ၀၉-၄၄၈၉၄၀၉၃၉ ဖြစ်ပါတယ်။ ■



# Love, Simon




ဒီတစ်ပတ်တော့ ဟောလိဝုဒ်၊ အချစ်၊ ဒရာမာ ဇာတ်ကားတစ်ကားကို ညွှန်ပေးချင်ပါတယ်။ ဆယ်ကျော်သက်အရွယ် မိန်းမလျာလေးတစ်ယောက်ရဲ့တိတ်တခိုးအချစ်ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားတဲ့ ဇာတ်ကားလေးပါ။ စာရေးဆရာ Becky Albertalli ရဲ့ 'Simon vs The Homo Sapiens Agenda' ရဲ့ ဝတ္ထုကို အခြေခံကာ ဒါရိုက်တာ Gred Berlanti က ရိုက်ကူးထားပြီး Nick Robinson၊ Josh Duhamel နဲ့ Jennifer Garner တို့ အဓိက ပါဝင် သရုပ်ဆောင်ထားကြပါတယ်။

Simon (Nick Robinson) က လိင်တူချင်းစုံမက်တဲ့ဆယ်ကျော်သက်အရွယ် အထက်တန်းကျောင်းသားလေးတစ်ယောက်ပါ။ သူ Gay ဖြစ်နေတာကို မိဘတွေရော ကျောင်းက သူငယ်ချင်းတွေပါ မသိအောင် ဖုံးကွယ်နေထိုင်နေရတာပါ။ Simon မှာ Nick၊ Leah နဲ့ Abby ဆိုတဲ့ အချစ်ဆုံး သူငယ်ချင်း သုံးယောက်ရှိပါတယ်။ တစ်ရက်မှာတော့ သူတို့ကျောင်းက Blue ဆိုတဲ့ ကောင်လေးက သူ ဂေးဖြစ်ကြောင်း အွန်လိုင်းမှာ ဝန်ခံတဲ့သတင်းကို Leah က Simon ကို ပြောပြခဲ့ပါတယ်။ Simon က Blue ကို အွန်လိုင်းမှာရအောင် ဆက်သွယ်ပြီး မိတ်ဆွေတွေဖြစ်ဖို့ ကြိုးစားပါတယ်။ တစ်ယောက်အကြောင်း၊ တစ်ယောက်ရင်ဖွင့်ဖြစ်တဲ့အထိ ရင်းနှီးလာပေမယ့် အပြင်မှာတော့ မတွေ့ဖူးကြပါဘူး။

Simon နဲ့ Blue တို့ အပြန်အလှန် ပို့ကြတဲ့ အီးမေးလ်တွေကို Simon ရဲ့သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ Martin က မမျှော်လင့်ဘဲ တွေ့သွားခဲ့ပါတယ်။ ဒီအကြောင်းတွေကို လူမသိစေချင်ရင် Abby နဲ့ သူ့ကို အောင်သွယ်ပေးဖို့ Martin က Simon ကို အကျပ်ကိုင်ခဲ့ပါတယ်။ Simon ကတော့ သူ သံယောဇဉ်ဖြစ်မိနေတဲ့ Blue က သူတို့ကျောင်းက ကျောင်းသားတစ်ဦးဖြစ်တဲ့ Bram လို့ထင်ခဲ့ပေမယ့်လည်း အတိအကျတော့ မသိခဲ့ပါဘူး။ စားသောက်ဆိုင်တစ်ခုမှာ စားပွဲထိုးလုပ်နေတဲ့ သူတို့ကျောင်းက ကျောင်းသားတစ်ဦးဖြစ်တဲ့ Lyle ကိုလည်း Blue လို့ သံသယရှိခဲ့ပြန်ပါတယ်။ ဒါပေမဲ့ Lyle က သူ့သူငယ်ချင်းမလေး Abby ကို စိတ်ဝင် စားနေတာကို သိရတဲ့အတွက် သူ့ရဲ့ခန့်မှန်းချက်လွဲသွားပြန်ပါတယ်။

Simon က Abby နဲ့ အောင်သွယ်ပေးဖို့ တကျီကျီပြောနေတဲ့ Martin ကို စိတ်တိုလာတဲ့အဆုံးမှာ ကိုယ်တိုင်သာကြိုးစားတော့လို့ ပြောလိုက်ပါတယ်။ ကျောင်းဘောလုံးပွဲမှာ Martin က မိုက်ကရိုဖုန်းကို ကိုင်ပြီး လူအများရှေ့မှောက်မှာပဲ Abby ကို ချစ်ရေးဆိုပါတော့တယ်။ ဒါပေမဲ့ သူမျှော်လင့်ထားသလို ဖြစ်မလာဘဲ Abby က သူ့ရဲ့အချစ်ကို ငြင်းပယ်ခဲ့တဲ့အတွက် အများရှေ့မှာ အရှက်ကွဲခဲ့ရပါတော့တယ်။ သူဒီလိုအရှက်ရခဲ့တာဟာ Simon ကြောင့်လို့ ယူဆသွားတဲ့ Martin က Simon နဲ့ Blue တို့ အပြန်အလှန်ပို့ထားတဲ့ အီးမေးလ်တွေကို ကျောင်းက ကျောင်းသားတွေ အများစု အသုံးပြုနေတဲ့ Gossip Site တစ်ခု ပေါ်တင်လိုက်ရာမှာတော့ ဘာတွေဆက်ဖြစ်လာမှာလဲ၊ Simon ချစ်နေတဲ့ Blue ကရော ဘယ်သူဖြစ်နေမလဲဆိုတာ ရင်ခုန်စွာ ရှုစားရမှာပါ။ ■

## ဘာလဲဆိုတာသိ

ဒီတစ်ပတ်တော့ ဟာသကား ကြည့်ချင်သူတွေ အတွက် ဘာလဲဆိုတာသိ ဇာတ်ကားလေးကိုညွှန်းချင်တယ်။ ဒီကားမှာ မိုးအောင် (ကျော်ရဲအောင်) ဟာ နယ် ကနေ စာရေးဆရာဖြစ်ချင်လို့ မြို့ကိုတက်လာတာပါ။ သူ့ငှားနေတဲ့အိမ်က ပန်းအိ(ဆုပန်ထွာ)နဲ့က ချစ်သူ တွေဖြစ်ကြပြီး သူမရဲ့အစ်မကတော့ ပိုက်ဆံမရှာနိုင်တဲ့ မိုးအောင်အပေါ် အမြင်မကြည်ပြန်ဘူး။ တစ်ရက် တော့ ရွာမှာနေတဲ့ မိုးအောင် ညီမ ဖြူပြာ (ပိုးဝတီစံ) က ရွာမှာရန်ဖြစ်လို့မြို့ကိုခေါ်ထားရတယ်။ ဖြူပြာရဲ့မဟုတ် မခံစိတ်ကြောင့်ပဲ ရပ်ကွက်ထဲကလူတွေနဲ့ ပြဿနာအမြဲဖြစ်တတ်ပြီး မိုးအောင်မှာ လိုက်ရှင်းရတတ်ပြန် တယ်။ ဒီလိုနဲ့ ပန်းအိရဲ့အစ်မက နိုင်ငံခြားကနေ ပြန်လာတဲ့သဘောသား၊ ရပ်ကွက်သူဌေးတွေနဲ့သူမကိုသဘော တူပြန်တယ်။ မိုးအောင်နဲ့ ပန်းအိက အိမ်ချင်းနီးသော်လည်း ချစ်သူတွေဖြစ်နေတာ အစ်မသိမှာ စိုးရိမ်တာ ကြောင့် တစ်ယောက်နဲ့တစ်ယောက် မခေါ်ဘဲနေကြရ တယ်။ ပန်းအိရဲ့အစ်မ အကြွားသန်မှုတွေနဲ့ အချေးအငှား တွေကြောင့်လည်း ဖြူပြာနဲ့ မကြာခဏ ရန်ဖြစ်ကြပြန် တယ်။ စာရေးဆရာဖြစ်ဖို့ကြိုးစားနေတဲ့ မိုးအောင် ဟာ အိမ်ငှားခတွေကို မှန်မှန်မပေးနိုင်တာကြောင့် ပန်းအိ အစ်မရဲ့ အမြင်မကြည်လင်မှုက ပိုဆိုးလာတယ်။ ပန်းအိ ကလည်း ချစ်သူဖြစ်တဲ့ မိုးအောင်နဲ့ နီးစပ်ဖို့အတွက် တခြားအလုပ်တစ်ခုပြောင်းခိုင်ပေမယ့်လည်း ဝါသနာ ပါတဲ့ မိုးအောင်ကလည်း ကြိုးစားနေခဲ့တယ်။ ဒီလိုနဲ့ နောက်ဆုံးမှာတော့ မိုးအောင်နဲ့ ပန်းအိတို့ရဲ့ အချစ်ဇာတ်လမ်း ဘာတွေဆက်ဖြစ်မလဲဆိုတာ ကြည့်ရှုရမှာ ဖြစ်ပါ တယ်။ ဒီဇာတ်ကားက ဒါရိုက်တာမျိုးထူးက ရိုက်ကူးထားတာဖြစ်ပြီး သရုပ်ဆောင် ကျော်ရဲအောင်၊ ဆုပန်ထွာ နဲ့ ပိုးဝတီစံတို့က အဓိကပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ■







## Kelly Clarkson ရဲ့ 'I Don't Think About You'

ဒီတစ်ပတ်တော့ Kelly Clarkson သီဆိုထားတဲ့ 'I Don't Think About You' လို့အမည်ရတဲ့ အချစ်သီချင်းလေးတစ်ပုဒ်ကို ညွှန်ပေးချင်ပါတယ်။ ဒီသီချင်းက လွန်ခဲ့တဲ့နှစ် အောက်တိုဘာလက ထွက်ရှိခဲ့တဲ့ 'Meaning Of Life' အယ်လ်ဘမ်မှာ ပါဝင်ခဲ့ပြီး Music Video အနေနဲ့တော့ ယခုမှထွက်ရှိလာတာ ဖြစ်ပါတယ်။ သီချင်းအကြောင်းအရာကတော့ အချစ်ကြောင့် နာကျင်ကြေကွဲမှုတွေ ခံစားခဲ့ရတဲ့ အမျိုးသမီးတစ်ယောက်က အချစ်နွံထဲကနေ ရုန်းထွက်နိုင်ခဲ့တဲ့အခါမှာတော့ ကိုယ့်ရဲ့ပုံရိပ်အစစ်အမှန်ကို ပြန်ရှာတွေ့ပြီး လွတ်လပ်မှုရဲ့အရသာကို ပြန်လည်ခံစားရတဲ့အကြောင်းကို ရေးဖွဲ့ထားတာပါ။ 'ငါလက်ရှိရပ်တည်နေတဲ့နေရာမှာ လွတ်လပ်မှုကို ခံစားရပြီ၊ ငါ့ရဲ့လက်ရှိ ဖြစ်တည်မှုကို ငါဂုဏ်ယူတယ်၊ ငါသင်ခန်းစာတွေလည်း အများကြီး ရခဲ့ပါတယ်၊ ငါ့ရဲ့လက်ရှိပုံစံကို ငါချစ်တယ်' ဆိုတဲ့ စာသားတွေက အချစ်နွံထဲကနေ ရုန်းထွက်နိုင်ခဲ့တဲ့ အမျိုးသမီးသမီးတစ်ယောက်ရဲ့ လွတ်လပ်ပေါ့ပါးမှုတွေကို မြင်ယောင်ကြည့်လို့ရမှာပါ။ ဂီတဗီဒီယိုမှာတော့ ငယ်စဉ်ကလေးဘဝတုန်းက မိဘတွေရဲ့အိမ်ထောင်ရေး အဆင်မပြေမှု၊ ဆယ်ကျော်သက်အရွယ်မှာ အချစ်ရေး အဆင်မပြေမှု၊ ဂီတလောကကို ဝင်ရောက်စအချိန်မှာလည်း ရုန်းကန်ခဲ့ရမှုတွေ ရှိခဲ့ပေမယ့် အောင်မြင်တဲ့အဆိုတော်တစ်ယောက် ဖြစ်လာခဲ့တဲ့ Kelly Clarson ရဲ့ ဘဝဇာတ်ကြောင်းကို မြင်တွေ့ခံစားရမှာပါ။ အချစ်နွံထဲကနေ ရုန်းထွက်ဖို့ ခွန်အားတစ်ခု လိုနေတယ်ဆိုရင်တော့ Kelly Clarkson ရဲ့ 'I Don't Think About You' သီချင်းကို You Tube မှာ အခုပဲ ဖွင့်နားထောင်ကြည့်လိုက်ပါ။ ■



# ‘ခေါက်ထီးကလေး မလုံ့တလုံ’ ကားနဲ့ ‘ထာဝရအမေ’ ကားတွေကတော့ ၂၀၁၇ ခုနှစ်ရဲ့အကောင်းဆုံးဇာတ်ညွှန်းဆုအတွက် ပရိသတ်တွေအပြောများနေတာပေါ့နော်

## မိုးနီလွင်(ဇာတ်ညွှန်း)နဲ့ တွေ့ဆုံခြင်း

ဝင်းထွန်းနိုင်


ဓာတ်ပုံ- ဝင်းထွန်းနိုင်

**မတ်လ ၂၃ ရက်နေ့မှာကျင်းပပြုလုပ်တော့မယ့် ၂၀၁၇ ခုနှစ်အတွက် အကယ်ဒမီထူးချွန်ဆုပေးပွဲမှာ ‘ခေါက်ထီးကလေး မလုံ့တလုံ’ ရုပ်ရှင်ကား၊ ‘ထာဝရအမေ’ ရုပ်ရှင်ကားတွေနဲ့ အကောင်းဆုံးဇာတ်ညွှန်းဆု ဆွတ်ခူးဖို့ ရေပန်းစားနေတဲ့ မိုးနီလွင် (ဇာတ်ညွှန်း) နဲ့ တွေ့ဆုံပြီး ရင်ခုန်စိတ်လှုပ်ရှားစရာစကားသံများကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: အကယ်ဒမီဆန်ခါတင် ငါးဆယ့်သုံးကားမှာ ကိုယ်ဇာတ်ညွှန်းရေးထားတဲ့ ရုပ်ရှင်ကားက ဘယ်နကားပါလဲ၊ ဘယ်ကားတွေကို ပိုပြီးအားရကျေနပ်မှု ရှိလဲ။**

**MNL:** ဒီနှစ်မှာ ကျွန်တော်ဇာတ်ညွှန်းရေးထားတဲ့ ကားခြောက်ကားပါပါတယ်။ ကားတွေကတော့ လူငယ်ဖန်စီ အချစ်ဇာတ်လမ်းတွေ၊ Romance ဇာတ်လမ်းတွေ များပါတယ်။ အဲ့ဒီကားတွေထဲမှာ ‘ခေါက်ထီးကလေး မလုံ့တလုံ’ ကားနဲ့ ‘ထာဝရအမေ’ ကားတွေကတော့ ၂၀၁၇ ခုနှစ်ရဲ့ အကောင်းဆုံး ဇာတ်ညွှန်းဆုအတွက် ပရိသတ်တွေ အပြောများနေတာပေါ့နော်။

**Voice: ကိုယ်ကိုယ်တိုင်ကကျတော့ ‘ခေါက်ထီးကလေးမလုံ့တလုံ’ ကားနဲ့ ‘ထာဝရအမေ’ ကားတွေမှာ ဇာတ် ညွှန်းရေးရတဲ့အပိုင်း ကွာခြားမှုတွေရှိခဲ့လား၊ ဘယ်ကားကို ပိုအားထည့်ပြီးရေးခဲ့ရလဲ။**

**MNL:** ဒီနှစ်ကားစလုံးကတော့ မူရင်းစာရေးဆရာတွေလည်းရှိတယ်၊ သူတို့ကလည်း နာမည်ကြီး စာရေးဆ ရာတွေပါပဲ။ ‘ခေါက်ထီးကလေးမလုံ့တလုံ’ ကားဆိုရင် ဆရာမကြီးဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ) ရဲ့ဝတ္ထုကို နာမည်တောင် မပြောင်းဘဲနဲ့ ပြန်ရိုက်တာပါ။ ဝတ္ထုကလည်း တစ်ခေတ်တစ်ခါက အရမ်းကို နာမည်ကြီးတယ်၊ ရုပ်ရှင်ရိုက်ဖို့လည်း အကြိမ်ကြိမ် ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ ဒီဘက်ခေတ်ကျမှ ဆင်ဆာပိုင်းက လျှော့ပေါ့သွားတဲ့အတွက် ကျွန်တော်တို့က ပြန်ရိုက်ဖြစ်တာပေါ့နော်။ ဒီဝတ္ထုက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံး၊ လေးဆယ်လောက်က ရေးခဲ့တဲ့ ဝတ္ထု ဆိုပေမယ့် ကျွန်တော် စဖတ်တဲ့အချိန်ကတည်းကိုက ဒီဘက်ခေတ်နဲ့ ကိုက်ညီမှုရှိနေတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်နေတယ်။ ဇာတ်လမ်းထဲက ကြွေဆိုတဲ့မိန်းကလေး တစ်ယောက်ရဲ့ဘဝကလည်း ဒီဘက်ခေတ်မှာအများကြီးဖြစ်နေတုန်းပဲ။ ဆရာမကြီးပေးချင်တဲ့ Message တွေကလည်း ဒီဘက်ခေတ်နဲ့ ပိုတောင်အံကိုက်နေသလို ဖြစ်နေတယ်။ အဲ့ဒါကြောင့် ဒီဝတ္ထုကို ဇာတ်ညွှန်း ရေးခဲ့တာပါ။ ကိုယ့်ဘက်ကတော့ အရမ်းကြိုးအားစိုက်ထုတ်ခဲ့ရတာမျိုးတော့ မရှိဘူး။

**Voice: ထာဝရအမေကကျတော့ ဖြစ်ရပ်မှန် အတ္ထုပ္ပတ္တိ ဇာတ်လမ်းကို ဇာတ်ညွှန်းပြန်ခွဲရတာဆိုတော့ ပို အားစိုက်ရမယ် ထင်တယ်နော်။**

**MNL:** ‘ထာဝရအမေ’ ကားကကျတော့ ကျွန်တော့်အနေနဲ့ နည်းနည်းလေး ပိုအားစိုက်ခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာအုပ်က ဝတ္ထုလည်း မဟုတ်ဘူး၊ စိတ်ကူးယဉ်ဇာတ်လမ်းမဟုတ်ဘဲနဲ့ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းရဲ့ ‘အမေနဲ့ ကျွန်တော်’ ဆိုတဲ့စာအုပ်ပါ။ သူက တကယ့်အပြင်မှာလည်း သက်ရှိထင်ရှားရှိနေတဲ့ လူပုဂ္ဂိုလ်ဖြစ်နေတယ်။ ပြီးတော့ သူ့ရဲ့အမေအကြောင်းဖြစ်နေတဲ့အတွက်ကြောင့် ဇာတ်ညွှန်းရေးတဲ့အခါမှာ ဆရာကြီးရဲ့အကူအညီ၊ ဒါရိုက်တာစင်ရော်မောင်မောင်နဲ့လည်း အများကြီး ညှိပြီးတော့ ရေးခဲ့ရတယ်။ အရင်ခေတ်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကအစ ပေါ့နော်။ အဲ့ဒါကြောင့် ‘ထာဝရအမေ’ ကားကို နည်းနည်းလေး ပိုအားစိုက်ခဲ့ရတယ်။

**Voice: ဒါဆို ကိုယ်တိုင်က ‘ထာဝရအမေ’ ရုပ်ရှင်ကားကို ပိုပြီးအားရမယ် ထင်တယ်နော်။**

**MNL:** ကျွန်တော်ကတော့ နှစ်ကားစလုံးကို အားရပါတယ်။ ‘ခေါက်ထီးကလေး မလုံ့တလုံ’ ကားကကျတော့ ဆရာမကြီးရဲ့ ဇာတ်လမ်းကိုက အရမ်းကောင်းတယ်။ ဒါပေမဲ့ ဒီဘက်ခေတ်နဲ့ ကိုက်ညီအောင် ကိုယ်ပြုပြင်ချင်တာလေးတွေကို ဆရာမကြီးဆီ ခွင့်တောင်းတယ်။ ဆရာမကြီး ရေးခဲ့တဲ့အချိန်တုန်းက ကြွေဆိုတဲ့ မိန်းကလေးဖြစ်တဲ့ရောဂါက ဆစ်ဖလစ် ရောဂါပေါ့နော်။ ဒီခေတ်မှာကျတော့ အဲ့ဒီရောဂါက ကုသရသွားပြီဆိုတော့ ဒီဘက်ခေတ်မှာ ခေတ်စားတဲ့ HIV ရောဂါကို ထည့်လိုက်တယ်။ နောက်တစ်ခုက ကျွန်တော်ကိုယ်တိုင်ကလည်း ဆရာဝန်တစ်ယောက် ဖြစ်တဲ့အတွက် ဆရာမကြီးကို ခွင့်တောင်းပြီးတော့ HIV နဲ့ပတ်သက်တဲ့ပညာပေးလေးတွေကို ထည့်ထားတယ်။ ‘ထာဝရအမေ’ ကားကကျတော့ တစ်ကားလုံး အနေနဲ ဆရာကြီးရဲ့သက်ရှိထင်ရှားရှိခဲ့တဲ့ လူပုဂ္ဂိုလ်တွေ၊ မောင်နှမတွေအကြောင်းကို အသေးစိတ်ကအစ ကြိုးစားပြီးရေးခဲ့ရတယ်။ အဲ့ဒါကြောင့် ကျွန်တော်က တော့ နှစ်ကားစလုံးကို ကျေနပ်ပါတယ်။

**Voice: အနုပညာအားကောင်းတဲ့ ဇာတ်ကားတွေ ပိုများတဲ့ နှစ်ဖြစ်တယ်၊ ဆုတိုင်းအတွက်လည်း အကြိတ်အနယ်ပို ရှိတဲ့နှစ်လို့လည်း ပြောကြတယ်၊ ဇာတ်ညွှန်းဆုအတွက် တခြားဘယ်သူတွေ ရနိုင်မယ် ထင်လဲ။**

**MNL:** ဒီနှစ်ရဲ့ ဆန်ခါတင်ငါးဆယ့်သုံးကားမှာ ကားတွေက အများကြီးရှိတယ်။ နောက်တစ်ခုက ဒီမိုကရေစီရုပ်ရှင် ပွဲတော်မှာပြတဲ့ ရုပ်ရှင်ငါးကားက လည်း တကယ်ကိုဇာတ်လမ်း၊ ဇာတ်အိမ်ကောင်း ကောင်းနဲ့ ပရိသတ်အတွက် အရမ်းအကျိုးရှိတဲ့ကား တွေဖြစ်ခဲ့တယ်။ ကားတွေကတော့ ပညာရေးလောက ကို မြှင့်တင်ပေးတဲ့ ကျောင်းဆရာဇာတ်လမ်းတွေ ပေါ့နော်။ အဲ့ဒီငါးကားထဲမှာလည်း ကိုယ်သဘောကျ တဲ့ ကားတွေရှိတယ်၊ ဥပမာ- ‘နေခြည်မှာ ရွှေရည် လောင်း’ ကားပေါ့နော်။ အဲ့ဒီကားမှာဆိုရင် ရိုက်တဲ့ ဒါရိုက်တာဇော်မြင့်ဦး ကိုယ်တိုင်က ဇာတ်ညွှန်းနဲ့ အကယ်ဒမီဆုရထားတဲ့ဆရာပါ။ ပြီးတော့ ရိုက်တဲ့ ဝတ္ထုကလည်း ဆရာကြီးလယ်တွင်းသားစောချစ်ရဲ့ ‘ပန်းမြိုင်လယ်က ဥယျာဉ်မှူး’ ဆိုတဲ့ တစ်ခေတ် တစ်ခါက အရမ်းနာမည်ကြီးတဲ့ ဝတ္ထုပေါ့နော်။ အဲ့ဒီ ဝတ္ထုကို ဇာတ်ညွှန်းပြန်ရေးတာကလည်း ကျွန်တော့် ရဲ့ဆရာဖြစ်တဲ့ ဆရာဆုသြချယ်က သေချာလေး ရေးထားတဲ့အတွက် ဒီကားကို ကြည့်ပြီးတဲ့ ပရိသတ်တွေက တော်တော်လေး သဘောကျ ကြပါတယ်။ သရုပ်ဆောင်အသစ်တစ်ယောက်ဖြစ်တဲ့ ကျော်ထက်အောင်ကလည်း ကျောင်းဆရာဇာတ်ရုပ် နဲ့ လိုက်ဖက်ညီတယ်လို့ ပြောကြတယ်။ အဲ့ဒီကားက လည်း ဇာတ်ညွှန်းဆုအတွက် နာမည်ထွက်တယ်။ ကိုယ့်အနေနဲ့လည်း ကိုယ့်ထက်တောင်သူ့ကို ပိုရစေ ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဆရာတွေ ဖြစ်နေလို့ပါ။

**Voice: ‘သရာစောထိ’ ဇာတ်ကားနဲ့ ဦးဇာဂနာ၊ ‘နေဝင်အိပ်တန်းတက်’ ဇာတ်ကားနဲ့လည်း ဆရာ လက်ာရည်ကျော်တို့က ဇာတ်ညွှန်းဆုရဖို့ နာမည် ထွက်နေတယ်နော်။**

**MNL:** ‘သရာစောထိ’ ကားမှာကျတော့လည်း ဦးဇာဂနာပေါ့နော်၊ သူဆိုလည်း အနုပညာလောကမှာ တကယ်ကို ဝါရင့်၊ သမ္မာရင့်ဆရာတစ်ယောက်၊ ကျွန်တော်ကိုယ်တိုင်က အတုခိုးနေရတဲ့သူပါ။ သူ့ကို လည်း ရစေချင်တယ်။ နောက်ထပ်နာမည်ကြီးတာ ကတော့ ‘နေဝင်အိပ်တန်းတက်’ ကားပေါ့နော်။ အဲ့ဒီကားကို ဇာတ်ညွှန်းရေးတဲ့ ဆရာလက်ာရည်ကျော် ဆိုတာလည်း ကျွန်တော့်ဆရာပါပဲ။ ကျောင်းတုန်းက ဆို ကျွန်တော့်ကို စာသင်ဖူးတဲ့ဆရာပါ။ ဆရာက လည်း ဝတ္ထုမှာ အရမ်းအရေးကောင်းတယ်။ ဒီကားကို ကျွန်တော်ကိုယ်တိုင်လည်း ကြည့်ရတယ်၊ တကယ် လည်း ရုပ်ရှင်တစ်ကားအနေနဲ့ လေးနက်တဲ့ဇာတ်လမ်း နဲ့ နားလည်ရခက်တဲ့ ဆရာဝန်တစ်ယောက်ရဲ့ နောက်ကွယ်ကဘဝကို ဆရာက ဖော်ထုတ်ပြတာပေါ့ နော်။ သူပေးသွားတဲ့ Message လေးကလည်း တအားကောင်းတော့ အဲ့ဒီကားကိုလည်း ရစေချင်ပါ တယ်။ ဒါပေမဲ့ ကိုယ်က အကဲဖြတ်ပုဂ္ဂိုလ်မဟုတ်တဲ့ အတွက်ကြောင့် အကဲဖြတ်တွေကပဲ ဆုံးဖြတ်သွား မှာပါ။

## အမှန်ကိုပြောမလား၊ ခိုင်းတာလုပ်မလား Truth or Dare ကစားနည်းကို အခြေခံထားတဲ့ လှုံ့ဖွက်သည်းဖိုရုပ်ရှင်

Truth or Dare ဟာ မကြာခင် ထွက်ရှိလာတော့မယ့် အမေရိကန်သဘာဝလွန် လှုံ့ဖွက်သည်းဖို ဇာတ်ကားဖြစ်ပြီး ရိုက်ကူးထားတဲ့ ဒါရိုက်တာကတော့ ဂျက်ဖ်ဝက်ဒလို ဖြစ်ပါတယ်။

လူစီဟေး၊ တိုင်လာပိုစီ၊ ဗိုင်အိုလက် ဘင်း၊ နိုလန်ဂျရတ်ဖန့်ခ် စတဲ့ လူငယ်သရုပ်ဆောင်များနဲ့ ရိုက်ကူးထားပြီးတော့ ကစားနည်းတစ်ခုကို အခြေခံ ဇာတ်လမ်းတည်ဆောက်ထားတာပါ။

ဧပြီလ ၁၃ ရက်နေ့မှာ ထွက်ရှိမယ့် အဆိုပါရုပ်ရှင်ဟာ Universal ရုပ်ရှင် ကုမ္ပဏီက ဖြန့်ချိပေးမှာလည်းဖြစ်ပါတယ်။ Truth or Dare ကစားနည်းဟာ သာမန်အားဖြင့်တော့ ဘာမှ အန္တရာယ်မရှိဘဲ အပျော်ကစားကြတဲ့ ကစားနည်း ဖြစ်ပါတယ်။ အလှည့်ကျတဲ့သူက မေးတာကိုမှန်မှန်ဖြေရမယ်၊ ဒါမှမဟုတ် လုပ်ခိုင်းတာကို ရဲရဲတင်းတင်းလုပ်ပြရမယ်။ မလုပ်ရင်တော့ ရှုံးတာပေါ့လေ။

ဒါပေမဲ့ အမှန်ကိုမပြောဘဲ၊ ခိုင်းတာကို တကယ်မလုပ်ဘဲ နေတဲ့သူကို ဘယ်သူက မှန်းမသိတဲ့ ဘယ်အရာမှန်းမသိတဲ့ဟာ က အပြစ်ပေးနေတဲ့အခါမှာတော့ ဆိုးဆိုး ရွားရွားတွေ ဖြစ်လာခဲ့ပါတယ်။ နာမည်ကြီးလှုံ့ဖွက်သည်းဖို ဇာတ်ကားတွေဖြစ်တဲ့ Happy Death Day နဲ့ Get Out တို့ကို ထုတ်လုပ်တဲ့ ထုတ်လုပ်သူကပဲ ဖန်တီးထား တာဖြစ်ပါတယ်။

F-02




## Recap

❍ ၂၀၁၇ ခုနှစ်ရဲ့အနုပညာထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်မယ့် အကယ်ဒမီပေးပွဲမှာ အကယ်ဒမီကို ကိုယ်ကိုယ်တိုင်မမျှော်မှန်းထားပေမယ့် အကယ်ဒမီရသင့်နေပြီဖြစ်တဲ့ ယောက်ဖ မြင့်မြတ်ကိုတော့ ရစေချင်တယ်လို့ သရုပ်ဆောင်နေမင်းက The Voice ကို ပြောကြားပါတယ်။

“ကျွန်တော်ကတော့ အားလုံးကိုရစေချင်တယ်။ ကိုနေတိုးက ‘တာတေကြီး’ ရုပ်ရှင်ကား၊ မြင့်မြတ်ကလည်း ‘အမှောင်မှာရွှာချတဲ့ မိုးတိမ်’ ရုပ်ရှင်ကားနဲ့ရမယ်ဆိုပြီး သတင်းတွေထွက်နေတယ်။ ကျွန်တော်ကတော့ ယောက်ဖ မြင့်မြတ်ကို ရစေချင်တယ်၊ အကယ်ဒမီကို သူ ရသင့်နေပြီလေ။ ကိုနေတိုးကျတော့ တကယ် သရုပ်ဆောင်ကောင်းတဲ့ကားတွေက အများကြီးရှိတယ်။ ကိုပြေတီဦးကျတော့လည်း သူ့ရဲ့ ‘ရင်ဘတ်ထဲကဓား’ ရုပ်ရှင်ကားကို သွားကြည့်မိတယ်။ သူ့ အက်တင်ကို သဘောလည်းကျတယ်၊ ကြိုက်လည်းကြိုက်တယ်။ သူလည်း ရနိုင်တယ်လို့ ထင်တာပါပဲ” လို့ ၎င်းကထပ်လောင်းပြောပါတယ်။

❍ သားဖြစ်သူ မြတ်သောမောင်ရဲ့အနာဂတ်အတွက်ကိုတော့ သူ ဝါသနာပါတဲ့ အရာပေါ်မှာပဲ မိခင်တစ်ယောက်အနေနဲ့ အကောင်းဆုံး ပံ့ပိုးကူညီပေးသွားမှာဖြစ်ကြောင်း သရုပ်ဆောင် စိုးမြတ်နန္ဒာက The Voice ကို ပြောကြားပါတယ်။

“သားသားကတော့ အခုဆို ခြောက်တန်း တက်နေပြီပေါ့နော်။ သူကတော့ အနုပညာဘက်ကို အရမ်းကြီးတော့ ဝါသနာမပါဘူး။ ကိုယ်ကလည်း ပညာရေးဘက်ကိုပဲ သူ့ကို အာရုံပို စိုက်စေချင်ပါတယ်။ သားကတော့ တဖြည်းဖြည်းနဲ့ အရွယ်ရောက်လာပြီပေါ့နော်။ ကိုယ်ကတော့ မိခင်တစ်ယောက်အနေနဲ့ သူဝါသနာပါတဲ့အရာကို အကောင်းဆုံး ပံ့ပိုး ပေးသွားမှာပါ။ သူက ရုပ်ရှင်ထက်စာရင် သီချင်းကိုတော့ ပိုကြိုက်တယ်။ အိမ်မှာတော့ အင်္ဂလိပ်သီချင်းတွေ ဘာတွေတော့ အော်ဆိုနေတာပါပဲ။ သူ့က ဂီတဘက်ကို ထဲထဲဝင်ဝင် ဝါသနာပါတာလားဆိုတော့လည်း မဟုတ်ပြန်ဘူး” လို့ ၎င်းကဆိုပါတယ်။

# စစ်ကို မုန်း၍ တိုက်ခဲ့သည်

သတင်းနှင့် ဓာတ်ပုံ
သန့်ဇင်ဦး

၇၃ နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း ဖြစ်တဲ့ 'စစ်ကိုမုန်း၍ တိုက်ခဲ့သည်'ကို ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်) က သရုပ်ဆောင်ဇင်ဝိုင်း၊ နေမင်း၊ ကျော်ထက်အောင်၊ ထူးအောင်၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ စိုးပြည့်သဇင်၊ ခိုင်နှင်းဝေ၊ အိချောပို၊ သွန်းဆက်၊ ယဉ်လက်၊ ဆောင်းဝတ်ရည်မေတို့နဲ့ ရိုက်ကူးထားပြီး မတ်လ ၂၅ ရက်ကနေ ၂၇ ရက်နေ့အထိ မြဝတီရုပ်မြင်သံကြားမှာပြသသွားတော့မှာပါ။ ယင်းဇာတ်ကားမှာ ပါဝင်တဲ့ အနုပညာရှင်အချို့ရဲ့ ရင်တွင်းစကားသံတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။

## နေမင်း

'စစ်ကို မုန်း၍ တိုက်ခဲ့သည်' မှာလည်း ကျွန်တော့်ရဲ့ကာရိုက်တာက ဗိုလ်ကြီးတစ်ယောက် နေရာက သရုပ်ဆောင်ရတာပါ။ သူ့တပည့်တွေ လွတ်ဖို့အတွက် ကိုယ်တစ်ယောက်တည်း အသက်ပေးပြီးတော့ စတေးခဲ့တဲ့ ဗိုလ်ကြီးတစ်ယောက်ပေါ့။ တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့မပြောပါနဲ့ဦး၊ ကိုယ့်အိမ်ခြံစည်းရိုးကို ထိပါးလာရင်တောင် ဘယ်သူမှ လက်မခံကြပါဘူး။ အိမ်မှာ ရှိနေတဲ့ ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ်၊ မိသားစုဝင်တွေကတော့ ရသလောက်တွန်းလှန် ကာကွယ်ကြမှာပါပဲ။ ရဲမေတွေကလည်း သူတို့ရှိတဲ့ အခြေအနေလေးနဲ့ သူတို့အိမ်ကို လာပြီး ဖျက်ဆီးမယ့် ရန်သူတွေကို ခုခံကာကွယ်ကြတဲ့ ဇာတ်လမ်းလေးပါပဲ။

ဒါက အမျိုးသားစိတ်လို့ ပြောရင်လည်း ရမှာပေါ့နော်။ ပြည်ထောင်စုသစ္စာ ဇာတ်ကားလိုပဲ 'စစ်ကိုမုန်း၍ တိုက်ခဲ့သည်' ဇာတ်ကားကိုလည်း ပရိသတ်တွေ နှစ်သက်ကြမှာပါ။ ဒါရိုက်တာနဲ့ ပါဝင်တဲ့ သရုပ်ဆောင်တွေ အားလုံးကလည်း တက်ညီလက်ညီနဲ့ ကြိုးစားထားကြပါတယ်။



## ဒါရိုက်တာ တင်အောင်စိုး ( ပန်းမြို့တော် )



ဒီဇာတ်ကားမှာ စစ်သည်တွေ ရဲ့ သဘောသဘာဝလည်း ပါတယ်။ အိမ်ထောင်သည် ရဲမေတွေရဲ့ ဖြစ်ရပ်မှန်တွေလည်းပါပါတယ်။ တပ်မတော်မှာ နောက်တန်းဌာနချုပ်ကို ရန်သူတွေ ဝင်တိုက်တဲ့အချိန်မှာ ရှိနေတဲ့ ရဲမေတွေ၊ မှီခိုသူတွေကနေ စုပေါင်းပြီးတော့ ခုခံကာကွယ်ကြတဲ့ ဇာတ်လမ်းလေးပါဗျ။ အဲ့ဒါက ဖြစ်ရပ်မှန်လေးကို ရိုက်ထားတာပါ။ ဒီရဲမေတွေဟာဆိုရင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရဲ့ ဂုဏ်ထူးဆောင် လက်မှတ်ကို ရထားတဲ့ သူတွေပါ။ သူတို့ရဲ့ ဖြစ်ရပ်မှန်လေးကို ဇာတ်လမ်းဖွဲ့ပြီး ရိုက်ထားတာပါ။ စိတ်ကူးယဉ် ဇာတ်လမ်းလေးတွေလည်း ပါတာပေါ့နော်။ တကယ့်ဖြစ်ရပ်နဲ့ စိတ်ကူးယဉ်ပြီး ဖန်တီးထားတဲ့ ဇာတ်ကွက်လေးတွေကို ပေါင်းပြီး ရိုက်ထားတာပါဗျ။ မတူတဲ့ ရှုထောင့်ကနေ တင်ပြချင်တဲ့အတွက် လူတွေ မျှော်မှန်းဖို့ခက်တဲ့ ဇာတ်လမ်းမျိုးကို ရွေးချယ်ပြီး ရိုက်ကြတာပါ။ အဲ့ဒါကြောင့် 'စစ်ကို မုန်း၍ တိုက်ခဲ့သည်' ဆိုတဲ့ ဇာတ်လမ်းလေး ဖြစ်လာတာပါ။ 'ပြည်ထောင်စု သစ္စာ' ထက်ပိုပြီး တော့ ကောင်းမွန်တဲ့ အရုပ်၊ အသံတွေနဲ့ ရိုက်ကူးတင်ပြထားပါတယ်။



## အိချောပို

ဒီကားမှာ နန်းထွေးခင်ဆိုတဲ့ အမျိုးသမီးတစ်ယောက်နေရာကနေ အိချော ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒါက တကယ့် ဖြစ်ရပ်မှန်ကို အခြေခံပြီး ရိုက်ထားတယ်လို့ သိရပါတယ်။ ပရိသတ်တွေလည်း ခံစားလို့ရကြလိမ့်မယ်လို့ ထင်ပါတယ်။ အိချောက အရင်တုန်းကလည်း တပ်မတော်နေ့ ဂုဏ်ပြု ဇာတ်ကားတွေ ရိုက်ဖူးတော့ သေနတ်ပစ်ဖူးတယ်၊ ကိုင်ဖူးတယ်ပေါ့နော်။ ဒီကားမှာပါတဲ့ တချို့သရုပ်ဆောင်တွေကျတော့ သေနတ် အခုမှ ကိုင်ဖူးတဲ့အတွက် ကြောက်ကြတာမျိုး ရှိတယ်။ အိချောရဲ့ သူငယ်ချင်း သွန်းဆက်ဆိုရင် သေနတ်ကိုင်ရတာ လန့်ပြီးတော့ လက်ကရမ်းနေတယ်။ ကိုယ်ကလည်း သူ့လက်ကို ကြည့်ပြီး ပြန်လန့်နေရတယ်။ သေနတ်ပစ် သံကြားရင်တောင် လန့်နေတာလေ။ သေနတ်ကို ကိုယ်တိုင်ကိုင်ပြီး ပစ်ရတော့ ပိုဆိုးတာပေါ့။ ဒီဇာတ်ကား ရိုက်တုန်းက အမှတ်တရကတော့ အနုပညာ မောင်နှမတွေအများကြီးပါတဲ့အတွက် ပျော်စရာကောင်းခဲ့ပါတယ်။ ညနေဆို အတူတူ လမ်းလျှောက်ကြတယ်။ ဂိမ်းတွေဆော့ကြတယ်။ အခုပြောနေရင်းတောင် အဲ့ဒီအချိန်တွေကို ပြန်လွမ်းမိပါတယ်။



## ကျော်ထက်အောင်

ဒီဇာတ်ကားမှာ ကျွန်တော်က စစ်ဗိုလ်ဆရာဝန် တစ်ယောက်အနေနဲ့ ပါဝင်ရတာပါ။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်လောက်တုန်းကတော့ 'သူးမွဲ့ထ သစ္စာ' ဆိုတဲ့ စစ်ကားတစ်ကား ရိုက်ဖူးပါတယ်။ အဲ့ဒီတုန်းကတော့ ကျွန်တော်က မော်ဒယ်လ်အနေနဲ့ပဲ ရှိသေးတော့ တောပုန်းကျောင်းသားလေးတစ်ယောက် အနေ နဲ့ ပါဝင်ရတာပါ။ အဲ့ဒီတုန်းကတော့ ပါဝင်ရတဲ့ အခန်းကဏ္ဍကလည်း သိပ်မရှိဘူး။ စစ်ကို မုန်း၍ တိုက်ခဲ့သည်မှာတော့ ကိုယ့်ရဲ့ ကာရိုက်တာလေး တစ်ခုကို ပီပီပြင်ပြင် သရုပ်ဆောင်ခွင့်ရပါတယ်။ ဒီကားကို မရိုက်ခင်မှာ လေ့ကျင့်ပြင်ဆင်ရတာတွေ ရှိပါတယ်။ ကျွန်တော်ဆို ပထမ တစ်ရက်ကျင့်ပြီးတော့ နောက်နှစ်ရက်လောက် ဖျားသွားတယ်။ အဲ့ဒီလောက်အထိကို ပင်ပန်းခဲ့ပါတယ်။ သေနတ်အစစ်ကို စက္ကန့်နှစ်ဆယ်အတွင်း ဖြုတ်တပ်နိုင်အောင် လေ့ကျင့်ရတယ်။ စစ်ဆရာဝန်တွေရဲ့ ဝတ်ပုံစားပုံနဲ့ မာန်တွေဌာန်တွေကိုလည်း လေ့လာရပါတယ်။ အမှန်တကယ်တော့ စစ်ဆိုတာက ဒီဇာတ်ကား ရဲ့ခေါင်းစဉ်အတိုင်းပဲ မုန်းစရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း မတိုက်လို့မဖြစ်တော့လည်း တိုက်ရမှာပေါ့နော်။ ကျွန်တော်ကတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ စစ်ကို မလိုလားပါဘူး။ တစ်တိုင်းပြည်လုံး ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။




## ကိုရီးယား-ဂျပန် ပူးပေါင်းရိုက်ကူးမယ့် ရုပ်ရှင်မှာ ခေါင်းဆောင်နေရာက ပါဝင်ရမယ့် Sooyoung

ဆိုးလ်၊ မတ် ၂၂

တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် အမျိုးသမီးဂီတအဖွဲ့ Girls' Generation ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ Sooyoung က ကိုရီးယား- ဂျပန် နှစ်နိုင်ငံ ပူးပေါင်းရိုက်ကူးမယ့် ရုပ်ရှင်ဇာတ်ကားမှာ ခေါင်းဆောင် မင်းသမီးနေရာက ပါဝင်ရမှာဖြစ်ကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

နာမည်ကျော် ဂျပန်စာရေးဆရာ၊ Yoshimoto Banana ရဲ့ဝတ္ထုကို အခြေခံထားတဲ့ 'Memories Of A Dead_ End' ရုပ်ရှင်ဇာတ်ကားမှာတော့ Sooyoung ကတော့ အဓိကဇာတ်ကောင် Yumi နေရာကနေ ပါဝင်သရုပ် ဆောင်ရမှာ ဖြစ်ပါတယ်။

ဇာတ်လမ်းကတော့ အချစ်ရဆုံးသူတစ်ယောက်ကို ဆုံးရှုံးခဲ့တဲ့ Yumi ဆိုတဲ့ အမျိုးသမီးက မြို့သစ်တစ်ခုကို ပြောင်းရွှေ့အခြေချတဲ့အခါမှာ လူသစ်တွေနဲ့ တွေ့ပြီး ဘဝကို ဆက်လက်ရှင်သန်ဖို့ ခွန်အားတွေရလာတဲ့ အကြောင်းကို ပုံဖော်ရေးသားထားတာ ဖြစ်ပါတယ်။

ဒီဝတ္ထုက စာရေးဆရာ Yoshimoto Banana ရဲ့ အနှစ်သက်ဆုံးဝတ္ထုလည်း ဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားကိုတော့ နာမည်ကျော် ဒါရိုက်တာ Choi Hyun Young က ဧပြီလအတွင်း ဂျပန်နိုင်ငံမှာ စတင်ရိုက်ကူးသွားမှာဖြစ်ပါတယ်။

# AI နည်းပညာများထွန်းကားလာမှုကြောင့် တရုတ်နိုင်ငံတွင် ဆရာဝန်များလျှော့မည်

**ဘေဂျင်း၊ မတ် ၂၂**

AI ဟုခေါ်သည့် လူသားဉာဏ်ရည်အတိုင်းတုပ လုပ်ဆောင် နိုင်စွမ်းရှိသော ကွန်ပျူတာနှင့် စက်များကို တီထွင်လာနိုင်သဖြင့် တရုတ်နိုင်ငံဆေးရုံများတွင် ကျန်းမာရေး ဝန်ဆောင်မှုနှင့် စောင့်ရှောက်မှုအတွက် ဆရာဝန်များကို လျှော့ချသွားရန် စီစဉ်လျက် ရှိကြောင်း MIT Technology Review သတင်းတွင် ဖော်ပြထား သည်။


PereDoc

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့တွင်လည်း ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် ဆရာဝန်များကို လျှော့ချလျက်ရှိပြီး ဆရာဝန်နှင့် လူနာအချိုးအစား မညီမျှမှုတို့ကို နည်းပညာကြောင့် ပြန်လည်တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

အမေရိကန်ပြည်ထောင်စုတွင် လူ ၁၀၀၀ လျှင် ဆရာဝန် ၂ ဒသမ ၅ ဦးနှုန်းရှိပြီး၊ တရုတ်နိုင်ငံတွင် လူ ၁၀၀၀ လျှင် ၁ ဒသမ ၅ ဦးနှုန်းသာရှိနေသောကြောင့် စက်ရုပ်များနှင့် ကွန်ပျူတာ AI စနစ်များကို အစားမထိုးဘဲ ပြည်သူများကို စောင့်ရှောက်ဝန်ဆောင်မှုပေးရန် မလွယ်ကူကြောင်း၊ နည်းပညာ၏ တိုးတက်မှုများကြောင့်လည်း ဆရာဝန်များကို နေရာတိုင်းတွင် မလိုအပ်ကြောင်း MIT သုတေသနဌာနမှ တာဝန်ရှိသူများကပြောကြားသည်။

တရုတ်နိုင်ငံတွင် ကျန်းမာရေးဌာနအတွက် ကုမ္ပဏီပေါင်း ၁၃၁ ခုသည် AI နည်းပညာများကို ထောက်ပံ့ပေးလျက်ရှိပြီး ဧပြီလက စတင်ကာ ဘေဂျင်းဆေးရုံကြီး၏ လည်ချောင်းဌာနတစ်ခုလုံးကို ကွန်ပျူတာအလိုအလျောက်ပစ္စည်းများနှင့် စတင်ကုသမှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဆေးလောကတစ်ခုလုံးကို ပထမအဆင့်အနေနှင့် AI နည်းပညာများဖြင့် ပြုပြင်ပြောင်းလဲပြီးဖြစ်ရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အတိုင်း China's AI Awakening ဆိုသည့် ဆောင်ပုဒ်ဖြင့် လုပ်ဆောင်သွားရေးအတွက် ကျန်းမာရေးဌာနကလည်း ပြင်ဆင်နေကြောင်း ထုတ်ပြန်သည်။

IDC ၏ ခန့်မှန်းချက်အရ တရုတ်နိုင်ငံသည် AI စနစ်များဖြင့် ကျန်းမာရေးဌာနကို ပြုပြင်ပြောင်းလဲရန်အတွက် ၂၀၂၂ ခုနှစ်တွင် ဒေါ်လာ သန်း ၉၃၀ အထိသုံးစွဲသွားရန် စီစဉ်နေသည်ဟုဆိုသည်။

တရုတ်နိုင်ငံ၏ အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီကြီးများဖြစ်ကြသော Alibaba နှင့် Tencent တို့ကလည်း တရုတ်နိုင်ငံတွင် AI နည်းပညာကို တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် အားသွန်ခွန်စိုက်ပူးပေါင်းပါဝင်ကာ တီထွင်မှုများကို လုပ်ဆောင်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံတွင် လက်ရှိ ကွန်ပျူတာဆော့ဖ်ဝဲတစ်ခုဖြစ်သည့် PereDoc ကို အသုံးပြုပြီး ဆေးရုံပေါင်း ၂၀ တွင် ချိတ်ဆက်ကုနေကာ၊ ဆေးလောကဆိုင်ရာ ကွန်ရက်ကို ချိတ်ဆက်လုပ်ဆောင်နေသည့် ဆေးရုံပေါင်း ၁၈၀ ကျော်ရှိကြောင်း MIT Technology Review တွင်ရေးသားထားသည်။ ■

# ဂျပန်နိုင်ငံထုတ် အဆင့်မြင့် ကွန်ဒုံးများကို တိုကျိုအိုလံပစ်တွင် စတင်အသုံးပြုမည်

**တိုကျို၊ မတ် ၂၂**


AFP

ဂျပန်နိုင်ငံသည် နောက်ဆုံးပေါ် အလွန်ပါးလွှာပြီး ကမ္ဘာ့စံချိန်မီအရွယ်အစား ကွန်ဒုံးများကို ထုတ်လုပ်ကာ ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ်ကစတင်ပြီး အားကစားသမားများကို ဖြန့်ဝေကာ အသုံးပြုစေနိုင်ရန် စီစဉ်လျက်ရှိကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

အိုလံပစ်ပွဲသို့ တက်ရောက်လာသည့် နိုင်ငံတကာ အားကစားသမားများအတွက် လိင်ကိစ္စများတွင် လုံခြုံစိတ်ချနိုင်စေရေးရည်ရွယ်ကာ ကမ္ဘာ့အဆင့်ကွန်ဒုံးများကို ထုတ်လုပ်မည်ဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

ဂျပန်နိုင်ငံတွင် လက်ရှိထုတ်လုပ်နေသည့် ကွန်ဒုံးများသည် ကမ္ဘာ့အဆင့်မမီကြောင်း ဝေဖန်ခံရပြီးနောက် ဈေးကွက်လိုအပ်ချက်အရ ပြောင်းလဲပြုပြင်ကာ ထုတ်လုပ်နိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

ယခုထုတ်လုပ်မည့် ကွန်ဒုံးများသည် Untra-thin ဟု ခေါ်ဆိုနိုင်လောက်အောင် ပါးလွှာပြီး 0.01 mm ကွန်ဒုံးများဖြစ်ကြောင်း၊ အိုလံပစ်ပွဲတွင် နာမည်ရသွားပါက ကမ္ဘာကျော်သွားနိုင်သဖြင့် အချိန်ကိုက် တီထွင်မှုများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း AFP တွင်ရေးသားထားသည်။

ကွန်ဒုံးများကို ပြုလုပ်ရာတွင် polyurethane ဆိုသည့် ပစ္စည်းကို အသုံးပြုကြပြီး ယင်းသည် ဓာတ်မတည့် သူများနှင့် ယားယံမှုများကို ဖြစ်စေသောကြောင့် ကြက်ပေါင်းစေးကိုပင် အသုံးပြုပြီး အလွန်ပါးလွှာစေရန် တီထွင်နိုင်ခဲ့ကြသည်။

နောက်ဆုံးပေါ်ကွန်ဒုံးကို ဂျပန်နိုင်ငံ Sagami Rubber Industries ကထုတ်လုပ်ပြီး ဂျပန်နိုင်ငံထုတ် ကွန်ဒုံး အစွမ်းကို ကမ္ဘာကသိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

ဂျပန်နိုင်ငံသည် သန္ဓေတားဆေးများကိုသာ အသုံးပြုခဲ့သဖြင့် ၁၉၉၉ ခုနှစ်အထိ ကွန်ဒုံးသုံးစွဲမှုတွင် ခေတ်မစားခဲ့ သောကြောင့် ကွန်ဒုံးတီထွင်မှုတွင် ဗြိတိန်မှ Durex နှင့် အမေရိကမှ Trojan တို့လောက် နာမည် မရခဲ့သော် လည်း အိုလံပစ်ပွဲက ဂျပန့်ကွန်ဒုံး အစွမ်းကို ကမ္ဘာသိအောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်ထင်ကြောင်း AFP တွင် ရေးသားထားသည်။ ■

## NEWS IN BRIEF

### ဦးနှောက်တစ်ခုလုံးကို စကင်ဖတ်နိုင်မည့် ခေါင်းဆောင်းဦးထုပ်တီထွင်

ဗြိတိန်နိုင်ငံ ယူနီဗာစီတီကောလိပ်၊ လန်ဒန်မှ ပါမောက္ခ ဂဲရက်ဘန်းစ် ဦးဆောင်သည့် အဖွဲ့သည် ဦးထုပ်သဖွယ် ခေါင်းတွင် ဆောင်းထားရုံဖြင့် ဦးနှောက်တစ်ခုလုံး၏ အသေးစိတ်ကို စကင်ဖတ်နိုင်သည့် စကင်နာတစ်မျိုးကို တီထွင်နိုင်ခဲ့ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဦးနှောက်ကို ထောက်လှမ်းနိုင်သည့် စကင်ခေါင်းဆောင်းကို တီထွင်နိုင်ခြင်းကြောင့် လူတစ်ယောက်၏ အလုပ်လုပ်နေစဉ်၊ ပြေးနေစဉ်၊ အိပ်နေစဉ် ဦးနှောက်၏ လုပ်ဆောင်နေမှုများကို အလွယ်တကူ ထောက်လှမ်းနိုင်တော့မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

၎င်းခေါင်းဆောင်းသည် သာမန် MEG စကင်နာများနှင့် စစ်ဆေးရန်မဖြစ်နိုင်သည့် လူနာများကို စစ်ဆေးရာတွင် အသုံးဝင်နိုင်သည့်အပြင် ပါကင်ဆန်ဝေဒနာခံစားနေရသည့် ကလေးသူငယ်များအား ကုသရာတွင်ပါ ပိုပြီး ထိရောက်စေနိုင်သည့် စစ်ဆေးရေးကိရိယာအဖြစ်သုံးနိုင်ကြောင်း Reuters တွင်ရေးသားထားသည်။ ■

### စကော့တလန်အမျိုးသမီးခေါင်းဆောင်များက Twitter ကို သတိပေး

စကော့တလန်နိုင်ငံမှ လူသိများသည့် အမျိုးသမီးနိုင်ငံရေးသမားသုံးဦးက ဆိုရှယ်မီဒီယာဖြစ်သည့် Twitter ကို အမျိုးသမီးများအား အကြမ်းဖက် ခြိမ်းခြောက်နေမှုများအား အွန်လိုင်းကတစ်ဆင့် လုပ်ဆောင်နေမှုများကို ပယ်ဖျက်ပေးရန် တောင်းဆိုလိုက်ပြီး သတိပေးလိုက်ကြောင်း Reuters တွင် ဖော်ပြထားသည်။

နစ်ခိုလာ စတာဂျီယွန်၊ ရုသ် ဒါဗီဆန်နှင့် ကာဇီယာ ဒပ်ဒေးလ်တို့က အမျိုးသမီးများကို ခြိမ်းခြောက်နေမှု များအား ကိုယ်တိုင်ဖယ်ရှားလုပ်ဆောင်နေရပြီး Twitter အနေနှင့် တာဝန်ယူခြင်းမရှိသဖြင့် ခြောက်နှစ်အတွင်း အမျိုးသမီးသုံးဦးကိုယ့်ကိုယ်ကိုယ်သတ်သေမှုများဖြစ်ခဲ့ရကြောင်း ထောက်ပြဝေဖန်ခဲ့သည်။

ဒပ်ဒေးလ်က မိမိကိုယ်တိုင်ပင် လွန်ခဲ့သည့်နှစ်က လုံ့စွပ်ဖြင့် ထိုးသတ်ခြင်းခံရမည်ဟု Twitter တွင် ရေးသား ခြိမ်းခြောက်ခြင်းခံခဲ့ရကြောင်းပြောကြားသည်။ ■

### ကနေဒါတွင် မောင်းသူမဲ့ကားများ နှင်းတောထဲတွင် စမ်းသပ်

ကနေဒါနိုင်ငံတွင် နှင်းများ ထူထပ်စွာကျနေသည့်မြို့အတွင်း မောင်းသူမဲ့ကားများအား စမ်းသပ်လျက်ရှိပြီး နှင်း တောထဲတွင်သာမက၊ မိုးနှင်းများ ရွာကျနေသည့် အထဲတွင်ပါ မောင်းနှင်ကာ မည်သို့ တုံ့ပြန်မည်ကို လေ့လာ ဆန်းစစ်လျက်ရှိကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

အရီဇိုးနားပြည်နယ်တွင် Uber ကုမ္ပဏီက အမျိုးသမီးတစ်ဦးကို မောင်းသူမဲ့ကားနှင့် တိုက်သတ်မှု ဖြစ်စေပြီး နောက် ရာသီဥတုဆိုးရွားသည့်အချိန်တွင် မောင်းသူမဲ့ကားများ၏ လုပ်ဆောင်နိုင်စွမ်းကိုပြန်လည် ဆန်းစစ်မှုများ လုပ်ဆောင်နေကြပြီဖြစ်သည်။

ကနေဒါနိုင်ငံ အော့တဝါမြို့အပြင် အွန်တေရီယိုနှင့် တိုးရွန်တိုမြို့များအတွင်းပါ Uber ကုမ္ပဏီသည် မောင်းသူမဲ့ ကားများကို ပြေးဆွဲရန်ရှိသောကြောင့် အန္တရာယ်ကင်းစေရေးအတွက် ပြန်လည်ဆန်းစစ်ကာ စမ်းသပ်နေခြင်း ဖြစ်ကြောင်း Reuters တွင် ရေးသားထားသည်။ ■

### သုံးစွဲသူများ၏ ဒေတာများကို အမှားလုပ်ခဲ့မိကြောင်း Facebook ဝန်ခံ

ကမ္ဘာကျော် ဆိုရှယ်မီဒီယာကြီးဖြစ်သည့် Facebook သည် သုံးစွဲသူ သန်း ၅၀ ၏ ဒေတာ အချက်အလက်များကို အမှားလုပ်ခဲ့မိကြောင်း တောင်းပန်လိုက်ပြီး မိမိတို့ ပညာရှင်များအနေနှင့် ပြန်လည်ပြုပြင် ထိန်းချုပ် သွားမည်ဖြစ်ကြောင်း ပြောကြားချက်ကို Reuters သတင်းတွင်ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ရွေးကောက်ပွဲအကြိုလှုပ်ရှားမှုများတွင် အမေရိကန်မဲပေး သူများ၏ ဒေတာများကို ဖောင်းပွစေရန် လုပ်ဆောင်ရာတွင် Facebook သည်အဓိကအခန်းက ပါဝင်ခဲ့ကြောင်း လန်ဒန်အခြေစိုက် Cambridge Analytica အဖွဲ့ကစွပ်စွဲထားချက်ကို Facebook ကဝန်ခံခြင်းဖြစ်သည်။

စွပ်စွဲဝေဖန်ချက်များ ပြင်းထန်စွာ ပေါ်ထွက်လာပြီးနောက် Facebook ကိုထူထောင်သူ မာ့ခ် ဇူကာဘတ်က ဝန်ခံလိုက်ပြီး မိမိတို့အနေနှင့် ပြန်လည်ထိန်းချုပ်လုပ်ဆောင်ပေးမည်ဟုပြောကြားကြောင်း Reuters တွင် ရေးသားထားသည်။ ■

### အမေရိကန် အာကာသယာဉ်မှူးနှစ်ဦးနှင့် ရုရှား အာကာသယာဉ်မှူးတစ်ဦး အာကာသစခန်းသို့ထွက်ခွာ

အမေရိကန်အာကာသယာဉ်မှူး နှစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူးတစ်ဦးတို့ လိုက်ပါသွားသော ရုရှား Soyuz ဒုံးပျံကြီးကို ရုရှားနိုင်ငံ၊ ကာဇက်စတန်၊ ဘိုင်ကိုနာ အာကာသစခန်းမှ မတ်လ ၂၁ ရက်နေ့က လွှတ်တင်လိုက်ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

Soyuz MS-08 ဒုံးပျံကြီးသည် လာမည့် ၂၃ ရက်နေ့တွင် နိုင်ငံတကာ အာကာသစခန်း (ISS) သို့ဆိုက်ရောက်မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ISS အာကာသစခန်းကြီးသည် ကမ္ဘာမြေအထက် မိုင်ပေါင်း ၂၄၀ အကွာတွင် တည်ရှိနေပြီး အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က အာကာသစမ်းသပ်မှုများကို ရပ်ဆိုင်းရန် ပြောကြားသည့်ကြားမှ လေ့လာစူးစမ်းမှုများ လုပ်ဆောင်ရန် ထပ်မံစေလွှတ်နေခြင်းဖြစ်ကြောင်း AFP သတင်းတွင် ရေးသားထားသည်။ ■

# Star Team အထည်ချုပ်စက်ရုံ အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းမှု ပြေလည်မှုရ

**ရန်ကုန်၊ မတ် ၂၂**

လှိုင်သာယာစက်မှုဇုန် (၁)၊အမှတ် (၄)ဦးရွှေမြူလမ်းရှိ Star Team အထည်ချုပ်စက်ရုံမှ အလုပ်သမား ကိုးဦး အလုပ်ထုတ်ခံရသည့်အတွက် ယင်းစက်ရုံက အလုပ်သမား ၂၅၂ ဦး စက်ရုံရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ရာ မတ်လ ၂၂ ရက်တွင် အလုပ်ရှင် အလုပ်သမား ပြေလည်မှု ရရှိခဲ့ကြောင်း အဆိုပါစက်ရုံမှ ဆန္ဒပြအလုပ်သမားခေါင်းဆောင် ကိုတင်လင်းရှိန်က ပြောကြားသည်။

''ဒီနေ့ မွန်းလွဲ ၂ နာရီမှာ အလုပ်ရှင်နဲ့ညှိတာ ပြေလည်မှုရတယ်။ ကျွန်တော်တို့တောင်းဆိုတဲ့ ၁၁ ချက်လည်း သဘောတူညီမှုရတယ်။ အလုပ်ထုတ်ခံရတဲ့ အလုပ်သမား ၉ ယောက်လည်း မနက်ဖြန် အလုပ်ပြန်ဝင်ရမယ်'' ဟု ၎င်းကဆိုသည်။

အဆိုပါစက်ရုံမှ အလုပ်သမား ကိုးဦးသည် အချိန်ပိုအလုပ်မဆင်းသည့်အတွက် အလုပ်ရှင်က ဖေဖော်ဝါရီလ ၂၀ ရက်က အလုပ်က ထုတ်ပယ်ခံရခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ထိုသို့အလုပ်က ထုတ်ပယ်ခံရပြီး နောက်ပိုင်း မတ်လ ၁၉ ရက်မှ စတင်ကာ အလုပ်သမားများက စက်ရုံရှေ့တွင် အလုပ်သမားကိုးဦးကို အလုပ်ပြန်ခန့်ရေး၊ အချိန်ပိုအလုပ်မဆင်းပါက ရက်မှန်ကြေးဖြတ်တောက်ခြင်းမပြုရန်၊ စက်ရုံအတွင်း အိမ်သာအလုံအလောက်မရှိခြင်း၊ ထမင်းစားခန်းနေရာ အကျပ်အတည်း ဖြစ်နေခြင်း၊ စက်ရုံအတွင်း ဆေးခန်းတွင် ဆေးအလုံအလောက်မရှိခြင်းတို့အပါအဝင် အချက် ၁၁ ချက်ကို သုံးရက်ကြာ တောင်းဆိုဆန္ဒဖော်ထုတ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းကဆက်လက် ပြောကြားသည်။

အလုပ်သမားများ တောင်းဆိုချက်များကို မတ်လ ၂၂ ရက် လှိုင်သာယာ အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးရုံးတွင် အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းမှုပြေလည်မှုရရှိခဲ့ခြင်းဖြစ်ပြီး မတ်လ ၂၄ ရက်တွင် အလုပ်က ထုတ်ပယ်ခံထားရသည့် အလုပ်သမား ၉ ဦးအပါအဝင် ဆန္ဒပြ အလုပ်သမားများ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါစက်ရုံမှာ နိုင်ငံသားပိုင်စက်ရုံဖြစ်ပြီး အလုပ်သမား ၄၀၀ ခန့် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

■ J-18

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာခြောက်ဘီလီယံကျော် ဝင်ရောက်

**ရန်ကုန်၊ မတ် ၂၂**

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းသို့ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

''ဌာနအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဒေါ်လာ ခြောက်ဘီလီယံပဲဝင်မယ်လို့ လျာထားပေမယ့် အခုဆို လျာထားချက်ထက် ၁၁၅ သန်းကျော်ပိုဝင်လာခဲ့ပါတယ်'' ဟု ၎င်းကဆိုသည်။

လက်ရှိအချိန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်သည့် လုပ်ငန်းပေါင်းမှာ ၂၂၂ ခုရှိပြီး စင်ကာပူနိုင်ငံမှ အများဆုံးရင်းနှီးမြှုပ်နှံထားကာ စက်မှုလုပ်ငန်းကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်၍ စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှု လုံးဝဝင်ရောက်ခြင်း မရှိကြောင်း ၎င်းကပြောဆိုသည်။

ယခင်လပိုင်းများက ပဋိပက္ခဖြစ်ပွားခဲ့သည့် ရခိုင်အရေးကြောင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရန် လျော့ကျသွားမည်ဟု ခန့်မှန်းပြောဆိုကြသော်လည်း လက်တွေ့တွင်ကျဆင်းခြင်းမရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ယခုအစိုးရသက်တမ်းအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော် ရှိသော်လည်း အနောက်ဥရောပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် သိသိသာသာဝင်ရောက်ခြင်းမရှိသေးကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောဆိုသည်။

''ဒီအစိုးရ တက်လာတည်းက အမေရိကန်က ဆန်ရှင်ဖြေလျှော့မှုတွေ လုပ်ပေးခဲ့တယ်။ ဒါပေမဲ့လည်း လုပ်ငန်းရှင်တွေက ပြည်တွင်းရဲ့ အခွန်စနစ်တွေ မကြိုက်တဲ့အပြင် တချို့နေရာတွေမှာ လုပ်ကိုင်ခွင့် လွယ်လွယ်ကူကူ မရတဲ့အတွက် ဝင်ဖို့ကိုအခက်အခဲဖြစ်တယ်လို့ အမေရိကန်ကုန်သည်ကြီးများအသင်းတွေနဲ့ ဆွေးနွေးတဲ့အခါ ပြောကြတယ်'' ဟု ကျောက်မျက်လုပ်ငန်းရှင် ဦးသောင်းထွန်းက ပြောကြားသည်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် အစိုးရအနေနှင့် အခွန်သက်သာခွင့်များပေးခဲ့ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် လိုအပ်သည့် ကုန်ကြမ်းများတင်သွင်းပါက အကောက်ခွန်သက်သာခွင့်ကို နှစ်အကန့်အသတ်မရှိပေးလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

■ J-13

## NEWS IN BRIEF

### CANAL+ အခပေးရုပ်သံလိုင်း ၇၈ လိုင်း ထုတ်လွှင့်ပြီ

**ရန်ကုန်၊ မတ် ၂၂**

Forever Group နှင့် ပြင်သစ်နိုင်ငံအခြေစိုက် CANAL+ Myanmar FG Ltd. တို့ အကျိုးတူပူးပေါင်းကာ ထုတ်လွှင့်နေသော CANAL+ အခပေးရုပ်သံလိုင်းသစ် စတင်ထုတ်လွှင့်စဉ်က လိုင်းအားလုံး ထုတ်လွှင့်ခြင်း မရှိသော်လည်း ယခုအခါ လိုင်း ၇၈ လိုင်း ထုတ်လွှင့်ပြီလျက်ရှိကြောင်း CANAL+ Myanmar FG Ltd. ထံမှ သိရသည်။

အဆိုပါ CANAL + Myanmar မှ ရုပ်သံလိုင်းကြေးများကို တစ်လလျှင် Shall Package (ရှယ်အစီအစဉ်)ကို ၄၈၀၀ ကျပ်နှင့် Htoo Shall Package (ထူးရှယ်အစီအစဉ်)ကို ၇၉၀၀ ကျပ်ဟူ၍ နှစ်မျိုးခွဲခြားထားကြောင်း၊ Shall Package တွင် ရုပ်သံအစီအစဉ်လိုင်း ၃၆ လိုင်းပါဝင်ကာ Htoo Shall Package တွင် ရုပ်သံ အစီအစဉ် လိုင်း ၇၈ လိုင်းပါဝင်ကြောင်း CANAL+ Myanmar FG Ltd. ထံမှ သိရသည်။

CANAN+ အခပေးရုပ်သံလိုင်းသစ် ဝယ်ယူထားသူများအနေဖြင့် မတ်လ တတိယအပတ်မှစတင်ကာ g&g နှင့် ABC Convenience Store များအပြင် အနယ်နယ်အရပ်ရပ်က မြန်မာ့စာတိုက်များတွင် သက်တမ်းသွားရောက်တိုးနိုင်ပြီဖြစ်သည်။

■ J-10




# အသိပညာ မူပိုင်ခွင့် ချိုးဖောက်မှုကြောင့် အမေရိကန်က တရုတ်အပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုများ ချမှတ်ရန်ရှိ





**ဝါရှင်တန် မတ် ၂၂**

အမေရိကန်ကုမ္ပဏီများ၏ အသိပညာဆိုင်ရာ မူပိုင်ခွင့်များကို တရုတ်နိုင်ငံပိုင် ကုမ္ပဏီများထံ ဖြန့်ဝေပေးရန် ဘေဂျင်းက အတင်းအကျပ် ဖိအားပေးနေသည်ဟု အမေရိကန်ပြည်ထောင်စုက စွပ်စွဲလိုက်ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး တင်းမာမှုများ မြင့်တက်လာနိုင်ကြောင်း DW သတင်းတွင် ဖော်ပြထားသည်။

အမေရိကန် အသိပညာ မူပိုင်ခွင့်များကို ခိုးယူမှုဖြင့် သမ္မတထရမ့်က တရုတ်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်များ ကြာသပတေးနေ့တွင် ချမှတ်ရန်ရှိသည်ဟု အိမ်ဖြူတော်အရာရှိတစ်ဦးက ပြောကြားသည်။

အမေရိကန်သို့ တင်သွင်းသည့် သံမဏိနှင့် အလူမီနီယံများကို အခွန်သတ်မှတ်မည့် ဝါရှင်တန်၏ အစီအစဉ်များကြောင့် ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားမည့် အလားအလာကို စိုးရိမ်နေကြချိန်တွင် ယခုအစီအစဉ် ထပ်မံထွက်ပေါ်လာခြင်းဖြစ်သည်။

ကြာသပတေးနေ့တွင် သမ္မတထရမ့်က 'တရုတ်အစိုးရ ဦးဆောင်သော ဈေးကွက်ပျက်ပြားစေသည့် ဆောင်ရွက်ချက်များအား အမေရိကန်ဘဏ္ဍာရေးဌာန၏ စုံစမ်းစစ်ဆေးမှုများ၊ အမေရိကန် နည်းပညာနှင့် အသိပညာဆိုင်ရာ မူပိုင်ခွင့် ခိုးယူခံရမှုများအပေါ်တွင် အခြေခံ ဆုံးဖြတ်ထားသော အရေးယူပိတ်ဆို့မှုများ” ကို ကြေညာရန် ရှိသည်ဟု ရပ်ချ်ရှားက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်တွင် တရုတ်တို့ ရင်းနှီးမြှုပ်နှံထားမှုများကိုလည်း ကန့်သတ်မှုများ ချမှတ်နိုင်သည်ဟု သိရှိရသည်။

ထရမ့်အား စိတ်လိုက်မာန်ပါ မပြုလုပ်ရန် တိုက်တွန်းပြီးနောက်တွင် အမေရိကန် လယ်ယာထွက်ကုန်များအပေါ်တွင် ဘေဂျင်းက တန်ပြန်တုံ့ပြန်မှုများ ပြုလုပ်လာမည်ဟု မျှော်လင့်ရသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO က ချမှတ်ထားသော နိုင်ငံတကာ ကုန်သွယ်ရေးစည်းမျဉ်းများကို ဝါရှင်တန်က အကြိမ်ကြိမ် ချိုးဖောက်နေသည်ဟု ဘေဂျင်းက စွပ်စွဲထားသည်။

၂၀၁၆ ခုနှစ်အတွင်း အမေရိကန်နှင့် တရုတ်အကြား ကုန်သွယ်မှုပမာဏ ဒေါ်လာ ၅၇၉ ဘီလီယံ ရှိခဲ့ရာတွင် တရုတ်က အမေရိကန်ကုန်စည် ဒေါ်လာ ၁၁၅ ဒသမ ၈ ဘီလီယံဖိုး တင်သွင်းခဲ့ပြီး အမေရိကန်က တရုတ်ကုန်စည် ဒေါ်လာ ၄၆၂ ဒသမ ၈ ဘီလီယံဖိုး တင်သွင်းခဲ့သည်။

ပြီးခဲ့သော ၂၀၁၇ တွင် တရုတ်သို့ အမေရိကန်ပို့ကုန် စံချိန်တင် မြင့်တက်ခဲ့သော်လည်း အမေရိကန်ဘက်က ဒေါ်လာ ၃၇၅ ဘီလီယံ ကုန်သွယ်ရေးလိုငွေပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုအပေါ် ကုန်သွယ်ရေးစစ်ပွဲ ဆင်နွှဲမည့် အလားအလာ ကြီးထွားလာနေသည်ဟု အမေရိကန်ဖက်ဒရယ် ရန်ပုံငွေဆိုင်ရာ ဥက္ကဋ္ဌ ဂျရိုမီပါဝယ်က ပြောကြားသည်။

■ F-04

# သုံးစွဲသူသန်း ၅၀ ခန့်၏ ကိုယ်ရေးအချက်အလက်များ အလွဲသုံးမှုနှင့်ပတ်သက်၍ ဖေ့စ်ဘွတ်ခ်ကို အမေရိကန်ကုန်သွယ်ရေးကော်မရှင်က စစ်ဆေး

**ဝါရှင်တန်၊ မတ် ၂၂**

ဖေ့စ်ဘွတ်ခ် သုံးစွဲသူသန်း ၅၀ ခန့်၏ ကိုယ်ရေးအချက်အလက်များကို နိုင်ငံရေး အတိုင်ပင်ခံအဖွဲ့တစ်ခုကအလွဲသုံးခဲ့သည် ဆိုသော စွဲချက်များနှင့် ပတ်သက်၍ ဖေ့စ်ဘွတ်ခ်ကုမ္ပဏီကိုပါ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးကော်မရှင်က စုံစမ်းစစ်ဆေးနေသည်ဟု BBC သတင်းဌာနက ဖော်ပြသည်။

ထရမ့်မဲဆွယ်အဖွဲ့က ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွင်း ငှားရမ်းခဲ့သော Cambridge Analytica (CA) အဖွဲ့သည် သုံးစွဲသူများ မသိဘဲ ကိုယ်ရေးအချက်အလက်များကို ရယူခဲ့သည်ဟု စွပ်စွဲခံထားရသည်။

ယခုအခါ CA ၏ အကြီးအကဲ အလက်ဇန္ဒြားနစ်ကို ဘုတ်အဖွဲ့က တာဝန်မှ ရပ်စဲလိုက်ပြီဖြစ်သည်။ CA ၏ လုပ်ဆောင်ချက်များသည် အမေရိကန်ရွေးကောက်ပွဲ ဥပဒေများကို ချိုးဖောက်ရာရောက်ခဲ့သည်ဟု ဝေဖန်မှုများရှိနေသည်။

လန်ဒန်တွင် အခြေစိုက်သည့် CA အဖွဲ့ကမူ အမှားလုပ်ထားခြင်းမရှိဟု ငြင်းဆန်ထားသည်။

ယခုဖြစ်စဉ်ကြောင့် ဖေ့စ်ဘွတ်ခ်ပါ စုံစမ်းစစ်ဆေးခံနေရချိန်တွင် ဖေ့စ်ဘွတ်ခ် ကုမ္ပဏီရှယ်ယာများလည်း သိသိသာသာ ကျဆင်းခဲ့သည်။

ဖေ့စ်ဘွတ်ခ် တည်ထောင်သူ မာ့ခ်ဇက်ကာဘာ့ဂ်အနေနှင့်သက်သေအထောက်အထားများတင်ပြရန် ဗြိတိန်နှင့် ဥရောပ လွှတ်တော်များက တောင်းဆိုထားသလို အမေရိကန်လွှတ်တော်အမတ်များကိုလည်း မတ်လ ၂၁ ရက်နေ့တွင် ရှင်းလင်းတင်ပြရမည်ဖြစ်သည်။

ဖေ့စ်ဘွတ်ခ်ပေါ်တွင် ကိုယ်ရည်ကိုယ်သွေးကိုစိစစ်သည့် ဉာဏ်စမ်းအစီအစဉ် This is Your Digital Life မှ စုစည်းပေးထားသော အချက်အလက်များကို CA အတိုင်ပင်ခံအဖွဲ့က ရယူခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲခံထားရသည်။

ဖြေဆိုသူမှာ ၂၇၀,၀၀၀ သာရှိသော်လည်း မိတ်ဆွေကွန်ရက်များကတစ်ဆင့် အခြားသူများ၏ အချက်အလက်များကိုပါ




သဘောတူညီချက်မရဘဲရယူခဲ့ရာ အမေရိကန်နိုင်ငံသားအများစုပါဝင်သော သုံးစွဲသူသန်း ၅၀ ခန့်၏ အချက်အလက်များကို စုဆောင်းနိုင်ခဲ့သည်ဟုဆိုသည်။

ယင်းအချက်အလက်များကို ဝယ်ယူထားသော CA သည် စိတ်ပညာသဘောအရ လူအများကို ခွဲခြမ်းစိတ်ဖြာပြီးထရမ့်အပေါ် လိုလားသည့် အမြင်များလွှမ်းမိုးစေသောအချက်အလက်များ ဖြန့်ဖြူးကာ သဘောထားအမြင် လွှမ်းမိုးနိုင်စေရန် ကြိုးပမ်းခဲ့သည်ဟု ဆိုသည်။

CA က အချက်အလက်ရယူရာတွင် မှန်ကန်သည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့သည်ဆိုသော်လည်း ပြီးခဲ့သည့် အပတ်တွင် ဖေ့စ်ဘွတ်ခ်ပေါ်မှ ဖယ်ရှားခံခဲ့ရသည်။

■ F-03



## ရုရှား ကမ္ဘာ့ဖလား ဘောလုံးပွဲကို နာဇီခေတ် ဘာလင်အိုလံပစ်နှင့် နှိုင်းယှဉ်မှုကြောင့် ဘောရစ်ဂျွန်ဆင်ကို မော်စကို ရှုတ်ချ

**မော်စကို မတ် ၂၂**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်က ယခုနှစ် နွေရာသီ ရုရှားကမ္ဘာ့ဖလားဘောလုံးပွဲကို ၁၉၃၆ ခုနှစ် ဘာလင်အိုလံပစ်နှင့် နှိုင်းယှဉ်လျှင် မှန်ကန်သည်ဟု ပြောကြားခဲ့ကြောင်း DW သတင်းတွင် ဖော်ပြထားသည်။

နာဇီခေါင်းဆောင် ဟစ်တလာက ဘာလင်အိုလံပစ်တွင် ဂျာမန်လူမျိုးများက ပိုမိုမြင့်မြတ်သည်ဟု ရည်ညွှန်းလိုခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ရုရှားကမ္ဘာ့ဖလား ဘောလုံးပွဲနှင့် ၁၉၃၆ နာဇီဂျာမနီ အိုလံပစ်ပွဲကို ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်က နှိုင်းယှဉ်ခြင်းကို လက်သင့်မခံနိုင်ဟု ရုရှားဘက်က ပြောကြားသည်။

“ဒီလို နှိုင်းယှဉ်မှုတွေကို လက်သင့်မခံနိုင်ပါဘူး။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးရဲ့ သိမ်ဖျင်းတဲ့စကားတွေပါ” ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက သူမ၏ facebook စာမျက်နှာတွင် တုံ့ပြန်ထားသည်။

၁၉၃၆ ခုနှစ်က အိုလံပစ်ပွဲကို ဟစ်တလာက အသုံးချခဲ့သကဲ့သို့ ၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပွဲကို အသုံးချရန် ဗလာဒီမာပူတင်က ကြိုးစားနေသည်ဟု ဗုဒ္ဓဟူးနေ့က ဗြိတိန်ပါလီမန်တွင် အမတ်တစ်ဦးက ပြောကြားခဲ့ခြင်းကို ဘောရစ်ဂျွန်ဆင်က သဘောတူ ထောက်ခံခဲ့ခြင်းဖြစ်သည်။

“ဒီလို နှိုင်းယှဉ်မှုက သေချာပေါက်မှန်တယ်လို့ ယူဆပါတယ်။ မနှစ်မြို့စရာကိစ္စပါပဲ။ ဘောလုံးပွဲမှာ ပူတင်က သိက္ခာတင်ဖို့ ကြိုးစားနေတယ်လို့ ထင်ပါတယ်” ဟု မှတ်ချက်ပေးခဲ့သည်။

မော်စကိုပွဲမှ အင်္ဂလန်ဘောလုံးအသင်း နုတ်ထွက်သင့်သလားဟု မေးမြန်းသောအခါ ဘောရစ်ဂျွန်ဆန်က “အင်္ဂလန်အသင်းနှင့် အင်္ဂလန်ပရိသတ်များကို မှားယွင်းဒဏ်ခတ်သလို ဖြစ်လိမ့်မည်” ဟု ပြောကြားသည်။

■ F-04

# အာဖဂန်တွင် ဂူဗိမာန်ဖောက်ခွဲခံရသောကြောင့် လူ ၃၀ နီးပါး သေဆုံး

**ကဘူးလ်၊ မတ် ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အနီးရှိ ဂူဗိမာန်တစ်ခုတွင် အသေခံဗုံးခွဲမှုဟု ယူဆရသော တိုက်ခိုက်မှုကြောင့် လူ ၂၉ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၂ ဦး ဒဏ်ရာရခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြထားသည်။

နိုရုဇ်ဟုခေါ်သော ပါရှန်းနှစ်သစ်ကူးပွဲတော်ကျင်းပရန် စုဝေးလျက်ရှိကြသော ရာနှင့်ချီသောလူအုပ်အတွင်းသို့ ဗုံးခွဲသူက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သေဆုံးသူအများစုမှာ လူနည်းစု ရှီးယိုက် မွတ်ဆလင်များဖြစ်ကြသည်။ သေဆုံးသူအရေအတွက်မှာ ယခုထက်ပိုမိုများပြားလာနိုင်သည်ဟု ခန့်မှန်းထားသည်။

IS အဖွဲ့က ၎င်းတို့၏လက်ချက်ဖြစ်သည်ဟုကြေညာထားသည်။ မကြာသေးမီနှစ်များအတွင်း ဆွန်နီအစွန်းရောက်အကြမ်းဖက်အဖွဲ့များ၏ ရှီးယိုက်များအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများမှာ မြင့်တက်လာခဲ့သည်။

ဗုံးခွဲသူသည် ဆာခီဂူဗိမာန်အနီးသို့ လမ်းလျှောက်လာခဲ့ပြီး ရဲများကသတိပြုမိချိန်တွင် ဖောက်ခွဲပစ်လိုက်ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။

ရှီးယိုက်မွတ်ဆလင်များ၏ ဘာသာရေးပွဲတော်များကျင်းပရာ အဆိုပါဂူဗိမာန်တွင် ယခင်ကလည်း အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံခဲ့ရဖူးသည်။ ၂၀၁၆ ခုနှစ်တွင် အရှူရာပွဲတော်ကာလအတွင်း ဆုတောင်းပွဲပြုလုပ်ရန် ပြင်ဆင်နေစဉ် ဗုံးခွဲခံခဲ့ရပြီး ၁၄ ဦးသေဆုံးခဲ့ဖူးသည်။ ၂၀၁၁ ခုနှစ်ကလည်း တိုက်ခိုက်ခံခဲ့ရပြီးထိုစဉ်က ၅၉ ဦးထက်မနည်း သေဆုံးခဲ့သည်။

■ F-03




ကဘူးလ်မြို့အနောက်ဘက်မှ ဆာခီဂူဗိမာန်သည် အစဉ်အလာ ပါရှန်းနှစ်ကူး ဆုတောင်းပွဲလုပ်ရာနေရာဖြစ်သည်

## စာမျက်နှာ 13 နိုင်ငံတော်သမ္မတတစ်ဦးကို ဘယ်လိုတာဝန်နဲ့လုပ်ပိုင်ခွင့်တွေ အပ်နှင်းထားသလဲ မှအဆက်

ခြင်းအပိုင်းကို လေ့လာကြည့်ပါကလည်း ပြည်ထောင်စုဝန်ကြီးနှင့်ဒုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ စသည်တို့ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပြီး ခန့်အပ်နိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အာဏာအပ်နှင်းထားရှိပါသည်။

၎င်းအပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကိုလည်း ခန့်အပ်နိုင်သည့်အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကိုလည်း နိုင်ငံတော်သမ္မတအနေနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ဖြင့်ညှိနှိုင်းပြီး ၃ ဦးစီရွေးချယ်ခန့်အပ်ခွင့်ကိုလည်း ပေးထားကြောင်းလေ့လာတွေ့ရှိရပါသည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ကျွန်ုပ်အထက်တွင် ဖော်ပြခဲ့သည့်နိုင်ငံတော်သမ္မတတစ်ဦးအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အလွန်များပြားလှသည့်အတွက် ထိုသို့ကြီးမားသောလုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကိုလည်း ယခုလို မကြာမီကာလ လွှတ်တော်တွင်ပြုလုပ်မည့် သမ္မတရွေးချယ်ပွဲမကျင်းပမီ အချိန်ကာလလေးအတွင်းတွင် ပြည်သူများအနေနှင့် ကြိုတင်သိထားသင့်ကြပါသည်။

ထိုသို့သော များပြားလှသောတာဝန်များအပြင် နိုင်ငံတော်နှင့်ပြည်သူများအပေါ် မိမိ၏ရင်ဝယ်သားများသဖွယ် ကျေးသားရင်သားမခွဲခြားဘဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများဖြင့် နာယကဂုဏ် ၆ ပါးနှင့်အညီ စိတ်ကောင်းစေတနာကရုဏာတရားများကိုရှေးရှုလျက် အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်ကပေးအပ်ထားသည့်တာဝန်များကို မဆုတ်မနစ် ကျေပွန်စွာဆောင်ရွက်နိုင်မည့်သူမျိုးကိုသာ သမ္မတအဖြစ် လွှတ်တော်အတွင်း အမည်စာရင်းတင်သွင်းလာနိုင်ပါစေဟုလည်း ကျွန်ုပ်တို့ဆန္ဒပြုကြရမည် ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် ကျွန်ုပ်တို့ပြည်သူများအနေနှင့် အဆိုပါစိတ်ကောင်းနှလုံးကောင်းရှိသူ၊ အများပြည်သူအကျိုးအတွက် ရဲရဲဝံ့ဝံ့ဆောင်ရွက်မည့်သူ၊ နိုင်ငံတော်သမ္မတရာထူးနှင့် ထိုက်တန်မည့်သူသည် မည်သူများဖြစ်လာလိမ့်မည်လဲ ဆိုသည်ကိုမူ ယခုလာမည့်သီတင်းပတ်အတွင်း လွှတ်တော်တွင်တင်ပြလာမည့်အမည်စာရင်းကိုသာ ကျွန်ုပ်တို့စိတ်ဝင်တစားရင်ခုန်စွာဖြင့် စောင့်ကြည့်ကြပါစို့လို့ ဆန္ဒပြု ရေးသား တင်ပြလိုက်ရပါသည်။

စာဖတ်သူအပေါင်း ချမ်းသာကိုယ်စိတ်မြဲကြပါစေ...

■ **သန်းဖြိုးနိုင် (ကညင်ကျိုး)**

## စာမျက်နှာ 14 မြန်မာပြည်အတွက် နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားတိုးတက်ရေးဖြစ်တန်ခြေများ မှအဆက်

က ထိုးတားတဲ့ သဘောတူညီချက်ဖြစ်ပြီး ၂၀၁၈ မှာ သဘောတူညီချက်ကို အသစ်ပြန်ချုပ်ဆိုရမယ်လို့လည်း ကြားမိပါတယ်။

စိုက်ပျိုးရေးကဏ္ဍရဲ့ အခြားပို့ကုန်တစ်မျိုးဖြစ်တဲ့ သစ်သီးဝလံပို့ကုန်ဈေးကွက်ကို ဒီထက်တိုးတက်လာအောင်လည်း ကြိုးစားဖို့ရယ် ဈေးကွက်ရှာနိုင်ဖို့ရယ်ကို အစိုးရအနေနဲ့ လုပ်ဆောင်ပေးနိုင်စေရပါမယ်။ သစ်သီးဝလံစိုက်ပျိုးနယ်မြေတွေနဲ့ ကုန်သွယ်မှုဆိပ်ကမ်းနေရာတွေကို ချိတ်ဆက်ပေးမယ့်လမ်းတွေ ကုန်တင်ပို့နိုင်မယ့်နည်းလမ်းတွေကိုလည်း ပို့ဆောင်ရေးမဟာဗျူဟာအဖြစ် ချမှတ်တည်ဆောက်ပေးနိုင်ဖို့လိုပါတယ်။ အဲဒါဆိုရင် သစ်သီးဝလံအပြင် နောက်ထပ် စိုက်ပျိုးရေးထွက်ကုန်ဖြစ်တဲ့ ဟင်းသီးဟင်းရွက်တွေကိုပါ ကမ္ဘာ့ဈေးကွက်ကို တင်ပို့လာနိုင်ဖို့ ပို့ကုန်အသစ်အဖြစ် ဖန်တီးလာနိုင်ပါလိမ့်မယ်။

ပြောင်းတင်ပို့မှုကိုလည်း တရုတ်ပြည်ဈေးကွက်ကို တရားဝင် ကုန်သွယ်မှုသဘောတူညီချက် ချုပ်ဆိုပြီး နယ်စပ်ကရော ပင်လယ်လမ်းကြောင်းကပါ တင်ပို့နိုင်ခွင့်ကို ရအောင်ယူနိုင်ဖို့ လိုမယ်ထင်ပါတယ်။ ပြောင်းဆန်တင်ပို့ရမယ့်အခြားသောဈေးကွက် အသစ်တွေကိုလည်း ရှာဖို့လိုပါလိမ့်မယ်။

အခြားပို့ကုန်အမည်တစ်ခုဖြစ်တဲ့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့မှုကိုလည်း ဆန်းစစ်သုံးသပ်ဖို့လိုပါတယ်။ တိရစ္ဆာန်အရှင်တွေ ပို့နေတာထက် အသားတွေအဖြစ် ပို့ခွင့်ရဖို့ကို ရေရှည်မှာ ဖြစ်လာအောင်ဖန်တီးရင် မြန်မာပြည်ရဲ့ မွေးမြူထုတ်လုပ်ရေးကဏ္ဍမှာလည်း အလုပ်အကိုင်တွေ ဖွံ့ဖြိုးပြီး ပို့ကုန်ဝင်ငွေ ပိုတိုးတက်လာနိုင်ပါတယ်။ မွေးမြူရေးနဲ့ အစားအစာထုတ်လုပ်ရေး လုပ်ငန်းကြီးဟာ ဥရောပမှာ Supply Chain ကြီးတစ်ခုအနေနဲ့ စိုက်ပျိုးရေးကိုပါ တိုးတက်အောင် ဆွဲခေါ်နိုင်တဲ့လုပ်ငန်းကြီးဖြစ်ပါတယ်။

လက်ခစားအထည်ချုပ်အနေနဲ့ တန်ဖိုး ၂ ဒသမ ၃ဘီလီယံကို ပြန်ပို့နိုင်တာလည်း မှတ်သားစရာပါ။ ဒီထက် ဈေးကွက်ဝေစုပိုရလာမယ်၊ အလုပ်သမားဥပဒေ ခိုင်ခိုင်မာမာနဲ့ အလုပ်ရှင်နဲ့ အလုပ်သမားကြားက ကိစ္စတွေကို ရှင်းလင်းနေအောင် သတ်မှတ်ထားပေးနိုင်မယ် တိတိကျကျ ကိုင်တွယ်ပေးနိုင်မယ်ဆိုရင်လည်း ထုတ်လုပ်နိုင်စွမ်းအား ပိုတက်လာမယ်ထင်ပါတယ်။

အထည်ချုပ်နဲ့ဆက်စပ်တဲ့ အထည်အလိပ်စက်မှုလုပ်ငန်းအတွက်လည်း ဝါဂွမ်းကို အခုထက်ပိုမို စိုက်ပျိုးပြီး ဝါဂွမ်းဈေးကွက် တည်ငြိမ်ဖို့နဲ့ ဝါဂွမ်းအခြေခံစက်မှုလုပ်ငန်း၊ အထည်အလိပ်စက်မှုလုပ်ငန်းတွေ ပြည်တွင်းမှာ ထွန်းကားလာဖို့ စီမံချက်ရှိသင့်ပါတယ်။ မြန်မာပြည်ဟာ ၁၉၃၀-၄၀ ဝန်းကျင်က ဝါဂွမ်းစိုက်ပျိုးမှု များပြားတဲ့တိုင်းပြည်တစ်ပြည်ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော်သေသေချာချာသိတဲ့ Nichimen Corporation (၂၀၀၄ မှာ အခုလက်ရှိ နာမည်ကိုပြောင်းသွားတဲ့) အဲဒီအချိန်တုန်းက ဂျပန်မှာ နံပါတ် ၁၀ အတွင်းဝင်တဲ့လုပ်ငန်းကြီးဟာ ၁၉၂၀ လောက်ကတည်းက မြန်မာပြည်မှာ ရုံးခွဲဖွင့်ခဲ့ပြီး၊ ဂျပန်ခေတ်အတွင်းမှာ မြန်မာပြည်မှာ ဝါဂွမ်းဝယ်တာ နွားထိုးကြီးလိုမြို့မှာတောင် ရုံးခွဲဖွင့်ပြီး ဝယ်ခဲ့ပါတယ်တဲ့။ အဲဒီကော်ပိုရေးရှင်းက ဂျပန်ခေတ်အတွင်းမှာ မြန်မာပြည်အနှံ့ရုံးခွဲတွေဖွင့်ခဲ့ပြီး ကုန်သွယ်ခဲ့တာ၊ စစ်သားမဟုတ်တဲ့ သူ့ဝန်ထမ်း ၁၄၀ ကျော် သေခဲ့ရလောက်အောင်အထိ မြန်မာပြည်မှာ ဝါဂွမ်းနဲ့ အခြားစီးပွားရေးတွေကို အကြီးအကျယ် လုပ်ခဲ့ပါတယ်တဲ့။ ဝါဂွမ်းနဲ့အတူ ရေနံဓာတုစက်ရုံကနေ ဓာတုချည်မျှင်တွေ ထုတ်လုပ်နိုင်ရင် ပြည်တွင်းမှာ အထည်အလိပ်ကုန်ထုတ်လုပ်ငန်း ထွန်းကားလာနိုင်ပါတယ်။

ပြောခဲ့တာတွေက အကြမ်းဖျင်းသုံးသပ်ချက်တွေလို့ ဆိုတဲ့အတိုင်း ဖြစ်တန်ခြေတွေနဲ့ အသေးစိတ်အစီအစဉ်တွေကို သေချာ ဆန်းစစ် စဉ်းစားရေးဆွဲနိုင်ဖို့ အများကြီးလိုပါလိမ့်မယ်။

အဓိကအချက်ကတော့ ကုန်သွယ်ရေးလိုငွေပြတယ်ဆိုတာ မြန်မာပြည်လို ဆင်းရဲတဲ့တိုင်းပြည်အတွက် မကောင်းတဲ့လက္ခဏာပါ။ ဒီအပြင်မှာလည်း ကုန်သွယ်မှုပမာဏက သေးငယ်နည်းပါးလွန်းနေတာလည်း စီးပွားရေးလုပ်ငန်းများ အရွယ်အစားသေးငယ်ပြီး အလုပ်အကိုင်အခွင့်အလမ်းကို နည်းပါးစေနေတာမို့ ကုန်သွယ်မှုပမာဏ တိုးမြှင့်နိုင်ရေးကို အပြင်းအထန်ကြိုးစားကြဖို့ အချက်အလက်များ ကိန်းဂဏန်းများကို အခြေခံပြီး စဉ်းစားကြဖို့ ဥပမာအနေနဲ့ သုံးသပ်ပြတာပါ။

အထူးအားဖြင့် မြန်မာပြည်က စီးပွားရေးသမားတွေ စီးပွားရေးသမားကြီးတွေ လုပ်ငန်းရှင်ကြီးဆိုသူ အများစုကြီးဟာ စီးပွားရေးဆိုရင် ပြည်တွင်းက အစိုးရ အသုံးစရိတ်ကနေ လျှံကျလာမှာတွေကိုပဲ မျှော်ကိုးနေတဲ့ အတွင်းမျှော်စီးပွားရေးအခွင့်အလမ်း စောင့်ဆိုင်းမှုကနေ အပြင်ကြည့်စီးပွားရေးအခွင့်အလမ်း ကြိုးပမ်းလုပ်ကိုင်တတ်မှု ပုံသဏ္ဍာန်အဖြစ် ပြောင်းလဲပေးနိုင်ဖို့ အစိုးရကနေ ဦးဆောင်ခေါ်ပြီး လမ်းပြကူညီပေးနိုင်ဖို့ ထောက်ပြချင်တာပါ။ GDP တွက်နည်းထဲက G ဆိုတဲ့ အစိုးရ အသုံးစရိတ်အပေါ်မှာ အနုတ်ပြန်ပြနေတဲ့ NX(Export – Import ) ကို အပေါင်းပြန်ပြပြီး ကိန်းဂဏန်းကိုလည်း ပိုမိုကြီးမားလာစေမှ တကယ်စစ်မှန်တဲ့ GDP တက်လာမှာဖြစ်ပါတယ်။ ကုန်သွယ်ရေး အခွင့်အလမ်းတွေနဲ့ သဘောတူညီချက်တွေကို အပေးအယူနဲ့ ညှိနှိုင်းမှုတွေမှာ ကိုင်တွယ်နိုင်ဖို့ ကိုယ့်ဘက်ကနေ ကြိုမြင်ပြီး ပြင်ဆင်ထားနိုင်ဖို့ကလည်း အရေးကြီးပါတယ်။

ကုန်သွယ်မှုစီးပွားကို ပိုမိုပါးနပ်စွာနဲ့ အကွက်မြင်စွာ လုပ်ကိုင်နိုင်မယ့် အစိုးရအဖွဲ့အဖြစ်နဲ့ ထက်မြက်စွာဆောင်ရွက်ပြီး တိုင်းပြည်တိုးတက်ရေးကို သယ်ယူဆောင်ကြဉ်းလာသော ဒီမိုကရက်တစ် စံနှုန်းများကို အလေးထားသော အစိုးရအဖွဲ့ ထွန်းကားပါစေလို့ ဆုတောင်းပေးပါတယ်။

■ **ရန်အောင်ကျော်**

# မှုခင်းသတင်းတိုများ

■ ကျောက်တံတားမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ပန်းဆိုးတန်း ခုံတံတားအောက်တွင် မတ်လ ၂၁ ရက် ညနေ ၄ နာရီခွဲခန့်က မသင်္ကာဖွယ်ရာတွေ့ရှိသူ အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ ၎င်း၏ ညာဘက်ပေါင်တွင် ဒူးစွပ်ကို အသုံးပြု၍ အရိုးအသွား ၉ လက်မခန့်ရှိ ထိပ်ဦးချွန်စတီးဓားတစ်ချောင်းကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက တရားမဝင်လက်နက်ကိုင်ဆောင်မှု ဥပဒေပုဒ်မ ၁၉(င)ဖြင့် အမှုဖွင့်ထားသည်။

■ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နွယ်နီ(၄)လမ်းရှိ နေအိမ်တစ်လုံးတွင် မတ်လ ၂၀ ရက် ည ၉ နာရီခွဲခန့်က မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဆေးခြောက်ဟုယူဆရသော အညိုရောင်အရွက်ခြောက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၁၈ နှစ်နှင့် ၂၈ နှစ်အရွယ် အမျိုးသားနှစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်ထားသည်။

■ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်တွင် မတ်လ ၂၁ ရက် နံနက် ၃ နာရီခွဲခန့်က ပြည့်တန်ဆာများရောက်ရှိနေကြောင်း သတင်းအရ ရှာဖွေစစ်ဆေးရာ လမ်းသွားလမ်းလာများအား တစ်ကြိမ်လျှင် နှစ်သောင်းကျပ်ဖြင့် ပျော်ပါးနိုင်ရန် မြှူဆွယ်ဖြားယောင်းနေသည်ဟုဆိုသော အသက် ၂၇ နှစ်မှ ၂၄ နှစ် ကြားရှိ အမျိုးသမီး ၃ ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက ပြည့်တန်ဆာ ဥပဒေပုဒ်မ ၃(ခ)ဖြင့် အရေးယူ ထားသည်။

■ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းရှိ နေအိမ်တိုက်ခန်းတစ်ခုတွင် မတ်လ ၂၁ ရက် နံနက် ၆ နာရီခန့်က အရက်အလွန်အကျွံသောက်စားတတ်သည်ဟုဆိုသော အသက် ၃၄ နှစ်အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမတွေ့ရဘဲ နေအိမ်အိပ်ခန်းအတွင်းရှိ နံရံကိုမှီလျက်သေဆုံးနေသည်ကို တွေ့ရသဖြင့် ရုပ်အလောင်း ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ယင်းမြို့မ ရဲစခန်းက သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။

■ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်၊ ရွှေခင်းသာအိမ်ရာရှိ တိုက်ခန်းတစ်ခု အတက်အဆင်းလှေကားပေါ်တွင် မတ်လ ၂၁ ရက် နံနက် ၁၁ နာရီခန့်က လောင်းကစားသတင်းအရ ရှာဖွေဖမ်းဆီးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသောစာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

J 16

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# နေအိမ်နှင့် ဈေးဆိုင်များအတွင်းရှိ လက်ကိုင်ဖုန်းများ ခိုးယူမှု ၁၃ ကြိမ် ကျူးလွန်ခဲ့သူ နှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ မတ် ၂၂**

လှိုင်သာယာမြို့နယ်အတွင်းရှိ နေအိမ်နှင့်ဈေးဆိုင်များမှ လက်ကိုင်ဖုန်းများ ခိုးယူမှု ၁၃ ကြိမ် ကျူးလွန်ခဲ့သော အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ ဖမ်းမိသူ နှစ်ဦးမှာ ယခင်ခိုးမှုပြစ်ဒဏ်များဖြင့် ပြစ်ဒဏ်ကျခံဖူးသူများဖြစ်သော အသက် ၄၂ နှစ် ထွန်းခေါင် (ခ) စုအောင် နှင့် အသက် ၁၉ နှစ် ဇော်မျိုးတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ယခုနှစ် ဖေဖော်ဝါရီလအထိ လှိုင်သာယာမြို့နယ်ရှိ ရေဥက္ကံကျေးရွာ၊ (၅) ရပ်ကွက်၊ (၆) ရပ်ကွက်၊ (၇) ရပ်ကွက်၊ စက်မှုဇုန် (၁) နှင့် (၂) တို့တွင် နေအိမ်နှင့် ဈေးဆိုင်များ အတွင်းရှိ လက်ကိုင်ဖုန်းများကို ခိုးယူမှု ၁၃ ကြိမ် လွှန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။


ဓာတ်ပုံ- ရဲတပ်ဖွဲ့ Page
ထွန်းခေါင်၊ ဇော်မျိုး နှင့်သက်သေခံပစ္စည်းများ

အမှုစစ်ဆေးပေါ်ပေါက်ချက်အရ ခိုးယူရောင်းချခဲ့သည့် သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းတို့နှစ်ဦးကို လှိုင်သာယာမြို့မ ရဲစခန်းတွင် အမှုများ အသီးသီးရေးဖွင့်ကာ အမှုနှင့်စပ်လျဉ်း၍ လက်ကိုင်ဖုန်း ခိုးယူခံရသည့် ပိုင်ရှင်များအနေနှင့် သက်ဆိုင်ရာ ရဲစခန်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာတွင် အသိပေးထုတ်ပြန်ထားသည်။

■ S-03

# ရွှေပေါက်ကံတံတားပေါ်တွင် မြေသယ်ယာဉ်မောင်းတစ်ဦး ရိုက်နှက်ခံရ

**ရန်ကုန်၊ မတ် ၂၂**

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံတံတားပေါ်တွင် မတ်လ ၂၀ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က အသက် ၂၀ ဝန်းကျင်အရွယ် မြေသယ်ယာဉ်မောင်းအမျိုးသားတစ်ဦးကို အရက်သေစာသောက်စားမူးယစ်နေသည်ဟုဆိုသော အမျိုးသားသုံးဦးက ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ မြောက်ဥက္ကလာပမြို့နယ်သို့ မြေကြီးများပို့ပေးရန် ဖော်လန့်အမျိုးအစားယာဉ်ဖြင့် မောင်းနှင်လာသူ အသက် ၂၀ ဝန်းကျင်အရွယ် ချစ်ကောင်းသည် ယင်းနေ့ကရှေ့မှမောင်းနှင်သွားလာသည့် သူငယ်ချင်းဖြစ်သူကို လူငယ်သုံးဦးက ဝိုင်းဝန်းရိုက်နှက်နေသည်ကိုတွေ့ရှိသဖြင့် သွားရောက်မေးမြန်း ကူညီရာ ယင်း လူငယ်သုံးဦးက ဝိုင်းထိုးကြိတ်ရိုက်နှက်သဖြင့် ဘယ်နံစောင်းထိုးသွင်းဒဏ်ရာတစ်ချက်၊ ဘယ်တံတောင်နှင့် ဘယ်လက်ခုံတို့တွင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ဘယ်နားထင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ဦးခေါင်းနောက်စေ့ပြတ်ရှဒဏ်ရာတစ်ချက်ရရှိကာ မြောက်ဥက္ကလာပမြို့နယ်ဆေးရုံကြီးသို့ တင်ပို့ကုသထားရကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ရှေ့က သွားနှင့်တဲ့သူက မြေချရမယ့်နေရာမသိလို့ တံတားပေါ်မှာစောင့်ရင်း လူငယ်သုံးဦးကို သွားကြည့်မိတာ။ အဲလိုကြည့်မိတာကိုလူငယ်သုံးဦးက "ဘာကြည့်တာလဲ" ဆိုပြီး ရိုက်တယ်လို့ ပြောတယ်။ အဲလိုရိုက်တာကို အခု ဒဏ်ရာရတဲ့သူက မြင်ပြီး ဝင်ကူတာ၊ ပုလင်းခွဲနဲ့ထိုးတယ်လို့ ကနဦးအကြမ်းဖျင်းတော့သိရတယ်၊ ဒဏ်ရာက မစိုးရိမ်ရပါဘူး" ဟု အမှုဖွင့်တိုင်တန်းချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

စကားများရန်ဖြစ်ပြီး လူချင်းကွဲသွားပြီးနောက် ဒဏ်ရာရရှိသူ အမျိုးသားမှာ ယာဉ်ပေါ်သို့တက်မောင်းလာခဲ့ကြောင်း၊ ထိုသို့တက်မောင်းလာပြီး မြေကြီးများချမည့်နေရာအရောက် သွေးများထွက်နေသဖြင့် စစ်ဆေးကြည့်ရှုရာမှ ဒဏ်ရာရရှိသည်ကိုသိရှိခဲ့ရပြီး ဆေးရုံသို့ တင်ပို့ကုသကာ ဒဏ်ရာရရှိအောင်ပြုလုပ်သည်ဟုဆိုသောလူငယ် အမျိုးသားသုံးဦးကို ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့တိုင်ကြားခဲ့သည့်အတွက်ရွှေပေါက်ကံနယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၂၆/၁၁၄ ဖြင့်အမှုဖွင့်ဆောင်ရွက်ထားသည်။

■ J 16

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# အမ်းတွင် တောင်သူများ ဆန္ဒပြ

စစ်တွေ၊ မတ် ၂၂

ရခိုင်ပြည်နယ် အမ်းမြို့၌ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းကြောင့် ပျက်စီးခဲ့သော မြေယာများအတွက် လျော်ကြေးငွေ အပြည့်အဝမရှိဟုဆိုကာ တောင်သူ ၇၀၀ခန့်က မတ်လ ၂၂ရက် မွန်းလွဲပိုင်းတွင် ဆန္ဒပြခဲ့ကြောင်း ဆန္ဒပြသူများထံမှ သိရသည်။

ပိုက်လိုင်းစီမံကိန်းကြောင့် နစ်နာသော တောင်သူများလျော်ကြေးရရှိစေရန် ပြည်နယ်အစိုးရက မြေယာနှင့် သီးနှံတွက်ချက်မှုကော်မတီဖွဲ့စည်းခဲ့ကြောင်း၊ ယင်းကော်မတီကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE ) နှင့် CNPC ကုမ္ပဏီတို့က စာရင်းများမပေး၊ တောင်သူများ နစ်နာကြေးမရသေးသဖြင့် ဆန္ဒပြရခြင်းဖြစ်ကြောင်း ဆန္ဒပြပွဲ ဦးဆောင်သူ ဦးဝဏ္ဏစောက ပြောကြားသည်။

"သူတို့က တချို့နေရာမှာ သီးနှံလျော်ကြေးပေးတာတောင် အပြည့်အဝ မပေးသေးဘူး။ အများဆုံးကတော့ ဘာလျော်ကြေးမှ မရကြတာ။ တောင်သူတွေမှာ ပိုင်ဆိုင်မှုအထောက်အထားရှိပေမယ့် လက်ထဲကိုလျော်ကြေးမပေးသေးဘဲ သူတို့က ဘဏ်မှာထားတာတွေရှိတယ်။ တချို့ မြေယာဆိုရင် တောရိုင်းလို့သတ်မှတ်လိုက်တာတောင်ခံနေရတယ်"ဟု ၎င်းကဆိုသည်။

ဆန္ဒထုတ်ဖော်မှုကို မြို့နယ်မြေယာနှင့် သီးနှံတွက်ချက်မှုကော်မတီနှင့် တောင်သူများ ပူးပေါင်းကာ ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ ဆန္ဒပြသူများက MOGE အလိုမရှိ၊ CNPC ကုမ္ပဏီ အလိုမရှိ၊ ရေနံပိုက်လိုင်းစီမံကိန်းကြောင့် ထိခိုက်နစ်နာဆုံးရှုံးပျက်စီးသော တောင်သူများ၏ နစ်နာလျော်ကြေးငွေ အပြည့်အဝပေးရေးတို့ကို ကြွေးကြော်ကာ ဆန္ဒပြခဲ့သည်။

အဆိုပါမြို့နယ်ကော်မတီသို့ စာရင်းဇယားများ ပေးထားပြီး မြေယာလျော်ကြေးကိုလည်း တောင်သူတစ်ဦး မကျန်ကို လျော်ကြေးများ ရှင်းလင်းပေးထားကြောင်း၊ MOGE မှ ယခင်ပိုက်လိုင်းအင်ဂျင်နီယာတစ်ဦးက ပြောဆိုသည်။

"ပေးတာမှာ လျော်ကြေးကို သူ့ဟာနဲ့သူ အကုန်လုံး စာရင်းအတိအကျ အကုန်လုံးပေးထားတာ။ ပေးထားတာကြာတောင်ကြာပြီး မရဘူးဆိုတဲ့သူကရှိကို မရှိတာ။ အဲဒီမှာတစ်ခု ပိုက်လိုက်စီမံကိန်းလုပ်တုန်းက မြေကွက်ငှားသုံးတဲ့ဟာလေးပဲ လျော်ကြေးမပေးရသေးတာရှိတယ်" ဟု ၎င်းက ပြောကြားသည်။

မြေကွက်ငှားရမ်းအသုံးပြုခဲ့သူများကို လျော်ကြေးငွေပေးမည့် အချိန်၌ မြေယာပိုင်ရှင်သစ်များ ပေါ်ပေါက်လာ၍ လျော်ကြေးငွေကို မြန်မာ့စီးပွားရေးဘဏ်မှာ အပ်နှံထားကြောင်း၊ ၎င်းတို့၏ မြေယာပြဿနာဖြေပြီး၍ မြေယာပိုင်ရှင်အစစ်ပေါ်ပေါက်လာလျှင် လျော်ကြေးငွေ ထုတ်ယူနိုင်ကြောင်း ၎င်းက ရှင်းပြသည်။

ဆန္ဒဖော်ထုတ်ပြီး ၁၀ ရက်အတွင်း ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက အမ်းမြို့နယ်တောင်ခြေရင်း၌ အခြေစိုက်ထားသော ၎င်းတို့စခန်းရှေ့၌ လမ်းများပိတ်ဆို့ကာ ထိုင်သပိတ်စခန်း ဖွင့်သွားမည်ဖြစ်ကြောင်း ဆန္ဒပြသူတစ်ဦးက ပြောဆိုသည်။ ■ R-22

# ရွှေဘိုပေါ်ဆန်း အရောင်းအဝယ်အေး၍ ဈေးငြိမ်

ရွှေဘို၊ မတ် ၂၂

ရွှေဘိုပေါ်ဆန်းကို ဆန်လှောင်လက်များ အဝယ်ရပ်သဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပြီး ဈေးငြိမ်နေကြောင်း ရွှေဘိုဆန်လုပ်ငန်းရှင်များနှင့် ဆန်စက်ပိုင်ရှင်များထံမှ စုံစမ်းသိရှိရသည်။

လက်ရှိ ဆန်ဈေးမှာ ပုံမှန်ဖြစ်နေပြီး အမှန်အကန်စားသုံးသူဝယ်လက်သာရှိနေခြင်းကြောင့် ဈေးကွက်တည်ငြိမ်ပြီး အရောင်းအဝယ် အေးနေခြင်းဖြစ်ကြောင်း ရွှေသီဟ ဆန်စက်ပိုင်ရှင် ဦးအောင်ခန့်က ပြောကြားသည်။

သင်္ကြန်ကာလပြီးမှသာ ဆန်ဈေးကွက်အတွင်း အရောင်းအဝယ်ပြန်သွက်နိုင်ကြောင်း ပြည်ရွှေဘိုဆန်စက်ပိုင်ရှင် ဦးမင်းအောင်က သုံးသပ်ပြောဆိုသည်။

ရွှေဘိုပေါ်ဆန်း စပါးတင်းတစ်ရာလျှင် ကျပ် ၁၄ သိန်းမှ ၁၅ သိန်း၊ ဧရာမင်းစပါး တင်းတစ်ရာလျှင်ကျပ်ရှစ်သိန်း၊ ရွှေဘိုပေါ်ဆန်းအရိုင်း တစ်တင်းခွဲ တစ်အိတ်လျှင် ၄၇၀၀၀ မှ ၄၈၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းအိုးဝင် တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၅၂၀၀၀ မှ ၅၃၀၀၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■ R-09




ဓာတ်ပုံ - မမ

ဆိုင်ကယ်စီးဦးထုပ်မဆောင်းသည့် ဆိုင်ကယ်အစီးရေ ၂၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ပြီး အသိပညာပေးခြင်းကို လုပ်ဆောင်ခဲ့သည်ဟုဆိုသည်

# လားရှိုးတွင် စည်းကမ်းမဲ့ဆိုင်ကယ်များကို ရှောင်တခင်စစ်ကာ ပညာပေး

လားရှိုး၊ မတ် ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တွင် မတ်လ ၂၁ ရက်နေ့ညနေပိုင်းက စည်းကမ်းဖောက်ဖျက်သည့်ဆိုင်ကယ်များကို ရှောင်တခင်စစ်ဆေးပြီး ယာဉ်မောင်းများကို လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနှင့် ပတ်သက်၍ အသိပညာပေးခဲ့ကြောင်း လားရှိုးမြို့ရှိ အမှတ် ၂၀ ယာဉ်ထိန်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဆိုင်ကယ်စီး ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးသွားလာနေကြလို့စစ်ဆေးပြီး အသိပညာပေးတာပါ"ဟု လားရှိုးမြို့ရှိ အမှတ် ၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ တာဝန်ခံ ရဲမှူးမျိုးမင်းအောင်က ပြောဆိုသည်။

ယင်းသို့ ရှောင်တခင်စစ်ဆေးချိန်အတွင်း ဆိုင်ကယ်စီးဦးထုပ်မဆောင်းသည့်ဆိုင်ကယ်ပေါင်းအစီးရေ ၂၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ပြီး အသိပညာပေးခြင်းကိုလုပ်ဆောင်ခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ R-07

# AAPP ဓာတ်ပုံပြခန်း ယနေ့ဖွင့်မည်

ရန်ကုန်၊ မတ် ၂၂

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့(AAPP-B)တည်ထောင်ခြင်း ၁၈ နှစ်ပြည့် အထိမ်းအမှတ်နှင့် MEMORY OF THE PAST ဟု အမည်ပေးထားသည့် ဓာတ်ပုံပြခန်းဖွင့်ပွဲကို ယနေ့ (မတ်လ ၂၃ ရက်) ကျင်းပမည်ဖြစ်သည်။

အဆိုပါပြခန်း၌ အကျဉ်းထောင်များ၊ နိုင်ငံရေးအကျဉ်းသားများနှင့် အကျဉ်းသားများ၏ဘဝကို ထင်ဟပ်စေမည့် ဓာတ်ပုံမှတ်တမ်းများကို ပြသသွားမည်ဖြစ်ပြီး မြောက်ဒဂုံမြို့နယ်ရှိ AAPP ရုံးတည်ရှိရာ အမှတ် ၇၅၊ ဥဿဖုရားလမ်း၊ ၃၃ တိုးချဲ့ရပ်ကွက်တွင် ပြုလုပ်မည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန် စသောနိုင်ငံများမှ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများတက်ရောက်မည်ဖြစ်ပြီး နေ့လယ်ပိုင်းအစီအစဉ်တွင် ဓာတ်ပုံပြခန်း ဖွင့်လှစ်မည်ဖြစ်သည်။

"နိုင်ငံရေးအကျဉ်းသားတွေရဲ့ကြုံတွေ့ခဲ့ရတဲ့အခြေအနေတွေကို ထင်ဟပ်တဲ့ ဓာတ်ပုံတွေ ပြထားမှာပေါ့၊ အဓိကတော့ မြန်မာနိုင်ငံရေး အကူးအပြောင်းမှာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ လူတန်းစားတစ်ရပ်ဟာ အခန်းကဏ္ဍတစ်ခုမှာ ပါဝင်နေတယ်ဆိုတာ နောင်လူတွေသတိထားမိစေဖို့"ဟု AAPP ၏ ပြည်တွင်းတာဝန်ခံ ကိုအောင်မျိုးကျော်က ဆိုသည်။

နိုင်ငံရေးလှုပ်ရှားမှုကြောင့် ၂၄၀ ဦး ထိန်းသိမ်းခံခဲ့ရကာ ထိုအထဲမှ ၄၄ ဦးမှာ အကျဉ်းကျခံခဲ့ရပြီး ၁၂၀ ဦးမှာ ပြင်ပမှ တရားရင်ဆိုင်နေရသော်လည်း ၇၅ ဦးမှာ အကျဉ်းထောင်အတွင်းမှ တရားရင်ဆိုင်နေရကြောင်း AAPP ၏ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

"ဒေါ်အောင်ဆန်းစုကြည်ရဲ့စကားအရ ဒီမိုကရေစီခေတ်ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားတစ်ယောက်ရှိရင်တောင် များတယ်လို့ပြောထားတာ၊ အခုပမာဏအတိုင်းဆို အင်မတန် များနေပါတယ်၊ ဒါတွေကို အစိုးရ သတိပြုသင့်ပြီ"ဟု ၎င်းက ဆိုသည်။

နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်ပြီး ၎င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအဆက်ဆက် လုပ်ကိုင်မှုများမှာ အလွန်အားနည်းနေသေးပြီး နိုင်ငံရေးအကျဉ်းသားဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း အငြင်းပွားမှုများ ရှိသေးသည်။ ■ ဝေလင်း

# ရေဝတီတိုင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာအချို့ မီးဘေးကာကွယ်ရေး မလုပ်ဟုဆို

ပုသိမ်၊ မတ် ၂၂

ရေဝတီတိုင်းရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာအချို့တွင် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်းမရှိဟု ငပုတောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇော်ရွှေက အဆိုအရ သိရသည်။

ပုသိမ် အပါအဝင် မြို့အများစုရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများတွင် လတ်တလောရှောင်တခင် ဝင်စစ်မည်ဆိုပါက မီးသတ်ဆေးဘူး၊ မီးသတ်ရေပိုက်လိုင်း၊ အလိုအလျောက်မီးသတ်စနစ်များ မရှိသည်ကိုတွေ့ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ရေဝတီတိုင်းရှိ စုပေါင်းအိမ်ရာများနှင့် ဟိုတယ်၊ မိုတယ် တည်းခိုရိပ်သာများတွင် မီးဘေးလုံခြုံရေးအတွက် ဟိုတယ်၊ တည်းခိုရိပ်သာ၊ အဆောက်အအုံများ မီးအာမခံထားရှိရေး ဆောင်ရွက်စေခြင်း၊ အဆောက်အအုံများတွင် မီးသတ်ဆေးဘူး၊ မီးသတ်ရေပိုက်လိုင်းများ၊ အလိုအလျောက် မီးသတ်စနစ်များ၊ Alarm Bell များ ပြည့်စုံစွာ တပ်ဆင်ထားမှုရှိမရှိ အခါအားလျော်စွာ ကွင်းဆင်း စစ်ဆေးကြောင်း ရေဝတီတိုင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ပြောဆိုသည်။

ယင်းအပြင် ၃ထပ်နှင့်အထက် အဆောက်အအုံဖြစ်ပါက အရေးပေါ်လှေကားကို မဖြစ်မနေထည့်သွင်း တပ်ဆင်ထားရန်၊ အရေးပေါ်ကိစ္စဖြစ်လာပါက အမှန်တကယ်အသုံးပြုနိုင်ခြင်းရှိ၊ မရှိကို စစ်ဆေးကြောင်း၊ ၃ထပ်နှင့်အထက် အဆောက်အအုံဆောက်လုပ်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ ကေတီဗီများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ချထားပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းများ ဆောင်ရွက်ရာတွင် မီးဘေးလုံခြုံရေးကိစ္စအတွက် သက်ဆိုင်ရာဌာနများ၏ထောက်ခံချက်နှင့်အတူ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်ထုတ်ပေးနေကြောင်း ၎င်းက ပြောကြားသည်။ ■ R-11

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ဖားကန့်တွင် ၂ နှစ်အတွင်း သစ်ပင်ပေါင်းနှစ်သောင်းကျော်ရှင်

**မြစ်ကြီးနား၊ မတ် ၂၂**

ကျောက်စိမ်းတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရင်ဆိုင်နေရသည့် ဖားကန့်ဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်ကောင်းမွန်စေရေးအတွက် ရည်ရွယ်စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်းငါးသောင်းကျော်အနက် လက်ရှိနှစ်သောင်းကျော်ရှင်သန်ခဲ့ကြောင်း ဖားကန့်ဒေသအခြေစိုက် Green Land သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။

ဖားကန့်မြို့နယ်အတွင်း ပြီးခဲ့သည့် ၂၀၁၆နှင့် ၂၀၁၇ ခုနှစ်အတွင်း အရိပ်ရအပင်ပေါင်းငါးသောင်းကျော် စိုက်ခဲ့ရာမှ လက်ရှိမှာ ၂၃,၇၉၃ ပင် ရှင်သန်နေကြောင်း ယင်းအဖွဲ့ဥက္ကဋ္ဌ ဦးယိန်းခေါက ပြောကြားသည်။

ဖားကန့်ဒေသတွင် ကုမ္ပဏီများက နှစ်ရှည် ကျောက်စိမ်းတူးဖော်နေမှုကြောင့် အပင်များပျက်စီးဆုံးရှုံးခဲ့၍ ဒေသအားလုံးနီးပါး ကုမ္ပဏီမြေစာပုံများဖြစ်နေပြီး အပင်အရိပ်မရှိသည့်အတွက် အရိပ်ရစေရန် ရည်ရွယ်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အားလုံး ၂ နှစ်အတွင်းပေါင်းတာ ငါးသောင်းလောက်စိုက်ခဲ့တယ်။ အဲဒီထဲကတချို့က မြေစာပုံထဲပါသွားတယ်။ တချို့ကကျူးကျော်တဲ့တွေဆောက်လို့ ပျက်သွားတယ်"ဟု ၎င်းက ဆိုသည်။

ဖားကန့်မြို့နယ် လုံးခင်း၊ မဇွပ်ယန်၊ ဆန်ခါ၊ မမုံအစရှိသောနေရာများတွင် ကုမ္ပဏီများ မြေစာစွန့်ပစ်ခြင်းမရှိတော့သည့် မြေစာပုံအဟောင်းများနှင့် လွတ်လပ်သည့် ကွင်းပြင်များတွင် အဓိကအားဖြင့် ကျွန်းကိုအများဆုံးစိုက်ပျိုးပြီး သစ်ဆိမ့်၊ စံကားဝါ၊ ပန်းတောက်နှင့် ယေမနေပင်များကိုလည်း စိုက်ပျိုးခဲ့ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

■ R-06



ဓာတ်ပုံ - ယိန်းခေါ

## သင်္ကြန်ကာလ လိင်စိတ်ကြွဆေးရောင်းသည့် ဆိုင်များကို အရေးယူမည်

**ပြည်၊ မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပြည်ခရိုင်တွင် သင်္ကြန်ကာလအတွင်း ကွမ်းယာဆိုင်များ၊ လမ်းဘေးဈေးဆိုင်များနှင့် ဆေးဆိုင်များတွင် လိင်စိတ်ကြွဆေးများ ရောင်းချနေခြင်းကို စစ်ဆေးတွေ့ရှိပါက အရေးယူမည်ဖြစ်ကြောင်း ပြည်ခရိုင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဆေးဝါးနှင့် အလှကုန်ဦးစီးမှူး ဒေါက်တာခွာညိုဆွေသင်းက ပြောကြားသည်။

နှစ်စဉ်သင်္ကြန်ကာလနီးချိန် CID၊ ပြည်သူ့ကျန်းမာရေးဌာန၊ ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ဆေးဆိုင်များသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းမျိုးများ ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် အခြားဆိုင်များပါ ရောင်းချ ခြင်းတွေ့ရှိပါက ဆေးဝါးရောင်းချခွင့်လိုင်စင်မရှိဘဲ ရောင်းချခြင်းတို့နှင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း FDA ထံမှ စုံစမ်းသိရှိရသည်။

"ကွမ်းယာဆိုင်လိုမျိုးတွေမှာ ဆေးတွေရောင်းချတာမျိုးတွေ တွေ့ရင်တော့ ဆေးရောင်းချခွင့်လိုင်စင်မရှိဘဲ ရောင်းချတဲ့ပုံစံမျိုးနဲ့ အရေးယူသွားမယ်"ဟု ပြည်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ခွာညိုဆွေသင်းက ဆိုသည်။

သင်္ကြန်ကာလတွင် လူငယ်များ အပျော်လွန်မှုများလည်းရှိကာ အဆိုပါ ကာလအတွင်း ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော လိင်စိတ်ကြွဆေးများကို လမ်းဘေးဆိုင်များတွင် အလွယ်တကူဝယ်ယူနိုင်ရန် ရောင်းချသည်များလည်း ရှိလာကြောင်း ဒေသခံများထံမှ သိရှိရသည်။

ပြည်ခရိုင်အတွင်း မြို့နယ်များရှိ ဈေးများ၊ ဆေးဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များကိုလည်း သက်ဆိုင်ရာမြို့နယ်များရှိ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုကော်မတီများနှင့် ပူးပေါင်း ကာ စစ်ဆေးမှုရှိပြီး သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် မကိုက်ညီဘဲ ရောင်းချ နေသော ဆိုင်တချို့ကိုလည်း နောက်နောင် မရောင်းချရန် ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်းခြင်းနှင့် သတိပေးခြင်းတို့ရှိကြောင်း အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန(FDA)ထံမှ သိရသည်။

■ M-06

## ဟံသာဝတီလေဆိပ်စီမံကိန်းအနီးရှိ အိမ်၊ ခြံ၊ မြေ ဈေးကွက် ရပ်တန့်

**တောင်ငူ၊ မတ် ၂၂**

ပဲခူးတိုင်း ပဲခူးမြို့နယ် ဟံသာဝတီလေဆိပ်စီမံကိန်းဖော်ဆောင်ရန် စင်ကာပူကုမ္ပဏီနှင့် စာချုပ်ပျက်ပြယ်သွားပြီးနောက် ယင်းအနီးအနားရှိ အိမ်၊ ခြံ၊ မြေဈေးကွက် အရောင်းအဝယ်ရပ်တန့်ကြောင်း ယင်းမြို့နယ်အခြေစိုက် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းများထံမှ သိရသည်။

ထိုစီမံကိန်းနှင့် နီးကပ်သည့် အမြန်လမ်းဘေးရှိ မြေကွက်အရောင်းအဝယ်များ မရှိသလောက်ရပ်တန့်နေပြီး ဈေးနှုန်းများလည်း လျော့ကျလာကြောင်း ယင်းလုပ်ငန်းရှင်များထံမှ သိရသည်။

"အရောင်းအဝယ်မရှိတော့ချိန် အရင်က အမြန်လမ်းဘေးမြေတစ်ကွက်ကို (ကျပ်)သိန်းတစ်ထောင်ကနေ တစ်ထောင့်ငါးရာကြားရှိခဲ့ပေမယ့် ခုချိန်တစ်ဝက်နီးပါး မကကြောင်းကျဆင်းသွားတယ်။ စီမံကိန်းနယ်မြေနားက နေရာတွေ အရောင်းအဝယ်မရှိသလို ပဲခူးမြို့ပေါ်ပိုင်းမှာကိုတောင် ကျပ်သိန်းရာဂဏန်းအနည်းငယ်လောက်ပဲ အရောင်းအဝယ်ရှိတော့တယ်"ဟု ပဲခူးမြို့အခြေစိုက် အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ဦးမောင်မောင်မြင့်က ပြောကြားသည်။

အဆိုပါဟံသာဝတီလေဆိပ်စီမံကိန်းကို ဦးသိန်းစိန် အစိုးရလက်ထက်က ပြန်လည်စတင်ခဲ့ပြီး လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အစိုးရလက်ထက်တွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လက်ရှိစာချုပ်ချုပ်ဆိုထားသည့် စင်ကာပူအခြေစိုက် Yongnam Holdings ကုမ္ပဏီနှင့် ယခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့က စာချုပ်သက်တမ်းပျက်ပြယ်ခဲ့ ခြင်းဖြစ်သည်။

အဆိုပါ လေဆိပ်စီမံကိန်းကို လက်ရှိအခြေအနေတွင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကနဦးညှိနှိုင်းလျက်ရှိကြောင်း လေကြောင်းပို့ဆောင်ရေးဦးစီးဌာနထံမှ သိရသည်။

■ R-15

သတင်းကိုစွဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ကလေးမြို့သင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန် ထည့်သွင်းကျင်းပမည်

**ကလေး၊ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်ကျင်းပမည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်ရေသဘင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက ပြောကြားသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ပွဲကျင်းပမည့်နေရာကို ကလေးမြို့ မြို့လယ်လမ်းဆုံမှ တာဟမ်းရပ်ကွက်ဘက်သွားသည့် ဗိုလ်ချုပ်လမ်းမကြီးအတိုင်း ဆိပ်ကမ်းသာ တံတားသွားသည့်လမ်းဆုံအထိ နေရာတစ်လျှောက်တွင် ကျင်းပရန် ရည်ရွယ်ထားကြောင်း၊ အသေးစိတ်အစီအစဉ်ကို ကလေးမြို့နယ်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းပေါင်းစုံနှင့် ပါတီအဖွဲ့အစည်းများကို ဖိတ်ကြားဆွေးနွေးမည်ဖြစ်ကြောင်း ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းရွှေက ပြောဆိုသည်။

"လမ်းလျှောက် သင်္ကြန်ဆိုတော့ မဏ္ဍပ်တွေထိုးမယ်။ ရေဖလားနဲ့ ပက်မယ်ဆိုတော့ မိသားစုလိုက် လမ်းလျှောက်ရေပက်ခံထွက်နိုင်ကြတာပေါ့။ ဒီလိုလုပ်တာ ကောင်းပါတယ်"ဟု ကလေးမြို့နေ ဦးဘကြူးက ဆိုသည်။

လမ်းလျှောက်သင်္ကြန်ကို ဗိုလ်ချုပ်လမ်းတွင် ကျင်းပမည်ဖြစ်သကဲ့သို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီက ဦးစီးပြုလုပ်သည့် ကလေးခရိုင်၊ ရဲတပ်ဖွဲ့မှူးရုံးရှေ့ရှိ ရေသဘင်မဏ္ဍပ်တစ်ခုနှင့် မြို့ပေါ် ၁၉ ရပ်ကွက်မှ ဦးဆောင်ပြုလုပ်သည့် ရေသဘင်မဏ္ဍပ်တစ်ခုအပြင် ထိုမာကျေးရွာတွင် ရေသဘင်မဏ္ဍပ်ပေါင်း ၁၀ ခုကျော် ပြုလုပ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ကလေးခရိုင်၊ စီမံခန့်ခွဲမှုကော်မတီထံမှ စုံစမ်းသိရှိရသည်။

■ R-20



ဓာတ်ပုံ – လွင်အေး

မသန်စွမ်းများကို လေ့ကျင့်သင်ကြားပေးနေပုံ

# မကွေး၌ မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေး သင်တန်းပေး

**မကွေး၊ မတ် ၂၂**

မကွေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ မသန်စွမ်းအရင်းအမြစ်ဌာနနှင့်ပူးပေါင်းကာ မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးသင်တန်းကို မတ်လ ၂၁ နှင့် ၂၂ ရက်တို့တွင်ပြုလုပ်ပေးကြောင်း အဆိုပါဦးစီးဌာနထံမှ သိရသည်။

အဆိုပါ သင်တန်းကို မကွေးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနတွင် ကျင်းပခဲ့ပြီး သင်တန်းတွင် အနာကြီးရောဂါ၊ မသန်စွမ်းမှုနှင့် အကျုံးဝင် ဖွံ့ဖြိုးရေးများအကြောင်း အခြေခံ၊ အကြောအဆစ်ကုထုံးနှင့် ပြန်လည်သန်စွမ်းရေး အခြေခံအသိပညာများကို သင်ကြားပေးပြီး သင်တန်းသို့ မသန်စွမ်းသူများနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်သူ ၄၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

"မသန်စွမ်းသူတွေ အများနဲ့တန်းတူ အခွင့်အရေးရရှိနိုင်ဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရဖို့ သင်တန်းပေးတာပါ။ အကြောအဆစ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတွေနဲ့အတူ လေဖြတ်သူ၊ သူငယ်နာရှိသူ၊ ခန္ဓာကိုယ်လှုပ်ရှားမှုအပိုင်း အားနည်းနေသူတွေကိုလည်း လေ့ကျင့်ခန်းလုပ်ပြီး ပြန်သင်ပေးနေပါတယ်" ဟု မသန်စွမ်းအရင်းအမြစ်ဌာန(ရန်ကုန်)မှ သင်ကြားရေးဆရာမ ဒေါ်ခင်မာလွင်က ပြောကြားသည်။

အဆိုပါသင်တန်းသို့ မကွေးတိုင်းအတွင်းရှိ မကွေး၊ စလင်း၊ စကုမြို့နယ်များမှ မသန်စွမ်းသူများနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်သူများ တက်ရောက်ခဲ့ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

"ဒီပွဲကနေပြီး ရပ်ရွာအတွင်း မသန်စွမ်းသူတွေကို ပြုစုစောင့်ရှောက်တဲ့နည်းလမ်းတွေသိလာတယ်။ မသန်စွမ်းသူတွေရဲ့အသက်အရွယ်အလိုက် ပြောင်းလဲလာတဲ့အပြုအမူတွေကိုကြည့်ပြီး မသန် စွမ်းမှု ဘယ်အမျိုးအစားထဲမှာပါတယ်ဆိုတာ သိလာပါတယ်"ဟု အဆိုပါသင်တန်းသို့ တက်ရောက်ခဲ့သည့် မရွှေစင်က မှတ်ချက်ပြုပြောဆိုသည်။

■ လွင်ငယ်

# ငါးရှဉ့်တစ်ပိဿာ ၁၅၀၀ ခန့်ဈေးကျ

**တောင်ငူ၊ မတ် ၂၂**

တောင်ငူမြို့နယ် ငါးရှဉ့်ဈေးကွက်အတွင်းသို့ ကုန်အဝင်လျော့နည်းသော်လည်း ငါးရှဉ့်တစ်ပိဿာလျှင် ၁၅၀၀ ကျပ် ခန့်သို့ကျဆင်းကြောင်း ငါးရှဉ့်ကုန်သည်များထံမှ သိရသည်။

"ငါးရှဉ့်က တရုတ်အဝယ်ပေါ်မှာ မူတည်နေတယ်ဆိုပေမယ့် ကုန်ရ မရပေါ်မှာလည်း ဈေးကပြောင်းတတ်တယ်။ ပြီးခဲ့တဲ့လက တရုတ်ပွဲတော်လဆိုပေမယ့် တစ်ပိဿာ ၈၅၀၀ လောက်ရခဲ့တယ်။ အမှန်ဆို နှစ်ကူးက ဈေးကျရမှာ။ ခုရက်ပိုင်းမှာ ကုန်ကအဝင်နည်းတဲ့အပြင် ကားတင်ခ ဈေးတက်တော့ ဒေသတွင်း ငါးရှဉ့်ဈေး ကောင်းမရတဲ့ သဘောပါ" ဟု တောင်ငူမြို့မှ ငါးရှဉ့်ကုန်သည် ဒေါ်ဝင်းကြည်က ပြောဆိုသည်။

အဆိုပါ ငါးရှဉ့်ဈေးကွက်အခြေအနေသည် ကုန်အဝင်နှင့် တရုတ်ဝယ်လိုအားတို့အပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်လေ့ရှိပြီး လတ်တလောဈေးကွက်အခြေအနေကို ခန့်မှန်းရခက်နေကာ ကုန်အဝင်အလွန်လျော့နည်းလာပါက ဈေးပြန်တက်လာနိုင်ကြောင်း မူဆယ်သို့ ငါးရှဉ့်တင်ပို့နေသည့် ကုန်သည်တစ်ဦးက ပြောကြားသည်။

မူဆယ်မြို့မှတစ်ဆင့် တရုတ်သို့ ယခင်က တစ်ရက်လျှင် ကုန်ပိဿာချိန် ၆၀၀ မှ ၁၀၀၀ ကြား တင်ပို့လေ့ရှိသော် လည်း ယခုရက်ပိုင်းအတွင်း တစ်ရက်လျှင် ပိဿာ ၆၀၀ အောက်သာ တင်ပို့နိုင်ကြောင်း ဒေသတွင်း ငါးရှဉ့်ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့် တစ်ပိဿာလျှင် ကျပ် ၈၅၀၀ ကျော်အထိ ရှိခဲ့ရာမှ ယခုအခါ ၇၀၀၀ ကျပ်သို့ ကျဆင်း သွားကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

■ R-15

# ပြည်မြို့မင်းကြီးတောင်ပေါ်တွင် လူသတ်မှုဖြစ်

**ပြည်၊ မတ် ၂၂**

ပြည်မြို့ ဆင်စုရပ်ကွက်၊ မင်းကြီးတောင်ပေါ်၊ ယုန်ဖြူတောင်ဘုရားအနီးတွင် မတ်လ ၂၁ ရက်နေ့က လူသတ်မှုဖြစ်ပွားခဲ့ကြောင်း ပြည်မြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ယင်းနေ့ ၃ နာရီခွဲဝန်းကျင်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူသတ်မှုကျူးလွန်သည်ဟု ယူဆရသူတစ်ဦးကို မတ်လ ၂၂ ရက်နေ့ နံနက် ၄ နာရီခန့်က မြန်အောင်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကာ ပြည်စခန်းသို့ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း အဆိုပါ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"နှစ်ယောက်လို့ သိရတယ်။ လောလောဆယ် တစ်ယောက် ညတွင်းချင်းပဲ မြန်အောင်မှာသွားမိတယ်။ ထွက်ပြေးနေသူတစ်ဦးကို ရှာဖွေစုံစမ်းနေတယ်"ဟု ၎င်းက ဆိုသည်။

သေဆုံးသူကို မတ်လ ၂၁ ရက်နေ့ နေ့လယ်က သတ်ဖြတ်သူဟု ယူဆရသူနှစ်ဦးက နေအိမ်သို့လာရောက်ခေါ်ဆောင်သွားပြီး တောင်ပေါ် လူပြတ်သည့်နေရာတွင် ဓားဖြင့်ထိုးသတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ သေဆုံးသူတွင် ဓားဒဏ်ရာတစ်ချက်တွေ့ရှိရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"သူတို့က တစ်ရပ်ကွက်တည်းသားတွေပဲ၊ ပန်းဖက်ပေါင်းနေကြတာ။ နေ့လယ်က အတူအရက်သောက်မယ်ဆိုပြီးတော့ ဆိုင်ကယ်တစ်စီးနဲ့ ထွက်သွားတာတွေ့လိုက်တယ်။ ညနေကျတော့ တစ်ယောက်သေနေတယ်ဆိုပြီးကြားရတာပဲ"ဟု ဆင်စုရပ်ကွက်မှ အသက် ၄၅ နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောဆိုသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်မြို့မရဲစခန်းက(ပ) ၂၀၆/၂၀၁၈ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်ထားကြောင်း ယင်းစခန်းထံမှ သိရသည်။

■ M-06

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# တောင်ငူပေါ်တော်မူဘုရားဝင်းရှိ ဈေးဆိုင်ခန်းပိုင်ရှင်များကို တရားစွဲဆိုမည်

**တောင်ငူ၊ မတ် ၂၂**

ပဲခူးတိုင်း တောင်ငူမြို့နယ် အမှတ် (၉) ရပ်ကွက် ရန်ကုန်-မန္တလေးလမ်း ဟောင်းဘေးရှိ ပေါ်တော်မူ ဘုရားဝင်း အတွင်း နှစ်ပေါင်းများစွာ ဈေးဆိုင်ခန်း ဖွင့်လှစ်လုပ်ကိုင်နေကြသည့်အပြင် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့၏ အမိန့်ကို လိုက်နာ ဆောင်ရွက်ခြင်းမရှိသည့် ဆိုင်ခန်းပိုင်ရှင် များကို ဥပဒေအရ တရားစွဲဆိုမည်ဖြစ် ကြောင်း တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ဒီပြဿနာက တစ်နှစ်ကျော် ၂ နှစ်လောက်ရှိနေပြီ။ တိုင်းအစိုးရအဖွဲ့ဆီကို ဒေသန္တရ အမိန့်ထုတ်ပြန်တားမြစ်ဖို့တောင်း ခံတာ ရခဲ့လို့ဆိုင်ခန်းတွေမှာ အမိန့်ကြေညာ စာကပ်ခဲ့တာလည်း တစ်လနဲ့တစ်ရက်ရှိ နေပါပြီ။ ဒါကြောင့် မြို့နယ်စီမံခန့်ခွဲရေး အဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ တရားစွဲဆိုသွားပါ မယ်”ဟု ၎င်းက ပြောကြားသည်။

တောင်ငူမြို့နယ် ဒေသန္တရ အမိန့် ထုတ်ပြန်ချက် စာရွက်ကို ဆုတ်ဖြဲခဲ့ခြင်းနှင့် ဒေသန္တရအမိန့်ကို လိုက်နာဆောင်ရွက် ခြင်းမပြုသည့်အတွက် တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး တာဝန်ရှိ သူက တရားစွဲဆိုပိုင်ခွင့်ရှိကြောင်း တောင်ငူ မြို့နယ် ဥပဒေရုံးမှ ဥပဒေအရာရှိတစ်ဦးက ပြောကြားသည်။

“ကျွန်မတို့ဘက်က အကြိမ်ကြိမ် တိုင်ကြားထားသလို ဆန္ဒဖော်ထုတ်မှု လည်း လုပ်ပြီးပြီ။ အလှူရှင်တစ်ဦးက မြေ ကြီးနဲ့သဲတွေလှူလို့မြေချထားတာကို ရန်ပြု တယ်။ မြို့နယ်ကတားထားလို့ ကျွန်မတို့ မလုပ်တာ။ အုပ်ချုပ်ရေးကသာ မတားရင် ကျွန်မတို့ရပ်ကွက်ထဲက လူတွေက ဇွတ် အတင်းဝင်ဖျက်လိုက်ပြီ”ဟု ဒေသခံ အမျိုး သမီးတစ်ဦးက ဆိုသည်။

မတ်လ ၁၀ ရက်နေ့နံနက်ပိုင်းက ဘုရားဝင်းအတွင်း သဲကျောက်ပုံသည့် ကိစ္စနှင့်ပတ်သက်ပြီး အဆိုပါဝင်းအတွင်း က လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ထားသည့် ဆိုင်ခန်းပိုင်ရှင်နှင့် ဒေသခံအချို့ လူစုလူဝေး ဖြင့် ရန်ရှင်းဆန်ခတ် ဖြစ်ပွားခဲ့သည့်အတွက် တောင်ငူမြို့မရဲစခန်းမှ လာရောက်ဖြေ ရှင်းပေးခဲ့ရသေးပြီး မတ်လ ၂၂ ရက်နေ့က အုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ရှိသူများက ဘုရားဂေါပကအဖွဲ့နှင့် ဒေသခံအချို့ကို ခေါ်ယူတွေ့ဆုံခဲ့သည်။

ယင်းကဲ့သို့ဈေးဆိုင်ခန်းများ အခ ကြေးငွေဖြင့် ငှားရမ်းထားသည့် ကိစ္စ၊ ဖယ်ရှား ရှင်းလင်းပေးရန် ညွှန်ကြားထား သည့် ကိစ္စများနှင့်ပတ်သက်ပြီး ပေါ်တော် မူဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌဟောင်း ဦးတင်ငွေနှင့် ဈေးဆိုင်ခန်း ပိုင်ရှင်ဖြစ်သူ ကို ဆက်သွယ်စုံစမ်းမေးမြန်းသော်လည်း ဆက်သွယ်၍မရပေ။

ပေါ်တော်မူဘုရားကို လွန်ခဲ့သည့် အနှစ် ၂၀ ကျော်ခန့်က တပ်မတော်အစိုးရ လက်ထက် တောင်ငူခရိုင်ငြိမ်ဝပ်ပိပြားရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးတင့်က ဦးဆောင်တည်ထားကိုးကွယ်ခဲ့ပြီး ယခင် က ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက် စွာကျင်းပနိုင်ခဲ့သော်လည်း ဈေးဆိုင်ခန်း များဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည့် အချိန် မှ စတင်ပြီး ဘုရားပွဲတော်မဖြစ်မြောက် တော့ကြောင်း ဒေသခံများထံမှ သိရသည်။

■ **R-15**



ဓာတ်ပုံ - ဖေယျာကို

မုက္ခမူ - ချိန်ချောင်းကို ယာဉ်ယန္တရားများ အသုံးပြု၍ ပြန်လည်တူးဖော်နေပုံ

# မုက္ခမူ-ချိန်ချောင်းကို ကျပ်ငွေ သန်း ၅၀၀ နီးပါးသုံး၍ တူးဖော်ပြုပြင်

**တောင်ငူ၊ မတ် ၂၂**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အရှေ့ဘက်ခြမ်းရှိ နှစ်စဉ်ရေကြီးရေလျှံမှု များကြောင့် မိုးစပါးစိုက်ခင်းများ ရေဝင် နစ်မြုပ်မှု ဖြစ်ပေါ်နေခြင်းကိုကာကွယ်နိုင် ရန် မုက္ခမူ-ချိန်ချောင်းကို ငွေကျပ်သန်း ၅၀၀ နီးပါးသုံးစွဲ၍ ပြန်လည်တူးဖော်ပြုပြင် နေကြောင်း ဆည်မြောင်းဦးစီးဌာနထံမှ သိရသည်။

အဆိုပါဒေသသည် နှစ်စဉ်မိုးရာသီ အတွင်း အနီးတစ်ဝိုက်ကျေးရွာများသို့ ရေဝင်နစ်မြုပ်စေသည့်အပြင် စိုက်ပျိုး သီးနှံများ အကြိမ်ကြိမ်ပြန်လည်စိုက်ပျိုး ရသည့် ပြဿနာနှင့်ကြုံတွေ့နေရခြင်းကြောင့် ယခုနှစ်ဖေဖော်ဝါရီလခန့်ကစ၍ ဆိုင်ကွ လေးကျေးရွာမှ မုက္ခမူကျေးရွာအထိ ချောင်းကို ပြန်လည်တူးဖော်နေကြောင်း အဆိုပါဌာနထံမှ သိရသည်။

“ဒါလုပ်ဆောင်လိုက်ရင် ဒေသမှာ ရေကြီးရေလျှံမှုပြဿနာတွေ တော်တော် လေးလျော့ပါးသွားမယ်”ဟု ညောင်လေး ပင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွေးက ပြောကြား သည်။

အဆိုပါ ကျေးရွာများတွင် စစ်တောင်း မြစ်ရေကြီးရေလျှံမှုကင်းဝေးရန် စစ်တောင်း ရေကာတာကြီးတစ်ခု စတင်တည်ဆောက် ခဲ့ပြီးနောက်ပိုင်း ချောင်းရိုးများ၊ မြောင်းရိုး များ ရေထွက်ပေါက် မရှိတော့သည့် အတွက် နှစ်စဉ် မိုးရာသီများတွင် ညောင် လေးပင်မြို့နယ်အရှေ့ဘက်ခြမ်း ကျေးရွာ အချို့ရှိ စိုက်ခင်းသီးနှံများ ဆုံးရှုံးနေရခြင်း ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

“နှစ်တိုင်း ရေထဲမှာနေရတာကြာ ပြီ။ အထူးသဖြင့် ဇူလိုင်လနဲ့ ဩဂုတ်လ တွေမှာ ရေဝင်နစ်မြုပ်တာခံနေရတယ်” ဟု မုက္ခမူကျေးရွာ ဒေသခံ ဒေါ်ချိုချိုဝင်းက ပြောကြားသည်။

အဆိုပါချောင်း ပြန်လည်တူးဖော် ပေးရန် ဒုတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး တွင် အဆိုတင်သွင်းမေးမြန်းခဲ့ပြီးနောက် ၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ခန့်မှန်း ကုန်ကျ ငွေကျပ်သန်း ၅၀၀ နီးပါးဖြင့် Winner Dragon ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပြီး နောက် စီမံကိန်းစတင် အကောင်အထည် ဖော်ဆောင်နေခြင်းဖြစ်ကြောင်း ယင်း စီမံကိန်းပြီးစီးပါက လယ်မြေဧက ၂၅၀၀၀ ခန့် ရေဝင်နစ်မြုပ်မှုဘေးက ကင်းလွတ် မည်ဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရ သည်။

■ **R-15**

## NEWS IN BRIEF

### ကလေးမြို့ အာဇာနည်ကျောက်တိုင်ကွင်းအတွင်း ကွန်ကရစ်ခင်း

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် နှင့် အာဇာနည်ကျောက်တိုင်ရှိရာ ကွင်းအတွင်း ကွန်ကရစ်လမ်းခင်းနေမှု မတ်လ အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ကလေးမြို့နယ် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးသောင်းရွှေက ပြောကြားသည်။

ကလေးမြို့မှ ကလေးဝမြို့ဘက်အထွက်လမ်းဘေးရှိ ဗိုလ်ချုပ်ကြေးရုပ်နှင့် အာဇာနည်ကျောက်တိုင်ရှိရာ ကွင်းအတွင်း ကလေးမြို့နယ် စည်ပင်သာယာရေး ဌာနဘတ်ဂျက်ဖြင့် ကွန်ကရစ်ခင်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင် ရွက်နေခြင်းဖြစ်ပြီး မတ်လအတွင်း အပြီးခင်းနေကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှေ့နှင့် အာဇာနည်ကျောက်တိုင်ရှေ့တို့တွင် အလျားပေ ၆၀၊ အနံပေ ၃၀ အကျယ်ရှိ ကွန်ကရစ်ခင်းနေခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါကွင်းအတွင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့မှ စတင်ထားရှိခဲ့ပြီး လွတ်လပ်ရေးကျောက်တိုင်ကို ဇူလိုင်လအတွင်းက စိုက်ထူခဲ့သည်။ ■ **R-20**

### ကုန်တင်ယာဉ် ချောက်ထဲကျ ၊ တစ်ဦးသေဆုံး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ကျိုင်းတုံ-တောင်ကြီးလမ်းတွင် မတ်လ ၂၁ ရက် ညပိုင်းက ကုန်တင်ယာဉ်တစ်စီး ပေ ၁၀၀ ခန့်နက်သော ချောက်ထဲ ထိုးကျရာမှ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း မိုင်းပျဉ်းမြို့မ ရဲစခန်း ထံမှ သိရသည်။

တောင်ကြီးမြို့မှ ကျိုင်းတုံမြို့သို့ ဘီယာများနှင့်ဆပ်ပြာများ တင်ဆောင် ကာ ဇနီးမောင်နှံနှစ်ဦး လိုက်ပါစီးနင်းလာသော ခြောက်ဘီးယာဉ်မှာ ချောက်ထဲ ကျ သေဆုံးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်း ဦးတင်စိုး(၆၃နှစ်) ပြင်းထန်ဒဏ်ရာရရှိပြီး ဇနီးသည် ဒေါ်နန်းလှမွန်(၆၂နှစ်)မှာသေဆုံးခဲ့သဖြင့် ယာဉ်မောင်းကို ရာဇသတ်ကြီးပုဒ်မ ၂၇၉/၃၃၈/၃၀၄-က ဖြင့် အမှုဖွင့်ထား ကြောင်း မိုင်းပျဉ်းမြို့မရဲစခန်းထံမှ သိရသည်။ ■ **R-16**

### အိမ်ခြေမဲ့ လူငယ်တစ်ဦး ကြိုးဆွဲချသေဆုံး

ရှမ်းပြည်နယ်ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် ဆူဖူးမားရွာအနီးရှိ ဖားမျက်စေ့သစ်ပင်တွင် မတ်လ ၂၁ ရက် နံနက် ၁၀ နာရီခန့်က အိမ်ခြေမဲ့ လူငယ်တစ်ဦး ကြိုးဆွဲချ သေဆုံးခဲ့ကြောင်း ကျိုင်းတုံမြို့မရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အသက် ၂၀ အရွယ်ကိုအိုက်ဆိုက်မှာ အရက်အလွန်အကျွံသောက်ကာ စိတ်ကျန်းမာရေးမကောင်းကြောင်း၊ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ သေမှုသေခင်း ဖွင့်ကာ စစ်ဆေးနေကြောင်း ကျိုင်းတုံမြို့မရဲစခန်းထံမှ သိရသည်။ ■ **R-16**

# မက်ဆီကို အော်ပရာဝင်းဖရေး အားပေးစကားဆို

**ဘာစီလိုနာ၊ မတ် ၂၂**

ဟောလိဝုဒ်အကျော်ဒေးယျ သရုပ်ဆောင်များအနက်တွင် တစ်ဦးအပါအဝင်ဖြစ်သော အမျိုးသမီးသရုပ်ဆောင် အော်ပရာဝင်းဖရေးသည် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကို အားပေးစကားပြောကြားလိုက်ပြီး မက်ဆီသာ အာရုံစူးစိုက်မှု အပြည့်ဖြင့် အားထည့်ကြိုးစားသွားမည်ဆိုပါက အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ခက်ခဲလိမ့်မည်မဟုတ်ဟု ဝင်းဖရေးက အသိပေးသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

အသက် ၃၀ အရွယ်ရှိနေပြီဖြစ်သော မက်ဆီသည် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝဖြတ်သန်းမှုအတွင်း ဘာစီလိုနာအသင်းနှင့်အတူ ကလပ်အသင်းအဆင့် အောင်မြင်မှုများစွာကို ဆွတ်ခူးရယူထားနိုင်ပြီဖြစ်သော်လည်း အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာအဆင့် အောင်မြင်မှုများ မရယူနိုင်ဘဲ ဖြစ်နေဆဲဖြစ်ကာ လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်း ချန်ပီယံဆုကို ရယူနိုင်ခြင်း မရှိခဲ့ပါက ၎င်းအနေနှင့် လက်ရွေးစင်ကစားသမားဘဝဖြတ်သန်းမှုကို အဆုံးသတ်တော့မည်ဟု မက်ဆီက ပြောကြားထားပြီလည်းဖြစ်သည်။

မက်ဆီသည် အမေရိကန်ပြည်ထောင်စု၌ ၂၀၁၆ ခုနှစ်တွင်ကျင်းပခဲ့သော နှစ်တစ်ရာပြည့် ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲတွင် အာဂျင်တီးနားအသင်း ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရအပြီးတွင် လက်ရွေးစင်ကစားသမားဘဝက အနားယူပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ဖူးပြီး ယင်းနောက်တွင် အာဂျင်တီးနားသမ္မတနှင့် ပြည်သူများက ၎င်းကို ဆုံးဖြတ်ချက်ပြန်လည်ပြင်ဆင်ပေးပါရန် တောင်းဆိုသည့်အတွက် မက်ဆီက လက်ရွေးစင်အသင်းကို တစ်ကျော့ပြန်လည် ကိုယ်စားပြုပေးခဲ့ခြင်းဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဝင်းဖရေးက "မက်ဆီဟာ လုပ်နိုင်စွမ်းရှိသူပါ။ သူသာ ပြင်းပြင်းထန်ထန်ကြိုးစားမယ်ဆိုရင် မဖြစ်နိုင်တဲ့အရာရယ်လို့ သိပ်မရှိလောက်ပါဘူး။ ကိုယ့်ရဲ့လုပ်နိုင်စွမ်းက ကိုယ့်ဆီမှာပဲ ရှိပါတယ်။ ဒါကို မက်ဆီ အသုံးချရမှာပါ။ သူဟာ တိုက်ပွဲဝင်စစ်သူရဲတစ်ဦးရဲ့စိတ်ဓာတ်မျိုးကို ပိုင်ဆိုင်ထားသူလည်းဖြစ်ပါတယ်။ လာမယ့်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားလက်ရွေးစင်အသင်းနဲ့အတူ သမိုင်းဝင်အောင်မြင်မှုတစ်ခုကို မက်ဆီ ရယူနိုင်လိမ့်မ်လို့ ကျွန်မယုံကြည်ထားပြီးသားပါ"ဟု ပြောကြားသွားခဲ့သည်။

ဟောလိဝုဒ်လောက၏အခြားသော အထင်ကရ အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်သည့် ရိစ်ဝီသာစပွန်းကလည်း ၎င်း၏မိသားစုဝင်များအားလုံးမှာ မက်ဆီကို အရှူးအမူးအားပေးသည့် မက်ဆီ၏အမာခံပရိသတ်များဖြစ်ကြကြောင်း အသိပေးထားသေးသည်။

■ E-11

# ဘရာဇီးလက်ရွေးစင်ဟောင်း အက်မီလ်ဆင် မိဘမဲ့ကလေးငယ်များကို ဘောလုံးနည်းစနစ်သင်ပေးမည်

**ရန်ကုန်၊ မတ် ၂၂**

ဘရာဇီးလက်ရွေးစင်ဟောင်း အက်မီလ်ဆင်က မြန်မာနိုင်ငံမှ မိဘမဲ့ကလေးငယ်များကို ဘောလုံးကစား နည်းစနစ်များ သင်ကြားပေးမည် ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

အာရှလူငယ်ဘောလုံးဖွံ့ ဖြိုးရေးအဖွဲ့အစည်းက ဦးဆောင်သည့် အဆိုပါအစီအစဉ်ကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မတ်လ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းအဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

သင်တန်းအစီအစဉ်အရ ဘရာဇီးလက်ရွေးစင်ဟောင်း အက်မီဆင်နှင့်အတူ ကာဝါဆာကီဖရန်တန်း ကစားသမား တာဒါရှိဟာယာရှိတို့က ဦးဆောင်သင်ကြားပေးမည်ဖြစ်ကာ မတ်လ ၂၈ ရက်နေ့ နံနက် ၈ နာရီမှ ၁၁ နာရီ၊ ၁၁ နာရီမှ မွန်းလွဲ တစ်နာရီ အထိ အသက် ၁၂ နှစ်အောက် အမျိုးသမီးများ၊ မတ်လ ၂၉ ရက် နံနက် ၈ နာရီမှ ၁၁ နာရီ၊ ၁၁ နာရီမှ မွန်းလွဲ တစ်နာရီအထိ အသက် ၁၂ နှစ်အောက် အမျိုးသားကစားသမားများကို သင်ကြားပေးမည်ဖြစ်၍ မိဘမဲ့ကလေးငယ် ၁၆၀ ဦးခန့်ပါဝင်မည်ဟု ဖော်ပြထားသည်။

မတ်လ ၂၉ ရက် ညနေပိုင်းတွင် ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတစ်ရပ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၃ အသင်းနှင့် အသက် ၁၃ Dream Train & Japanese Society လက်ရွေးစင် အမျိုးသားအသင်းတို့ ခြေစမ်းကစားမည်ဖြစ်သည်။

မြောက်ဥက္ကလာပမြို့နယ်ရှိပြီး Japan Health Care ကဖွင့်ထားသည့် မိဘမဲ့စောင့်ရှောက်ရေးဂေဟာမှ ကလေးငယ် ၁၆၀ ဦးခန့်ကို သင်ပေးမည်ဟု ပွဲစီစဉ်သူများအဆိုအရ သိရသည်။

အာရှလူငယ်ဘောလုံး ဖွံ့ဖြိုးရေးအဖွဲ့အစည်း CBF Camp with Edmilson ကို ကာဝါ ဆာကီဖရန်တန်း ကစားသမား တာဒါရှိ ဟာယာရှိနှင့် အက်မီဆင်တို့က ပူးပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်ပြီး မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ကာ ထိုင်းနိုင်ငံတွင်လည်း ထပ်မံဖွင့်လှစ်ရန်စီစဉ်ထားသည်။

■ J-04



# လူငယ်ကစားသမားများကို ပြည့်တန်ဆာလုပ်ရန် ရောင်းချခဲ့ခြင်းကြောင့် အင်ဒီပင်ဒီယန်တီအသင်း စစ်ဆေးခံရ

**ဗျူနိုအေရိစ်၊ မေ ၂၂**

အာဂျင်တီးနားကလပ် အင်ဒီပင်ဒီယန်တီအသင်းသည် အသက် ၁၄ နှစ်မှ ၁၆ နှစ်အရွယ် လူငယ်ကစားသမားများကို ပြည့်တန်ဆာဈေးကွက်သို့ တင်ပို့ရောင်းချ၍ ပြည့်တန်ဆာအလုပ် လုပ်ကိုင်ရန် အတင်းအကျပ် စေခိုင်းခဲ့ခြင်းကြောင့် အာဂျင်တီးနားရဲတပ်ဖွဲ့နှင့် အစိုးရရှေ့နေများ၏စုံစမ်းစစ်ဆေးခြင်းကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

အင်ဒီပင်ဒီယန်တီ လူငယ်အသင်းကြီးကြပ်ရေးမှူး ဖာနန်ဒို ဘီရွန်သည် ယခုဖြစ်စဉ်တွင် အဓိကပါဝင်ပတ်သက်သူအဖြစ် စွပ်စွဲခံထားရပြီး ရဲတပ်ဖွဲ့နှင့် အစိုးရရှေ့နေများကမူ ၎င်းတို့အနေနှင့် အမှုတည်ဆောက်နိုင်ရန်အတွက် သက်သေအထောက်များ ရှာဖွေနေရဆဲဖြစ်သည်ဟု ဖွင့်ဟပြောကြားသွားခဲ့သည်။

အင်ဒီပင်ဒီယန်တီအသင်းသည် လွန်ခဲ့သည့် လေးလအတွင်း၌ လူငယ်ကစားသမား ၂၀ ဦးကို ပြည့်တန်ဆာဈေးကွက်သို့ တင်ပို့ရောင်းချ၍ ပြည့်တန်ဆာအလုပ် လုပ်ကိုင်ရန် အတင်းအကျပ် စေခိုင်းခဲ့ကြောင်း သတင်းများထွက်ပေါ်နေပြီး ယင်းသို့စေခိုင်းခံရသူ လူငယ်ကစားသမားတစ်ဦးက အာဂျင်တီးနားရုပ်သံမီဒီယာတစ်ခုထံ အဆိုပါကိစ္စကို ဖွင့်ချပြောကြားလိုက်ရာကတစ်ဆင့် အာဂျင်တီးနားရဲတပ်ဖွဲ့က အင်ဒီပင်ဒီယန်တီအသင်းကို စစ်ဆေးလိုက်ခြင်းဖြစ်သည်။

အင်ဒီပင်ဒီယန်တီအသင်းသည် လူငယ်ကစားသမားများကိုအသက်အရွယ်ကြီးသူများထံသို့ ပြည့်တန်ဆာအလုပ်လုပ်ရန် ရောင်းစားခဲ့ခြင်းဖြစ်ပြီး ယင်းသို့စေခိုင်းရာကတစ်ဆင့် ရရှိသောဝင်ငွေများကို မည်သူက ရယူသည်မှာ ယခုအချိန်တိုင်သည်အထိ မရှင်းမလင်း ဖြစ်နေဆဲဖြစ်သည်ဟု အာဂျင်တီးနားရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ရှင်းပြသွားခဲ့သည်။

အာဂျင်တီးနားရဲတပ်ဖွဲ့သည် အင်ဒီပင်ဒီယန်တီအသင်းကို အသက်မပြည့်သေးသူများအား ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန် အတင်းအကျပ်စေခိုင်းမှုဖြင့် အမှုဖွင့်ထားခြင်းဖြစ်ပြီး ယင်းပြစ်မှုကို ကျူးလွန်ခဲ့သူများအနက်တွင် လူငယ်အဆင့်ပြိုင်ပွဲများကို တာဝန်ယူ ပွဲကြီးကြပ်ခဲ့သည့် ဒိုင်လူကြီးတစ်ဦးလည်း ပါဝင်ပတ်သက်နေသည်ဟု အာဂျင်တီးနားရဲတပ်ဖွဲ့က သံသယဝင်လျက်ရှိသည်။

■ E-11

# လုခ်ရှော အချိန်ပို လေ့ကျင့်ရေးဆင်း

**မန်ချက်စတာ၊ မတ် ၂၂**

မန်ယူဘယ်နောက်ခံကစားသမား လုခ်ရှောသည် လက်ရှိတွင် အချိန်ပိုလေ့ကျင့်ရေးများဆင်းကာ ၎င်း၏စွမ်းဆောင်ရည်များ တိုးတက်စေရန် ကြိုးပမ်းနေပြီဖြစ်ပြီး ၎င်းအနေနှင့် လာမည့် ၂၀၁၈ ကမ္ဘာ့ ဖလားပြိုင်ပွဲတွင် အင်္ဂလန်လက်ရွေးစင်အသင်းကို ကိုယ်စားပြုခွင့်ရနိုင်ရန်အတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ကြိုးပမ်းနေမည်သာဖြစ်ကြောင်း လုခ်ရှောကြ ပြောကြားထားသည်ဟု The Sun က ဖော်ပြထားသည်။

လုခ်ရှောသည် မန်ယူက ဘရိုက်တန်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော အက်ဖ်အေဖလားကွာတားဖိုင်နယ် ပွဲစဉ်အတွက် လေ့ကျင့်ရေးဆင်းခဲ့ရာတွင် နည်းပြ မော်ရင်ညိုနှင့် စကားအချေအတင်ဖြစ်ခဲ့ကာ ပြိုင်ပွဲကစားရာတွင် ၎င်းကို ပထမပိုင်း ၄၅ မိနစ်ပြီးဆုံးသည်နှင့် နည်းပြမော်ရင်ညိုက လူစားလဲလှယ်လိုက်သည်ကိုလည်း လုခ်ရှောက အလွန်အမင်း ဒေါသပေါက်ကွဲခဲ့ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။




လုခ်ရှောသည် လက်ရှိဘောလုံးရာသီတွင် မန်ယူအတွက် ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ်ပေါင်း ၁၅ ပွဲသာ ပါဝင်ကစားခွင့်ရထားပြီး နည်းပြ မော်ရင်ညို၏လက်အောက်တွင် ၎င်းအတွက် ပုံမှန်ပွဲထွက်ကစားခွင့်အာမခံချက် ရရှိနိုင်တော့မည်မဟုတ်၍ လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်၌ မန်ယူကို စွန့်ခွာရန်ပင် လုခ်ရှောက စိတ်ပိုင်းဖြတ်ထားပြီဖြစ်သည်။

စပါးနှင့် ချယ်လ်ဆီးတို့သည် လုခ်ရှောကိုခေါ်ယူရန် အပြိုင်အဆိုင် စောင့်ကြည့်နေကြပြီဖြစ်ပြီး နည်းပြမော်ရင်ညိုကမူ လုခ်ရှောကို ပြောင်းရွှေ့ကြေးသတ်မှတ်၍ ရောင်းထုတ်မည့်အစား စပါးနောက်ခံလူ ဒန်နီရိုစ့်နှင့် အယ်လ်ဒါဝိုင်ရဲလ် တို့ကို ခေါ်ယူရန် ကြိုးပမ်းရာတွင် အလိုက်အဖြစ် ပေးအပ်ကမ်းလှမ်းရန် ကြံရွယ်လျက်ရှိသည်။

■ E-11



# ပီအက်စ်ဂျီအသင်းနည်းပြသစ်လျာထားစာရင်းတွင် ဇီဒန်း၊ ဂျာဂင်ကလော့ပ်၊ ကွန်တီနှင့် ပိုချက်တီနိုတို့ ပါဝင်

**ပဲရစ်၊ မတ် ၂၂**

ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများသည် လက်ရှိဘောလုံးရာသီ ပြီးဆုံးချိန်တွင် အသင်းနည်းပြ ယူနိုင်းအမ်မရီကို ရာထူးထုတ်ပယ်၍ နည်းပြသစ်တစ်ဦး ခေါ်ယူခန့်အပ်ရန် စီစဉ်လိုက်ပြီဖြစ်ပြီး ပီအက်စ်ဂျီအသင်း၏နည်းပြသစ် လျာထားစာရင်းတွင် ပါဝင်နေသူများမှာ လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်၊ ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်း၊ ချယ်လ်ဆီးနည်းပြ ကွန်တီနှင့် စပါးနည်းပြ ပိုချက်တီနိုတို့ ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများသည် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း အရှုံးရလဒ်ဖြင့် ရင်ဆိုင်ရကာ ပြိုင်ပွဲမှနေ၍ ထွက်ခွာလိုက်ရအပြီးတွင် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်၌ နည်းပြ ယူနိုင်းအမ်မရီနှင့် လမ်းခွဲရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး ပီအက်စ်ဂျီ၏ နည်းပြသစ်လျာထားစာရင်းတွင် ပါဝင်နေသူလေးဦးအနက် နည်းပြဇီဒန်းနှင့် နည်းပြကွန်တီတို့မှာ လက်ရှိဘောလုံးရာသီအပြီးတွင် သက်ဆိုင်ရာကလပ်အသင်းများနှင့် လမ်းခွဲရရန် နီးစပ်နေသူများဖြစ်သည်။

ပီအက်စ်ဂျီသည် နည်းပြဇီဒန်းကို ရရှိနိုင်ရေးအတွက် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်နှင့် ယှဉ်ပြိုင်ကြိုးပမ်းရလိမ့်မည်ဖြစ်ကာ ကွန်တီကိုခေါ်ယူလိုပါကလည်း အီတလီဘောလုံးအဖွဲ့ချုပ်နှင့် အားပြိုင်ရမည့် အခြေအနေများရှိနေသည်။

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်နှင့် စပါးနည်းပြ ပိုချက်တီနိုတို့သည် လက်ရှိကလပ်များတွင်သာ ဆက်ရှိနေရန် နီးစပ်နေပြီး စပါးနည်းပြ ပိုချက်တီနိုကို ခေါ်ယူရန်အတွက်မူ ဘိုင်ယန်မြူးနစ်နှင့် ရီးရဲလ်မက်ဒရစ်တို့က ချဉ်းကပ်မှုများ ရှိနေသည်။

ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများသည် နေမာနှင့် အမ်ဘတ်ပေတို့ကဲ့သို့သော ကစားသမားများကို မဆုံးရှုံးရစေရန်အတွက် အသင်းကို နာမည်ကြီးနည်းပြတစ်ဦး ဦးဆောင်မှသာဖြစ်နိုင်တော့မည်ဟု ယူဆထားကြပြီဖြစ်ကာ ယင်းပထမဦးစားပေး လေးဦးအနက်မှနေ၍ ခေါ်ယူရန်အဆင်မပြေခဲ့ပါက အသင်းနည်းပြဟောင်း အန်စလော့တီ၊ အက်သလက်တီကိုနည်းပြ ဆီမြွန်နီ၊ ဂျူဗင်တပ်နည်းပြ အယ်လ်လီဂရီနှင့် နာပိုလီနည်းပြ ဆာရီတို့ကို ပြောင်းလဲကမ်းလှမ်းသွားရန် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများက ကြံရွယ်ထားကြသည်။

■ E-11

# အခွင့်အရေးထပ်ရနိုင်တော့မည်မဟုတ်ဟု အသိပေးကာ ငင်းကို အာစင်ဝင်းဂါးက အသင်းပြောင်းခိုင်းခဲ့ဖူးကြောင်း ဝီလ်ရှိုင်းယား အသိပေး

**လန်ဒန်၊ မတ် ၂၂**

အာဆင်နယ်ကွင်းလယ်ကစားသမား ဝီလ်ရှိုင်းယားသည် လွန်ခဲ့သည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်၌ ငင်းကို နည်းပြ အာစင်ဝင်းဂါးက အသင်းထဲတွင် အခွင့်အရေး ထပ်ပေးနိုင်ရန် မလွယ်တော့ကြောင်း အသိပေး၍ အသင်းပြောင်းရန် တွန်းအားပေးခဲ့ဖူးကြောင်း ဖွင့်ဟအသိပေးသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

ဝီလ်ရှိုင်းယားသည် အာစင်ဝင်းဂါးက ငင်းထံသို့ လာရောက်၍ ယင်းသို့ ပြောကြားအသိပေးခဲ့သည့်အချိန်ကို ယခုအချိန်ထိ အတိအကျ မှတ်မိနေဆဲဖြစ်သည်ဟုလည်း ပြောကြားသွားခဲ့ပြီး အာစင်ဝင်းဂါးက အသင်းပြောင်းရန် လာရောက်အသိပေးချိန်တွင် ငင်းမှာ လေ့ကျင့်ရေးစက်ဘီးထက်တွင် စက်ဘီးနင်းနေချိန်ဖြစ်ကြောင်း ဝီလ်ရှိုင်းယားက ရှင်းပြသွားခဲ့သည်။

ဝီလ်ရှိုင်းယားသည် လက်ရှိဘောလုံးရာသီတွင် အာဆင်နယ်အတွက် ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ်ပေါင်း ၃၁ ပွဲ ပါဝင်ကစားခွင့်ရထားပြီဖြစ်ပြီး အာဆင်နယ်အသင်းတာဝန်ရှိသူများက ငင်းကို စာချုပ်သစ်ချုပ်ရန် ကမ်းလှမ်းထားသောည်လည်း ဝီလ်ရှိုင်းယားက ယင်းစာချုပ်သစ်ကို လက်မခံဘဲ ငြင်းဆန်ပယ်ချထားဆဲဖြစ်သည်။

ဝီလ်ရှိုင်းယားသည် အာဆင်နယ်အသင်း တာဝန်ရှိသူများက ငင်းကို စာချုပ်သစ်ကမ်းလှမ်းရာ၌ လုပ်ခလစာကို တိုးမြှင့်မပေးသည့်အပြင် လက်ရှိထက် လျှော့ချလိုက်သည့်အတွက် ယင်းကမ်းလှမ်းမှုကို ငြင်းဆန်လိုက်ခြင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီပြီးဆုံးချိန်တွင် ဝီလ်ရှိုင်းယားနှင့် အာဆင်နယ်အကြား၌ ချုပ်ဆိုထားသောစာချုပ်မှာ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ငင်းကို ခေါ်ယူလိုသောအသင်းများမှာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခွင့်ရသွားကြတော့မည်ဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဝီလ်ရှိုင်းယားက "ဒီနှစ်ဘောလုံးရာသီမစတင်ခင်မှာ နည်းပြ အာဝင်ဝင်းဂါးက ကျွန်တော့်ဆီကို လာရောက်ပြီး အသင်းအနာဂတ်မှာ ကျွန်တော့်အတွက် အခွင့်အရေးတွေ သိပ်မရှိနိုင်တော့ဘူးလို့ အသိပေးခဲ့ပါတယ်။ အဲ့ဒီတုန်းက ကျွန်တော်ဟာ လေ့ကျင့်ရေးစက်ဘီးစီးပြီး ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေ လုပ်နေခဲ့တာပါ။ နည်းပြ အာစင်ဝင်းဂါးက အဲ့ဒီလိုအသိပေးပြီးတဲ့နောက်မှာ ကျွန်တော့်ကို အသင်းပြောင်းဖို့လည်း ဆက်လက်တိုက်တွန်းခဲ့ပါတယ်။ လက်ရှိမှာတော့ ကျွန်တော်ဟာ အာဆင်နယ်မှာကစားဖို့ ထိုက်တန်သူတစ်ဦးဖြစ်ကြောင်းကို ခြေစွမ်းနဲ့အတူ သက်သေပြနိုင်ခဲ့ပါပြီ"ဟု ပြောကြားသွားခဲ့သည်။

■ E-11

# အိုင်ကာဒီနှင့် အယ်လ်ဒါဝိုင်ရဲလ်တို့ကိုခေါ်ယူရန် ချယ်လ်ဆီး တရားဝင်ကမ်းလှမ်း၊ ဧပြီလတွင် ဒေးဗစ်လူးဝစ်ဇ် ပြန်ကစားနိုင်တော့မည်

**လန်ဒန်၊ မတ် ၂၂**

ချယ်လ်ဆီးအသင်းသည် အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီနှင့် စပါးနောက်ခံလူ အယ်လ်ဒါဝိုင်ရဲလ်တို့ကို ခေါ်ယူရန် တရားဝင် ချိတ်ဆက်ကမ်းလှမ်းလိုက်ပြီဖြစ်ပြီး ယင်းကစားသမားနှစ်ဦးကို ခေါ်ယူနိုင်ရေးတွင် ချယ်လ်ဆီးအတွက် အဓိကအတားအဆီးတစ်ရပ် ဖြစ်လာနိုင်သည်မှာ မန်ယူဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

ချယ်လ်ဆီးသည် ယင်းကစားသမားနှစ်ဦးကို ခေါ်ယူရရှိနိုင်ရေးတွင် ပြိုင်ဘက်များထက် လက်ဦးမှုရယူထားနိုင်ရန် ယခုကတည်းကပင် ကမ်းလှမ်းဆက်သွယ်လိုက်ခြင်းဖြစ်ပြီး အိုင်ကာဒီကို ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၅၅ သန်း၊ အယ်လ်ဒါဝိုင်ရဲလ်ကို ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၄၄ သန်းတို့ဖြင့် ချယ်လ်ဆီးက ချိတ်ဆက်ထားခြင်းဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

အိုင်ကာဒီသည် လက်ရှိဘောလုံးရာသီတွင် အင်တာမီလန်အတွက် ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ်ပေါင်း ၂၆ ပွဲ ပါဝင်ကစားပေးခွင့် ရရှိခဲ့ရာတွင် သွင်းဂိုးပေါင်း ၂၂ ဂိုးအထိ ရယူပေးထားနိုင်ပြီဖြစ်ပြီး မန်ယူနှင့် ရီးရဲလ်မက်ဒရစ်တို့မှာ အိုင်ကာဒီကိုခေါ်ယူနိုင်ရေးအတွက် လွန်ခဲ့သောလအနည်းငယ်ခန့်က အိုင်ကာဒီ၏အေးဂျင့်အဖြစ် တာဝန်ထမ်းဆောင်နေသော ငင်း၏ဇနီးသည် ဝမ်ဒါနာရာကို ဆက်သွယ်ခဲ့ဖူးပြီးလည်းဖြစ်သည်။



စပါးသည် အသင်းနှင့်စာချုပ်သစ်လက်မှတ်ရေးထိုးဖွယ် မရှိတော့သည့် အယ်လ်ဒါဝိုင်ရဲလ်ကို လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ရောင်းထုတ်လိုက်ရန် စီစဉ်ထားပြီဖြစ်ပြီး ငင်း၏တန်ကြေးကို စပါးက ပေါင် ၄၄ သန်း သတ်မှတ်တောင်းဆိုထားသည့်အတွက် ချယ်လ်ဆီးက ယင်းအတိုင်းပေးချေရန် စီစဉ်လိုက်ခြင်းဖြစ်သည်။

ဒူးဒဏ်ရာပြဿနာကြောင့် အသင်းအတွက် ပွဲကစားပေးနိုင်ခြင်း မရှိဘဲ အနားယူဆေးကုသမှုခံနေရသည့် ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်သည် လက်ရှိတွင် နာကျင်မှုဝေဒနာများ သက်သာပျောက်ကင်းလာခဲ့ပြီဖြစ်ပြီး လာမည့်ဧပြီလ ၁ ရက်နေ့တွင် ချယ်လ်ဆီးနှင့် စပါးတို့ယှဉ်ပြိုင်ကစားမည့် လန်ဒန်ဒါဘီ ပရီးမီးယားလိဂ်ပွဲစဉ်၌ ဒေးဗစ်လူးဝစ်ဇ်မှာ အသင်းအတွက် ပြန်လည်ပွဲထွက်ကစားပေးနိုင်ဖွယ်ရှိနေပြီဖြစ်စ်ကြောင်း ချယ်လ်ဆီးက ထုတ်ပြန်ကြေညာထားပြီလည်းဖြစ်သည်။

■ E-11

# ဖိလစ်ပိုင် SEA Games တွင် မြန်မာ့ရိုးရာခြင်းလုံး ပါဝင်နိုင်ရေး ကန်ဒေါ်လာလေးသောင်းခွဲကျော် သုံးမည်ဟုဆို

**ရန်ကုန်၊ မတ် ၂၂**

ဖိလစ်ပိုင်နိုင်ငံကအိမ်ရှင်အဖြစ် ၂၀၁၉ ခုနှစ်တွင်ကျင်းပမည့် အကြိမ် ၃၀ မြောက် SEA Games ပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ပါဝင်နိုင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာလေးသောင်းခွဲကျော် သုံးမည်ဟု မြန်မာနိုင်ငံရိုးရာချင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောကြားသည်။

မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းပါဝင်နိုင်ရေးအတွက် သရုပ်ပြ လှုံ့ဆော်မှုများကို ဖိလစ်ပိုင်နိုင်ငံအပြင် အာဆီယံဒေသတွင်း နိုင်ငံများတွင်ပါ လုပ်ဆောင်ရမည်ဖြစ်၍ အမေရိကန်ဒေါ်လာလေးသောင်းခွဲကျော် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း ၎င်းကပြောဆိုသည်။

"ကျွန်တော်တို့အနေနဲ့ ကိုယ့်အားကစားနည်းပြိုင်ပွဲမှာပါဖို့ အဲ့ဒီနိုင်ငံတွေကို သွားပြီး ဆွေးနွေးညှိနှိုင်းရတယ်။ သူတို့နိုင်ငံကအသင်းတွေ ဒီကိုလာပြီးလေ့ကျင့်နိုင်ဖို့ စီစဉ်ပေးရတယ်။ သရုပ်ပြကစားတာတွေ လုပ်ပေးရတယ်။ အဲဒီအတွက် ကုန်ကျစရိုတ်ကများတာ"ဟု၎င်းကဆိုသည်။

ယင်းသို့ ကုန်ကျစရိတ်များသော်လည်း ခြင်းလုံးအားကစားနည်းသည် SEA Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်များ ရယူပေးနိုင်သည့်အတွက် အဖွဲ့ချုပ်ဘက်က အကုန်အကျခံလုပ်ဆောင်နေခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မေလအတွင်း ဖိလစ်ပိုင်အိုလံပစ်ကော်မတီအကြီးအကဲများနှင့် တွေ့ဆုံညှိနှိုင်းရမည်ဖြစ်ပြီး အာဆီယံနိုင်ငံများသို့ သရုပ်ပြနည်းပြများ စေလွှတ်ပေးရန် စီစဉ်ထားသည်ဟု ယင်းအဖွဲ့ချုပ်အသိုင်းအဝိုင်းထံမှ သိရသည်။

မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းသည် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၂၇ ကြိမ်မြောက် SEA Games တွင် ပထမဆုံးအကြိမ်ပါဝင်လာခဲ့ပြီးနောက် ၂၈ ကြိမ်မြောက် စင်ကာပူ SEA Games၊ ၂၉ ကြိမ်မြောက် မလေးရှား SEA Games တို့တွင် ဆက်တိုက်ပါဝင်ခဲ့ရာ ယင်းပြိုင်ပွဲများတွင် မြန်မာခြင်းလုံးအားကစားအဖွဲ့သည် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ခဲ့သည့်အပြင် အရှေ့တောင်အာရှ ခြင်းလုံးအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။

■ J-04

# သီတင်းခြောက်ပတ်ခန့် ထပ်မံအနားယူပြီးပါက နေမာ ပြန်ကစားနိုင်တော့မည်


Daily Star

ရီယိုဒီဂျနေးရိုး၊ မတ် ၂၂

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး နေမာသည် ခြေမျက်စိနှင့် ခြေဖဝါးဒဏ်ရာများကို ခွဲစိတ်ကုသမှုခံယူလိုက်ပြီဖြစ်ပြီး လက်ရှိတွင် နေမာ၏ဒဏ်ရာအခြေအနေမှာ မူလက ထင်မှတ်ထားသည်နှင့်ဆန့်ကျင်စွာ ပျောက်ကင်းသက်သာမှုနှုန်း တိုးတက်လာသည့်အတွက် လာမည့်သီတင်းခြောက်ပတ်အတွင်း ဘောလုံးပြန်ကစားနိုင်ဖွယ်ရှိနေပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

နေမာသည် လက်ရှိအချိန်တွင် တုတ်ကောက်ကိုအားပြု၍ လမ်းလျှောက်နေရဆဲဖြစ်သော်လည်း ခြေထောက်လှုပ်ရှားမှုများကို ကောင်းမွန်စွာ ဆောင်ရွက်နေနိုင်ပြီဖြစ်ပြီး လွန်ခဲ့သည့်ရက်အနည်းငယ်က နေမာနှင့် ၎င်း၏အတူနေချစ်သူမိန်းကလေးတို့ညကလပ်တစ်ခုတွင် တွဲဖက်ကနေခဲ့သည့် ဗီဒီယိုဖိုင်တစ်ခုမှာလည်း အင်တာနက်လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေပြီဖြစ်သည်။

နေမာသည် ၎င်း၏မွေးရပ်မြေ ဘရာဇီးနိုင်ငံတွင်နေထိုင်၍ ဒဏ်ရာကို ဆေးကုသနေခြင်းဖြစ်ပြီး နေမာ၏ဒဏ်ရာအခြေအနေကို တာဝန်ယူကြပ်မတ် စစ်ဆေးပေးနေသူမှာ ဘရာဇီးလက်ရွေးစင်ဘောလုံးအသင်း၏အသင်းဆရာဝန် ရိုဒရီဂို လတ်စ်မာဖြစ်သည်။

အသက် ၂၆ နှစ်အရွယ်ရှိနေမာသည် ပီအက်စ်ဂျီက မာဆေးကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပြင်သစ်လီဂူးပွဲစဉ်တွင် ယင်းဒဏ်ရာများကို ရရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိဒဏ်ရာတိုးတက်မှုအခြေအနေအရ နေမာမှာ ပီအက်စ်ဂျီအသင်း၏ရာသီသိမ်းပွဲစဉ်များကို ပါဝင်ကစားပေးနိုင်ရန် အခွင့်အလမ်းများ ရှိနေပြီလည်းဖြစ်သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဒေါက်တာလတ်စ်မာက “နေမာရဲ့ဒဏ်ရာနဲ့ပတ်သက်လို့ ဘာတစ်ခုမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ အစောပိုင်းက ဒဏ်ရာသက်သာဖို့အတွက် သုံးလလောက် အချိန်ယူရနိုင်တယ် ယူဆထားခဲ့ပေမယ့် အခုအချိန်မှာတော့ ဒဏ်ရာသက်သာမှုက အံ့သြစရာ ကောင်းလောက်အောင်ကို တိုးတက်လာခဲ့ပါပြီ။ ဒီအခြေအနေအတိုင်းဆိုရင် လာမယ့်သီတင်းခြောက်ပတ်အတွင်းမှာပဲ နေမာက ဘောလုံးပြန်ကစားနိုင်တော့မှာပါ” ဟု ပြောကြားသွားခဲ့သည်။ ■E-11


Daily Mail

# လီဝန်ဒေါ်စကီးကိုခေါ်ယူနိုင်ရန် နီးစပ်နေပြီဖြစ်၍ ဟယ်ရီကိန်းကို လက်လျှော့လိုက်ရန် ရီးရဲလ်မက်ဒရစ် ဆုံးဖြတ်ထား

မက်ဒရစ်၊ မတ် ၂၂

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒေါ်စကီးကို ခေါ်ယူနိုင်ရန် အခြေအနေကောင်းမွန်နေပြီဖြစ်၍ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူမည့်အစီအစဉ်အား ယာယီဖျက်သိမ်းထားပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

လီဝန်ဒေါ်စကီးသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကာ ယင်းအတွက် ၎င်းကို ရီးရဲလ်မက်ဒရစ်က အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရရှိနိုင်မည့်အခွင့်အလမ်းကိုလည်း ပိုင်ဆိုင်ထားပြီဖြစ်သည်။

ရီးရဲလ်မက်ဒရစ်သည် လီဝန်ဒေါ်စကီးကို ၂ နှစ်သက်တမ်းစာချုပ်ဖြင့် ခေါ်ယူရန် မူအရ သဘောတူညီမှုရထားပြီဖြစ်ပြီး အကယ်၍ လီဝန်ဒေါ်စကီး၏စွမ်းဆောင်ရည်ကို နှစ်ခြိုက်သဘောကျခဲ့မည်ဆိုပါက ယင်းစာချုပ်၏ ကန်ထရိုက်သက်တမ်းကို တစ်နှစ် အလိုအလျောက် သက်တမ်းတိုးခွင့်ရနိုင်စေရန်လည်း ရီးရဲလ်မက်ဒရစ်က စီစဉ်ထားသည်။

ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်သည် အစောပိုင်း၌ အသင်းတိုက်စစ်ကို အင်အားဖြည့်တင်းရန်အတွက် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရရှိနိုင်မည်ဆိုပါက ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၂၀၀ အသုံးပြုရန်အထိ ရည်ရွယ်ထားခဲ့ပြီး လက်ရှိတွင် ဟယ်ရီကိန်းကိုခေါ်ယူရန် စောင့်ကြည့်မှုများရှိနေသည်မှာ မန်ယူဖြစ်သည်။

ဟယ်ရီကိန်းသည် ၎င်းအနေနှင့် လက်ရှိအချိန်တွင် စပါးကိုစွန့်ခွာရန် ဆန္ဒမရှိသေးကြောင်း ဖွင့်ဟအသိပေးထားပြီး အနိမ့်ဆုံးအဖြစ် စပါးအတွက် ဘောလုံးတစ်ရာသီခန့် ထပ်မံကစားပေးသွားဦးမည်ဖြစ်ကြောင်းလည်း ၎င်းက ကတိပြုထားသေးသည်။ ■ E-11

# အမျိုးသမီးဘောလုံးအသင်းဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း မန်ယူ ထုတ်ပြန်ကြေညာ



မန်ချက်စတာ၊ မတ် ၂၂

မန်ယူအသင်းသည် အမျိုးသမီးဘောလုံးအသင်း ဖွဲ့စည်းတည်ထောင်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်ပြီဖြစ်ကာ လက်ရှိတွင် အသင်းကို ပြိုင်ပွဲများ ပါဝင်ကစားခွင့်ရနိုင်စေရန်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)ထံသို့ လျှောက်လွှာတင်သွားထားရဆဲဖြစ်သည့်အတွက် တရားဝင်မိတ်ဆက် မပေးသေးခြင်းဖြစ်ကြောင်း မန်ယူက အသိပေးထားသည်ဟု The Mirror က ဖော်ပြထားသည်။

မန်ယူသည် လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများအနက်၌ အမျိုးသမီးဘောလုံးအသင်း ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိသည့် တစ်သင်းတည်းသောအသင်းအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပြီးသည့်နောက်တွင်မှ ယခုကဲ့သို့ အပြောင်းအလဲတစ်ရပ် လုပ်ဆောင်လိုက်ခြင်းဖြစ်ကာ အမျိုးသမီးဘောလုံးအသင်းဖွဲ့စည်းသည့် လုပ်ငန်းစဉ်များကို လွန်ခဲ့သည့်ဖေဖော်ဝါရီလကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ထားခဲ့ခြင်းဖြစ်ကြောင်း မန်ယူအသင်းဒုဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝါးဒ် က အသိပေးသွားခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)သည် လာမည့်ဧပြီလတွင် မန်ယူအမျိုးသမီးအသင်းကို ပြိုင်ပွဲများပါဝင်ကစားရန်အတွက် တရားဝင်ခွင့်ပြုချက်ပေးအပ်သွားဖွယ်ရှိနေပြီး ယင်းခွင့်ပြုချက်ရရှိသည်နှင့် ဒုတိယတန်းတွင် ပြိုင်ပွဲများပါဝင်ကစားရန် မန်ယူအမျိုးသမီးအသင်းက ဆောင်ရွက်သွားတော့မည်ဖြစ်သည်။

မန်စီးတီးအမျိုးသမီးအသင်းနှင့် အာဆင်နယ်အမျိုးသမီးအသင်းတို့သည် လက်ရှိတွင် ပြည်တွင်း၌သာမကဘဲ ဥရောပအဆင့်ပြိုင်ပွဲများတွင်ပါ အောင်မြင်မှုများရရှိနေပြီဖြစ်ပြီး အင်္ဂလန်အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း၏နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော မန်ယူနောက်ခံကစားသမားဟောင်း ဖီးလ်နဗီးလ်ကလည်း မန်ယူအမျိုးသမီးဘောလုံးအသင်းပေါ်ထွက်လာသည်မှာ အင်္ဂလိပ်ဘောလုံးလောကအတွက်အပြုသဘောဆောင်သောတိုးတက်မှုတစ်ရပ်ဖြစ်လာစေလိမ့်မည်ဟု အခိုင်အမာ ယုံကြည်ကြောင်း မှတ်ချက်ပေးပြောကြားသွားခဲ့သည်။ ■ E-11

## ကျောဖုံး - တောင်နှင့်မြောက်ကိုရီးယားခေါင်းဆောင်နှစ်ဦး၏ မှအဆက်


AP

တောင်ကိုရီးယားမှ သွားရောက်ဖျော်ဖြေမည့် K-Pop အနုပညာရှင်များအဖွဲ့တွင် မိန်းကလေးငါးဦးပါဝင်သည့် နာမည်ကျော် K-Pop အဖွဲ့ဖြစ်သော Red Velvet နှင့် တစ်ကိုယ်တော်အဆိုတော် ဆိုဟွမ်းလည်းပါဝင်မည်ဖြစ်သည်။

အဆိုပါ K-Pop အနုပညာရှင်များအဖွဲ့ကို နာမည်ကျော် တေးရေး၊ တေးဆို ယွန်းဆန်းက ဦးဆောင်မည်ဖြစ်သည်။

“ကျွန်တော်တို့ရဲ့ ဦးတည်ချက်က တောင်ကိုရီးယားပြည်သူတွေ မြောက်ကိုရီးယားဂီတပညာရှင်တွေကြောင့် ရင်ခုန်စိတ်လှုပ်ရှားခဲ့ကြရသလိုမျိုး မြောက်ကိုရီးယားပြည်သူတွေလည်း ရင်ခုန်စိတ်လှုပ်ရှားစေဖို့ပါပဲ”ဟု အဖွဲ့ခေါင်းဆောင် ယွန်းဆန်းက ပြောကြားသည်။

တောင်ကိုရီးယား ဆိုးလ်မြို့ရှိ Sangmyung တက္ကသိုလ်၊ Global Creation and Collaboration Center မှ ပါမောက္ခ ဆောင်ယွန်ချေးက “ဒါဟာ သံခင်းတမန်ခင်းတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရနှစ်ရပ်စလုံးက သူတို့ဟာ ထာဝရတည်တံ့မယ့် ငြိမ်းချမ်းရေး ဖော်ဆောင်ဖို့ ကြိုးစားနေတယ်ဆိုတဲ့အချက်ကို သူတို့ရဲ့ပြည်သူတွေကို ချပြချင်ကြလို့ပါပဲ” ဟု သုံးသပ်ပြောကြားသည်။ ■F-01

# FOREIGN AFFAIRS

## တောင်နှင့်မြောက်ကိုရီးယားခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးပွဲမစတင်မီ K-Pop ဒီပလိုမေစီဖြင့် တင်းမာမှုလျှော့ချရန် ကြိုးပမ်း

**ဆိုးလ်၊ မတ် ၂၂**

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံအကြား ဆွေးနွေးပွဲများမစတင်မီ တောင်ကိုရီးယားနိုင်ငံမှ ကေပေ့ါပ် (K-Pop) အက ဖျော်ဖြေရေးအဖွဲ့များကို မြောက်ကိုရီးယားနိုင်ငံက မြို့တော်ပြုံယမ်းသို့ လာရောက်ဖျော်ဖြေခွင့်ပြုလိုက်ရာ ကေပေ့ါပ် ဒီပလိုမေစီဖြင့် တင်းမာမှုများကို စတင်ပြေလျော့စေနိုင်ကြောင်း DW သတင်းဌာနက ရေးသားဖော်ပြသည်။

တောင်ကိုရီးယားအစိုးရအရာရှိများအဆိုအရ K-Pop ဂီတပညာရှင်နှင့် ဖျော်ဖြေရေးသမား စုစုပေါင်း ၁၆၀ ခန့်ပါဝင်သည့် အဖွဲ့သည် လာမည့် ဧပြီလဆန်းပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ပြီး သီဆို၊ ကပြဖျော်ဖြေရန် စီစဉ်ထားသည်။

နှစ်နိုင်ငံနယ်စပ်ဒေသရှိ ပန်မူဂျွန်မြို့တွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ၌ ယင်းသို့ မြောက်ကိုရီးယားနိုင်ငံသို့ တောင်ကိုရီးယားအနုပညာရှင်များ စေလွှတ်ကာ ဖျော်ဖြေပွဲပြုလုပ်ရန် နှစ်ဖက်အစိုးရကိုယ်စားလှယ်များက သဘောတူညီခဲ့ကြသည်။

တောင်ကိုရီးယား K-Pop အနုပညာရှင်များသည် မတ်လ ၃၁ ရက်နေ့တွင် ပြုံယမ်းသို့ထွက်ခွာမည်ဖြစ်ပြီး အရှေ့ပြုံယမ်းဂရန်း ကဇာတ်ရုံနှင့် ရူဂျွန်ဂျူး ကဇာတ်ရုံတို့တွင် နှစ်ကြိမ်ဖျော်ဖြေရန် စီစဉ်ထားသည်။

အဆိုပါဖျော်ဖြေပွဲများသည် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ နှစ်ဦး၏ ထိပ်သီးဆွေးနွေးပွဲ မစတင်မီ သီတင်းပတ်အနည်းငယ်တွင် ပြုလုပ်မည်ဖြစ်သည်။

ယခုလို တောင်ကိုရီးယားနိုင်ငံ၏ နာမည်ကျော် လူကြိုက်များသည့် K-Pop အနုပညာရှင်များ မြောက်ကိုရီးယား၌ သွားရောက်ဖျော်ဖြေမည့်အစီအစဉ်သည် မြောက်ကိုရီးယားအဆိုတော်နှင့် ဂီတပညာရှင်များမကြာသေးခင်က တောင်ကိုရီးယားတွင် ကျင်းပပြီးစီးသွားသော ဆောင်းရာသီအိုလံပစ်ပွဲတော်သို့ သွားရောက်ဖျော်ဖြေပြီးနောက် စီစဉ်လာခြင်းလည်းဖြစ်သည်။

ထို့ပြင် ပါဝါအပျော့ကိုအခြေခံသည့် K-Pop ဒီပလိုမေစီကြောင့် တောင်နှင့်မြောက်ကိုရီးယားအကြား နှစ်ပေါင်း ၇၃ နှစ်တာကာလကြာမျှ လိပ်ခဲတည်းလည်းဖြစ်ခဲ့မှုများနှင့် တင်းမာမှုများကို အမှန်အကန်ဖြေလျှော့ပေးနိုင်လိမ့်မည်ဟု အစိုးရအရာရှိကြီးများက မျှော်လင့်ထားကြသည်။

စာ - 31




ALSO IN NEWS

### လူနေအိမ်အောက်မှာ လာခိုအောင်းနေတဲ့ ဝက်ဝံနှစ်ကောင်

ကယ်လီဖိုးနီးယား မြို့လေးတစ်မြို့က ဒေသခံများဟာ အိမ်တစ်အိမ်ရဲ့အောက်ဘက်မှာ အသိုက်လုပ်ပြီး လာရောက်နေထိုင်နေတဲ့ ဝက်ဝံနှစ်ကောင်ကို မျက်မြင်ဒိဋ္ဌတွေ့ရပြီး ဗီဒီယိုရိုက်ကူးနိုင်ခဲ့ပါတယ်။ ဝက်ဝံဟာ သားအမိဖြစ်တယ်လို့ သတင်းများက ဆိုပါတယ်။ အိမ်နီးချင်းနေအိမ်ရဲ့အောက်ထဲမှာ ဝက်ဝံသေးသေးလေးရှိတာကို သူတို့မိသားစုက သိခဲ့ပါတယ်လို့ အိမ်နီးချင်း ဂျော့ဟူပါက ပြောကြားပါတယ်။ ဒါပေမဲ့ ဝက်ဝံမကြီးပါ ထွက်လာတဲ့အခါမှာတော့ သူတို့အားလုံး လန့်သွားခဲ့ရတာ ဖြစ်ပါတယ်။

"ဝက်ဝံကြီးတစ်ကောင်ဟာ ဟိုဘက်အိမ်အောက်မှာ နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီအောက်ကို ပြန်ဝင်သွားတဲ့ ဝက်ဝံကြီးကို မြင်ခဲ့ရပါတယ်" လို့ ဟူပါကဆိုပါတယ်။

သားရိုင်းတိရစ္ဆာန်တွေခိုအောင်းရာနေရာများ တဖြည်းဖြည်းနည်းလာတဲ့အခါ သူတို့လည်း လူတို့နေထိုင်ရာ လူ့ပြည်ရွာကို မကြာခဏနယ်ကျော်လာတတ်ပါသတဲ့။ ■F-02



### ရေမြောင်းထဲက ကယ်လာတဲ့ မြေခွေးပေါက်စကလေးတွေ

အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုပြည်နယ်က မီးသတ်သမားများဟာ ရေနုတ်မြောင်းထဲရောက်နေတဲ့ ခွေးပေါက်စလေးတစ်အုပ်ကို ကယ်တင်လိုက်ပါတယ်။ နောက်ပိုင်းမှ ပြန်သိရတာကတော့ သူတို့ကယ်လိုက်တဲ့ ခွေးကလေးတွေဟာ မြေခွေးပေါက်စလေးတွေ ဖြစ်နေတာပါပဲ။ လာပစ်ထားတယ်လို့ထင်ရတဲ့ မြေခွေးပေါက်စလေးတွေဟာ ချစ်စဖွယ်ဖြစ်ပြီး မီးသတ်ဌာနက ထိုဓာတ်ပုံကို Twitter မှာ တင်ထားလိုက်ပါတယ်။ ဆေးရုံနားက ရေနုတ်မြောင်းထဲကို အဆိုပါမြေခွေးပေါက်စလေးတွေ ဘယ်လိုကနေ ဘယ်လို ရောက်လာတယ်ဆိုတာ မသိနိုင်လောက်အောင်ပါပဲ။ မြေခွေးပေါက်စလေးတွေကို တိရစ္ဆာန်စောင့်ရှောက်ရေးဂေဟာ ခေါ်အသွားမှာ သူတို့ဟာ ခွေးမဟုတ်ကြောင်း သိလိုက်ရတာပါ။

"ဒီရာသီက တိရစ္ဆာန်တွေ သားပေါက်တဲ့အချိန်ပါ။ ကျွန်တော်တို့ အပန်းဖြေသွားတဲ့နေရာမှာ အဲဒီလိုပေါက်စလေးတွေနဲ့ တွေ့နိုင်ပါတယ်" လို့ သားရိုင်းဌာနမန်နေဂျာ ထရာဗစ်စ်ဆော်ဒါက ပြောကြားပါတယ်။ ■ F-02

